ရောင်းမှ

The Mirror Daily

၁၉၅၇ ဖေဖြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ လောကဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday 8 November 2019 ၉၈၂၇

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် ကရင်အမျိုးသား အစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဘားအံ နိုဝင်ဘာ ၇

၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် သဘာဝတိအဖြစ် ကရင်ပြည်နယ် လွတ်တော်ဥက္ကဋ္ဌ စောချစ်ခင်ကဆောင်ရွက်ပြီး သဘာဝတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် စောစံလင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ စောကျော်ဝင်းမောင်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့သည်။ **သတင်းစဉ်**

ရောင်းမှ ယနေ့ ဖတ်စရာ

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် တစ်နိုင်တစ်ပိုင် မွေးမြူရေးခြံများ ဆောင်ရွက်ထားရှိ

စာမျက်နှာ » ၇

သစ်ပင်သစ်တောပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန် တိုက်တွန်းကြောင်းအဆို လက်ခံဆွေးနွေးရန် သဘောတူ

စာမျက်နှာ » ၈

မြန်မာ-ဂျပန် အတူတကွ ပူးပေါင်းဆောင်ရွက်မှု ပဏာမခြေလှမ်း ဖြစ်ပေါ်တိုးတက်မှု (အဆင့်-၂) သတ္တမအကြိမ် အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၁၀

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၅၆/၂၀၁၉) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၅၆/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးထွန်းအောင် (၁)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဥာဏ စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်း အောင် (၁) ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော် ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

မိုးလေမလွတ်ကင်း ဝိုင်းဝန်းဖေးမကူညီ

ရာသီကာလအားဖြင့် သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ ပွင့်လင်းရာသီဆိုသော်လည်း မိုးလေမကင်းဘဲရှိနေသေးသည်။ မိုးလေမကင်းရသည့် အကြောင်းတွင် လက်ရှိဘဂ်လားပင်လယ်အော်၌ ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်နှင့်ဆက်စပ်ပေသည်။ အဆိုပါမုန်တိုင်းငယ်သည် နောက်ရက်အတွင်း နိုဝင်ဘာ ၉ ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။

အဆိုပါမုန်တိုင်း၏လားရာမှာ လက်ရှိတွင် မြန်မာနိုင်ငံဘက်သို့ ရွှေ့လျားဖွယ်ရာမရှိနိုင်သော်လည်း ခန့်မှန်းရမလွယ်ကူသည့် သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ အကယ်၍ ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံဘက်သို့ ဦးမတည်လျှင်လည်း မုန်တိုင်းအရှိန်ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုတွင် နှစ်ရက်ခန့် မိုးဆက်လက်ရွာမည်ဟု မိုးလေဝသနှင့်ဇလဗေဒဌာနမှ အသိပေးထားသည်။

ကမ္ဘာပေါ်တွင်ရာသီဥတုပြောင်းလဲမှုသည် အစဉ်အမြဲဖြစ်ပေါ်နေသည်။ ယနေ့ရွာသွန်းနေသောမိုးမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်သည်။ ဘဂ်လားပင်လယ်အော်ရှိ ယခုဖြစ်ပေါ်နေသော မုန်တိုင်းနှင့် ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဝါလကင်းလွတ်သည့် အချိန်အခါ၌ မိုးလေကင်းစင်ပြီဖြစ်၍ စပါးကောက်နှံများ ရိတ်သိမ်းခြွေလှေ့ ရောင်းချရမည့်အချိန်တွင် ယခုအဖျက်မိုးကို သတိပြုရမည်ဖြစ်သည်။

ယခင်က အနောက်တောင်မုတ်သုံလေဆုတ်ခွာလျှင် မိုးရွာသွန်းမှုကိစ္စ ပြီးဆုံးသည်။ ယခုဤသို့မဟုတ်ပြီ။ အချိန်အခါမဟုတ်ရွာသောမိုး၊ တောင်သူလယ်သမားများအတွက် အဖျက်မိုးကို မည်သို့မည်ပုံရင်ဆိုင်မည်ကို စီစဉ်ကြရမည်ဖြစ်သည်။ အမှန်တွင် မိုးလေကင်းသောကာလဖြစ်သော်လည်း အောက်တိုဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာကာလများ၌ဘဂ်လားပင်လယ်အော်တွင် မုန်တိုင်းများ သုံး၊ လေးကြိမ်ဖြစ်လေ့ရှိသည်။ အပူပိုင်းမုန်တိုင်းသဘောဖြစ်ပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်တတ်၊ အကျိုးသက်ရောက်တတ်သည်။

မြန်မာနိုင်ငံ မိုးလေဝသသမိုင်းတွင် မုန်တိုင်းနှင့်ပတ်သက်၍ မိုးတွင်းကာလ၊ မိုးလွန်ကာလတို့၌ မုန်တိုင်းအရေအတွက်မှာ တစ်ဝက်စီခန့်ရှိသည်။ မိုးတွင်းကာလတွင် မုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံဖြစ်ပြီး မိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်တတ်သည်။ မိုးလွန်ကာလတွင် အခါမဟုတ်ရွာသွန်းသည့်အဖျက်မိုးကြောင့် ဆောင်းသီးနှံ၊ နွေသီးနှံများပျက်စီးရသည်။ ထို့ကြောင့် တောင်သူလယ်သမားများအတွက် အထူးသတိထားရမည့်အချက်မှာ သီးနှံဖျက်မိုး ဖြစ်သည်။

မုန်တိုင်းအရှိန်ကြောင့် ရွာသွန်းတတ်သော ဖျက်မိုးအပြင် အရှေ့လေပွေလှိုင်းများကြောင့် ရွာသွန်းသော ဖျက်မိုးကိုလည်း သတိပြုရမည်ဖြစ်သည်။ ထို့အပြင် မိုးတိမ်တောင်များကြောင့်သော်လည်းကောင်း၊ ဆောင်းရှေ့ပြေးအနောက်လေအေးများက မုတ်သုံလေနေရာတွင် အစားထိုးဝင်ရောက်နေရာယူသောကြောင့်လည်းကောင်း တောင်သူလယ်သမားများနှင့်မိုးသည် ရန်သူ၊ မိတ်ဖက် ဖြစ်နေပေသည်။ တောင်သူနှင့်မိုးမှာ အစဉ်လုံးဖက်နေရသည်။ မိုးကြောင့် အကျိုးရှိသလို မိုးကြောင့် အကျိုးယုတ်မှုများကို အစဉ်ဆန်းစစ်ဖွေရှာနေရမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် အချိန်အခါမဟုတ်ရွာသွန်းသောမိုးကြောင့် တောင်သူလယ်သမားများသာမက စားနပ်ရိက္ခာ ဖွေရှာသောသူများအတွက်အခက်ကြုံစေနိုင်ပါသည်။ အထူးသဖြင့် ထိခိုက်မှုအများဆုံးမှာ တောင်သူလယ်သမားများဖြစ်၍ တောင်သူလယ်သမားများ ကူညီထောက်ပံ့ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်နှင့် လူထု၏ကျေးဇူးရင်ဖြစ်သည့် တောင်သူလယ်သမားများ နစ်နာမှုလျော့ပါးရေးကို ပံ့ပိုးဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိုးလွန်ကာလ အချိန်အခါမဟုတ် ရွာသွန်းဖြိုးသော မိုးအမျိုးမျိုးတို့ကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှု လျော့နည်းစေရေးအတွက် မိုးမရွာသွန်းမီ အမိုးအကာအောက်ရောက်ရှိရေး၊ မိုးရွာသွန်းလျှင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးသီးနှံများ ထိခိုက်နစ်နာမှုရှိလျှင် ကူညီထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်

သထုံ နိုဝင်ဘာ ၇
သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ အဆင့်မြင့်မော်တာအပ်ချုပ်စက် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပရာ အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ဝန်ထမ်းများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အသက်မွေးဝမ်းကျောင်း သင်တန်း (အခြေခံစက်ချုပ်) ကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် သထုံမြို့၌ သုံးကြိမ်၊ ကျိုက်ထိုမြို့နယ်တွင် သုံးကြိမ်၊ ဘီးလင်းမြို့နယ်တွင် သုံးကြိမ်နှင့် ပေါင်မြို့နယ်တွင် သုံးကြိမ်၊ သထုံခရိုင် ရုံးတွင် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်း နှစ်ကြိမ်၊ လူသုံးကုန်ပစ္စည်း (ခေါင်းလျှော်ရည်၊ ဆပ်ပြာအမျိုးမျိုး) ပြုလုပ်နည်းသင်တန်း တစ်ကြိမ်၊ စုစုပေါင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်း ၁၅ ကြိမ် ဖွင့်လှစ်သွားမည် ဖြစ်ပြီး မြို့နယ်များရှိ ကျေးရွာအသီးသီးမှ အဆိုပါသင်တန်းများ တက်ရောက်ပြီးသူများသည် စက်ချုပ်ပညာရပ်ဖြင့် အလုပ်အကိုင်အခွင့် အလမ်းများရရှိပြီး လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

မိုးဝင်း (သထုံခရိုင်/ကျေးလက်)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၁၁-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁,၅၀၀	၁၁,၀၀၀	၄၄၈	၄,၉၆၁,၅၀၀
MTSH	၃,၉၅၀	၃,၉၅၀	၃,၃၇၉	၁၃,၃၄၇,၀၅၀

MCB	၈,၂၀၀	၈,၂၀၀	၇၆	၆၂၃,၂၀၀
FPB	၂၃,၀၀၀	၂၃,၀၀၀	၁,၁၃၁	၂၆,၀၁၃,၀၀၀
TMH	၃,၀၀၀	၃,၀၀၀	၁၄၃	၄၂၉, ၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၇

ရန်ကုန်(ရွှေဈေး) ၁၂၀၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၀၆၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**		**မန္တလေး**	
(က) ဒီဇယ်	တစ်လီတာ	၉၀၀/၉၆၀ ကျပ်		၉၆၅/၉၇၅	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၉၂၀/၉၆၀ ကျပ်		၁၀၁၅	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၈၂၀/၈၆၅ ကျပ်		၈၉၅/၉၁၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၁၀/၉၇၅ ကျပ်		၉၈၀/၉၉၀	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၅၁၈.၁
(ခ) ဥရောပ	တစ်ယူရို	=	၁၆၈၂.၄
(ဂ) တရုတ်	တစ်ယွမ်	=	၂၁၇.၄၀
(ဃ) ထိုင်း	တစ်ဘတ်	=	၅၀.၀၂၈
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၆၇.၈၀
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁.၄၀၄
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၉၃.၁
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၁.၄၀
(စျ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၄၇.၆
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၁၈.၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂စ၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂စ၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

❍ ရှေ့ဖုံးမှ

(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အလေးပြု

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ကရင်ပြည်နယ်ပါကြောင်း။

မိမိတို့အား ဂုဏ်ပြုဖျော်ဖြေကြသည့် ဒုံးယိမ်းအဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဒုံးယိမ်းကကွက်များမှာ ဆန်းပြားပြီး ကကြိုးများမှာလည်း စုံလင်ပါကြောင်း၊ တီးလုံးသံစဉ် အနိမ့်အမြင့် အများအပြားပါဝင်သည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း ခေါင်း၊ ခါး၊ ခြေ၊ လက် ဟန်ချက်ညီစွာဖြင့် မမောနိုင် မပန်းနိုင် အပြုံးပန်းများဖြင့် ကသွားခြင်းသည် ရင်ထဲတွင် စွဲထင်ကျန်ရစ်စေပါကြောင်း၊ ကကြိုးကကွက်များပြားသော်လည်း တစ်ဦးနှင့်တစ်ဦး ထိန်းညှိပြီး ဟန်ချက်ညီညီဖြင့် ကပြသွားသကဲ့သို့ တိုင်းရင်းသားများအားလုံး ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြည်ထောင်စုကြီးအတွက် လွန်စွာကြီးမားသည့်အင်အားတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ လွတ်တော်ဥက္ကဋ္ဌ စောချစ်ခင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် သဘာပတိကြီးနှင့်တကွ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့ ကျရောက်သည့် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ပေးရန် ဖိတ်ကြားသည့် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်သို့ လာရောက်သည့်အခါတွင် လှိုက်လှဲပျူဂ္ဂာစွာ ကြိုဆိုနှုတ်ဆက်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကို ကျေးဇူးတင်ပါကြောင်း။

အေးချမ်းသာယာမှုကို ဖော်ဆောင်

ကရင်ပြည်နယ်သည် ထူးခြားသည့်အင်္ဂါရပ်များရှိပါကြောင်း၊ ဖားစည်သည် အောင်အတိတ်၊ အောင်နိမိတ်ကိုဆောင်သည့် အောင်စည်ဖြစ်ပါကြောင်း၊ ထို့အတူ အေးချမ်းသာယာမှုကို ဖော်ဆောင်သည့် အဓိပ္ပာယ်လည်း ဖြစ်ပါကြောင်း၊ ဖားစည်၏အလယ်တွင် တက်နေခြည်ဖြာနေသည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ငြိမ်းချမ်းရေးရောင်ခြည်ဖြာမည်ဆိုသည့် သဘောအဓိပ္ပာယ်ကို ဆောင်ကရင်ဒုံးယိမ်းကရာတွင် ဖျတ်လတ်သွက်လက်တက်ကြွစွာ မမောနိုင်မပန်းနိုင်ဘဲ အပြုံးပန်းများဝေဆာပြီး ကပြသွားသကဲ့သို့ မိမိတို့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအတွက်လည်း မမောနိုင်မပန်းနိုင်ဘဲနှင့် ပန်းတိုင်ရောက်အောင် အပြုံးပန်းကိုယ်စီဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှုပေးပြီး ဆက်လက်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မဖြစ်မနေ တည်ဆောက်မည်

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မဖြစ်မနေ တည်ဆောက်မည်ဆိုသည့် စိတ်ပိုင်းဖြတ်ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ နှစ်ပေါင်းများစွာ လိုလားတောင့်တနေသည့် ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အခွင့်အရေး တစ်နည်းအားဖြင့် ခံစားသင့်ခံစားထိုက်သည့် ဒီမိုကရေစီအခွင့်အရေး၊ ရသင့်ရထိုက်သည့် ဖက်ဒရယ်အခွင့်အရေးများ၊ တိုင်းရင်းသားများ၏ အခြေခံအခွင့်အရေးများ၊ တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စသည့် ကိစ္စရပ်များကို မိမိတို့ကြိုးပမ်းအားထုတ် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင် အားလုံးပိုင်းဝန်းပူးပေါင်းပြီး ကရင်ဒုံးယိမ်းကသကဲ့သို့ တက်ညီလက်ညီ၊ သွက်သွက်လက်လက်နှင့် ဟန်ချက်ညီညီ ထိန်းညှိပြီး ဆောင်ရွက်သွားကြမှသာ ပန်းတိုင်ကိုရောက်မည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သည်ဆိုရာတွင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ဆန္ဒတူညီမှုများအပေါ်တွင် အခြေခံပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်နှင့်အညီ မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီကိုယ်င ထားကြရန်လိုအပ်ပါကြောင်း၊ မိမိအနေဖြင့် ခံစားမိသည်မှာ တိုင်းရင်းသားများသည် ပြည်ထောင်စုဥယျာဉ်ကြီးထဲတွင် ဖူးပွင့်ဝေဆာနေသော အရောင်အသွေးစုံလင်သည့် ပန်းများဖြစ်ပါကြောင်း၊ အဆင်အသွေး၊ အရောင်များစုံလင်သည့် တိုင်းရင်းသားများအားလုံးတွင်လည်း သဘောထား၊ အယူအဆမတူညီကြသည့် အသွင်ကွဲအဆင်ကွဲများ ရှိကြမည်ဖြစ်ပါကြောင်း၊ ယင်းအသွင်ကွဲ

စာမျက်နှာ ၄ သို့ ❍

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည် ကြည့်ရှုစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပြခန်းများနှင့် ဗျော်ပွဲရွှင်ပွဲမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

◎ စာမျက်နှာ ၃ မှ

အဆင်ကွဲများကိုလည်း မိမိတို့တိုင်းရင်းသား အချင်းချင်း၊ တစ်မြေတည်းနေ တစ်ရေတည်း သောက် နှစ်ပေါင်းများစွာ လက်တွဲလာခဲ့ကြသည့်၊ ကျေးချင်းကပ် ရင်ချင်းအပ်လာကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြည်ထောင်စု အတွက် အမှန်တကယ် တန်ဖိုးရှိသည့် ရသေ့ပျံဂူ စသည့် ထင်ရှားသည့် ဂူများရှိပါကြောင်း၊ ကော့ဂွန်းဂူတွင်ရှိသည့် ဗိဿနိုး နတ်ရုပ်များသည် ပုဂံခေတ်ထက် စောပါကြောင်း၊ ဘုရားဆင်းတုတော်များလည်း သောင်းကျော်ရှိပါကြောင်း၊ ထိုဂူတွင်ရှိသည့် မွန်ကျောက်စာများသည်လည်း နှစ်ပေါင်း ထောင်ကျော်နေပြီ ဖြစ်ပါကြောင်း၊ ယင်းတို့မှာ ပြည်နယ်ဘဏ္ဍာငွေရရှိရေးအတွက် လွန်စွာ ဆွဲဆောင်အားကောင်းသည့် ခရီးသွားနေရာများ ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်သည် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်သွားမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ဆက်လက်ခံစားနိုင်ရန်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးရရှိရန် မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ တစ်နည်း အားဖြင့် ကရင်ပြည်နယ်တွင် ထင်ရှားသည့် ဂွဲကပင်တောင်ကို သက်သေတည်ပြီး တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းပါသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပြခန်းများနှင့် ဗျော်ပွဲရွှင်ပွဲမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၉ ခုနှစ် (၆၄) နှစ်မြောက် ကရင်သည် ဘားအံမြို့ ဟိုတယ်ဧုန်သို့ရောက်ရှိကြရာ ဂွဲကပင်ဟိုတယ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်တို့က ကရင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီး ဒေါ်ချိုချိုနှင့်အဖွဲ့ဝင်များ ကရင်ဒုံးယိမ်းအဖွဲ့များ၏ ဖျော်ဖြေကပြမှုကို ကြည့်ရှုအားပေးစဉ်။

စုပေါင်းအင်အား ဖြစ်ပါကြောင်း။

ကရင်ပြည်နယ်သည် ရှေ့ဆက်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာများရှိပါကြောင်း၊ ထို့ကြောင့် မိမိသည် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အထောက်အပံ့ပေးနိုင်မည့် ပြည်ထောင်စုဝန်ကြီးအချို့နှင့် အတူ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်တွင် ကော့ဂွန်း၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားသာချက်များ များစွာရှိပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေး အလင်းရောင်ရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအသီး အပွင့်များ ခံစားနေရပြီဆိုသည်ကို အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိပြီဆိုပါက ပြည်ထောင်စုကြီး တစ်ခုလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပြခန်းများနှင့် ဗျော်ပွဲရွှင်ပွဲ မုခ်ဦးဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်၊ တရားလွှတ်တော်တရားသူကြီးချုပ် စောစံလင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘားအံမြို့ ကန်သာယာကန်အတွင်း ကျင်းပသည့် (၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် ရိုးရာလေ့လေ့ာ်ပြိုင်ပွဲအား ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ဘားအံယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သဘော်ဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် ဘားအံကမ်းနားလမ်း သာယာလှပရေးနှင့် လမ်းတိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေတိုအကျိုးကို မကြည့်ဘဲ ရေရှည်အကျိုးကို ကြည့်၍ ဆောင်ရွက်စေလိုပါကြောင်း၊ မိမိအကျိုး အတွက်သာမက ဒေသအကျိုး၊ နိုင်ငံတော် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာ၊ စာပေစကား၊ ဓလေ့ထုံးစံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန် လိုကြောင်း ပြောကြားသည်။

ပြန်လည်ရောက်ရှိ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် တပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

မိမိတို့တိုင်းရင်းသားအချင်းချင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် နှစ်ပေါင်းများစွာ လက်တွဲလာခဲ့ကြသည့်၊ ကျေးချင်းကပ် ရင်ချင်းအပ်လာကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြည်ထောင်စု အတွက် အမှန်တကယ် တန်ဖိုးရှိသည့် စုပေါင်းအင်အား ဖြစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး သမိုင်းကြောင်းတစ်လျှောက် ချစ်ကြည်ရေးကောင်းမွန်ခဲ့သည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံက အလှူငွေများနှင့် အခြားလိုအပ်သည်များ လှူဒါန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မည်သည့်နိုင်ငံမဆို မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ဖွဲ့စည်းပုံ စနစ်မျိုးကိုသာ ကျင့်သုံးသင့်သည့်အခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်ကစိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုက်ပွဲများမဖြစ်ပွားသည့် ဒေသများတွင် အေးချမ်းတည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လုပ်ဆောင်လာနိုင်သည့် အခြေအနေများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



သတင်းစဉ်

❍ ဒုတိယသမ္မတမှ

အစည်းအဝေးတွင် ဒုတိယသမ္မတ က (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် "၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ"ကို ဒုတိယသမ္မတ ဦးဆောင်၍ (၃၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီကချမှတ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ၁၀ ခုကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့်လည်း လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို အောင်အောင်မြင်မြင်နှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သေချာစွာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ဆောင်ရွက်သွားရန်လိုအပ်

ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း ၂၁ ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး(၃)ချက်နှင့် ဆောင်ရွက်ဆဲ ၁၈ ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရန်နှင့် ယခင်နှစ်က ကျင်းပခဲ့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားအပေါ် ပြန်လည်သုံးသပ်သည့် အစည်းအဝေးဆုံးဖြတ်ချက် (၂၉)ချက်ကို လည်း အလေးအနက်ထားအကောင်အထည်ဖော် ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွတ်လပ်ရေးနေ့အခမ်းအနားများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပသွားကြရန်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြီး နိုင်ငံရေးအနှစ်သာရပြည့်စုံစွာ ကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပခဲ့သည့် အခမ်းအနားများ၏ အတွေ့အကြုံများအပေါ် အခြေခံ၍ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပသည့် ပုံစံအတိုင်း နံနက်ပိုင်းတွင် "နိုင်ငံတော်အလံတင်အခမ်းအနား" နှင့် "နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား" ပြုလုပ်သွားမည်ဖြစ်ပြီး ညနေပိုင်းတွင် "နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား" ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ လစ်ဟာမှုမရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်မည့် အင်အားစာရင်းနှင့် တာဝန်ကျသည့် ဝန်ထမ်းအင်အားစာရင်းများ ကွာဟမှုမရှိစေရေး သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အသေးစိတ်ပေါင်းစပ်ညှိနှိုင်းသွားကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မီးရှူးမီးပန်းများပစ်ဖောက်ရာတွင်လည်း အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ကြိုတင်ဇာတ်တိုက်လေ့ကျင့်

အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ ဝင်/ထွက်မှုအဆင်ပြေစေရေး၊ ကြိုဆိုနေရာချထားမှုအပိုင်းတွင် လစ်ဟာမှုမရှိစေရေး၊ ကျွေးမွေးဧည့်ခံမှုအပိုင်းနှင့် ဖျော်ဖြေရေးအပိုင်းတို့တွင် အဆင်ပြေစနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် ပူးပေါင်းညှိနှိုင်းကာ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်များ အချိန်မီဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများ အနေဖြင့် ကြိုတင်စီမံဆောင်ရွက်သွားကြရန်၊ ဆပ်ကော်မတီများ၏ အသုံးစရိတ်များကို သေချာစွာစိစစ်တွက်ချက်၍ တင်ပြသုံးစွဲသွားကြရန်နှင့် ရာသီဥတုအခြေအနေသည် ခန့်မှန်းမရနိုင်သဖြင့် အခမ်းအနားအားလုံးအတွက် Plan A အပြင် Plan B ကို ထည့်သွင်းပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း။

ပွင့်ပွင့်လင်းလင်းတင်ပြ

အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက် (၂၁)ချက်နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီကဆောင်ရွက်ရမည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် "နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို တိုင်းမှူးဗိုလ်ချုပ်မြင့်မော်က လည်းကောင်း၊ "နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က လည်းကောင်း၊ "လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က လည်းကောင်း၊ "မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန့်ဇင်က လည်းကောင်း၊ "လုံခြုံရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သိန်းဦးတို့က လည်းကောင်း၊ "ပြန်ကြားရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်နှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်တို့က လည်းကောင်း၊ "နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း ကလည်းကောင်း၊ "ကျန်းမာရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက လည်းကောင်း၊ "အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ "စာရင်းစစ်ဆေးရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ပုဂံဒေသရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ပုဂံဒေသ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

ပုဂံဒေသရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ပုဂံဒေသ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan International Coordinating Committee– BICC)၏ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့က ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

အလားတူ ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်၊ ကိုရီးယားသမ္မတနိုင်ငံသံမှူးကြီး၊ ကိုရီးယားသမ္မတနိုင်ငံ Cultural Heritage Administration၊ UNESCO ရန်ကုန်တာဝန်ခံတို့ကလည်း အမှာစကားပြောကြားခဲ့ကြပြီး Korea Cultural Heritage Foundationမှ ထုတ်ဝေထားသည့် စာအုပ်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ငလျင်အလွန် မူလအခြေအနေအတိုင်း ထိန်းသိမ်းခြင်းလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအစီရင်ခံစာများကို မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ Technical Expert Team (TET) နှင့် Technical Support Team(TST) တို့မှ တာဝန်ရှိသူများက တင်ပြကြသည်။

ဆက်လက်၍ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အလှူငွေလက်ခံရရှိခြင်းနှင့်ပတ်သက်ပြီး တိုးတက်မှုအစီရင်ခံစာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မူလအခြေအနေအတိုင်းထိန်းသိမ်းခြင်းလုပ်ငန်းများ တိုးတက်မှုအစီရင်ခံစာ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မူလအခြေအနေအတိုင်း ထိန်းသိမ်းခြင်းနှင့် နံရံဆေးရေးပန်းချီထိန်းသိမ်းရေးလုပ်ငန်း အစီရင်ခံစာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖတ်ကြားတင်ပြခဲ့ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂံဒေသအားကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျာမနီနိုင်ငံ (Cologne Institute of Conservation Science)၊ ဂျာမနီနိုင်ငံ(GEKE)၊ ကိုရီးယားသမ္မတနိုင်ငံ(KCHF)၊ အမေရိကန်နိုင်ငံအခြေစိုက် Getty Conservation Institute(GCI) နှင့် SEAMEO SPAFA တို့မှ တာဝန်ရှိသူများက တင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်ပပညာရှင် Mr. Rodolfo Lujan, Expert Technical Advisory Group နှင့် Mr. Aurn Menon, Expert, Technical Advisory Group တို့က ငလျင်အလွန် မူလအခြေအနေအတိုင်း ထိန်းသိမ်းရေးလုပ်ငန်းတိုးတက်မှုများ၊ Technical Expert Team မှ ယခုဆောင်ရွက်နေသောလုပ်ငန်းများ အပေါ်အခြေခံ၍ အနာဂတ်တွင် လုပ်ဆောင်မည့်လုပ်ငန်းအစီအစဉ်များကို တင်ပြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တင်ပြခဲ့သည့် အစီရင်ခံစာများနှင့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

ကျွန်ုပ်တို့ မြင်ချင်သော အနာဂတ်ရန်ကုန်မြို့တော်

ခင်လပြည့်ဝန်း

"ကျွန်ုပ်တို့ မြင်ချင်သော အနာဂတ်ရန်ကုန်မြို့တော်" ဆွေးနွေးပွဲကို မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းတို့ ပူးပေါင်းပါဝင်ကျင်းပခဲ့ပါတယ်။

ဆွေးနွေးပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမမှာ လုပ်ခဲ့တာပါ။ အဲဒီဆွေးနွေးပွဲကို စက်တင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက် နှစ်ရက်တာ ကျင်းပခဲ့ပါတယ်။ ကျွန်မက ဒုတိယနေ့မှာ တက်ခဲ့ရပေမယ့်လည်း တစ်ရက်ဆို ဆိုသလောက် တကယ် အကျိုးရှိတာပါ။

နံနက်ပိုင်းမှာ ဦးဆောင်ဆွေးနွေးသူက မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (Myanmar Independent Living Initiative–MILI) က ဒေါ်ယုယုဆွေပါ။ ပါဝင်ဆွေးနွေးသူများက ဒေါ်ယုယသူ၊ ဦးနေဝင်းနိုင်၊ ဒေါက်တာဆွေဆွေအေး၊ ဦးဇော်လင်းထွန်းတို့ပဲဖြစ်ပါတယ်။ ဆွေးနွေးကြတဲ့ အကြောင်းအရာတွေက အားလုံးလက်လှမ်းမီရယူအသုံးပြုနိုင်မှုဆိုင်ရာ ဥပဒေမူဘောင်များ၊ စံနှုန်းများနဲ့ ၎င်းတို့ကိုဖော်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ Legal Frameworks on Accessibility, Accessibility Standards and Cost– effectiveness ဖြစ်ပါတယ်။

မူတည်ဆွေးနွေး

ဒုတိယပိုင်းမှာ ဦးဆောင်ဆွေးနွေးသူက ဦးအောင်ကိုမြင့်ဖြစ်ပြီး ရန်ကုန်မြို့တော်၏ အားလုံးလက်လှမ်းမီရယူအသုံးပြုနိုင်မှုဆိုင်ရာ လက်ရှိအခြေအနေ (Current Situation Analysis: Accessibility Issues in Yangon) အကြောင်းအရာကို မူတည်ဆွေးနွေးသွားပါတယ်။ ပါဝင်ဆွေးနွေးသူများကတော့ ဦးဇေယျာမင်း၊ ဦးကျော်ကျော်၊ ဒေါ်ချောစုလှိုင်နဲ့ ဒေါ်စောစန္ဒာဦး (YCDC) တို့ ဖြစ်ကြတယ်။

ပါဝင်ဆွေးနွေးကြတဲ့သူတွေဟာ နောင်အနာဂတ် ရန်ကုန်မြို့တော်ဟာ မသန်စွမ်းသူတွေအတွက် လုပ်သင့်လုပ်ထိုက်တဲ့ အခြေအနေကို ဝိုင်းဝန်းဆွေးနွေးပေးကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမသန်စွမ်းသူတွေရဲ့ ဥပဒေမှာ ဒီလိုဖော်ပြထားပါတယ်။ "မသန်စွမ်းသူဆိုသည်မှာ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသည့် ချို့ယွင်းအားနည်းချက်များ ရေရှည်ခံစားနေရသည့်သူတွေကို ဆိုလိုသည်" လို့ ဖော်ပြထားတာတွေ့ရတယ်။

စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် "ကျွန်ုပ်တို့မြင်ချင်သောအနာဂတ်ရန်ကုန်မြို့တော်" ဆွေးနွေးပွဲကျင်းပစဉ်။

မြန်မာနိုင်ငံ အိမ်အကြောင်းအရာနှင့် လူဦးရေ သန်းခေါင်စာရင်း (၂၀၁၄) အရ နိုင်ငံလူဦးရေရဲ့ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၃ သန်း) လောက်ဟာ မသန်စွမ်းသူတွေ ဖြစ်ကြတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ (၂၀၁၁) ထုတ်ပြန်ချက်ဖြစ်တဲ့ ၁၅ ရာခိုင်နှုန်းနဲ့ တွက်ချက်မယ်ဆိုရင် ကျွန်မတို့ မြန်မာနိုင်ငံ လူဦးရေရဲ့ ခုနစ်သန်းခန့်လောက်ဟာ တစ်နည်းမဟုတ်တစ်နည်း မသန်စွမ်းသူတွေ ဖြစ်မယ်လို့ ဆိုနိုင်ပါတယ်။

ရုပ်ပိုင်းဆိုင်ရာ အတားအဆီးတွေဖြစ်

တကယ်ဆိုရင် ဒီကျွန်မတို့နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ မသန်စွမ်းသူတွေဟာ အများနည်းတူပါပြီး မလုပ်နိုင်မကိုင်နိုင်ခြင်း အဓိကအကြောင်းရင်းတွေက သူတို့တစ်တွေရဲ့ ကိုယ်ခန္ဓာမှာရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ချို့ယွင်းအားနည်းမှုမဟုတ်ဘဲ အတားအဆီးတွေကြောင့်သာ လူမှုအဖွဲ့အစည်းအတွင်းမှာ အများနည်းတူ လှုပ်ရှားသွားလာပါဝင်လုပ်ကိုင်လို့ မရနိုင်ခြင်းဘဲ ဖြစ်တယ်။ မသန်စွမ်းသူတွေအတွက် စီမံထားခြင်းမရှိတဲ့ အဆောက်အဦတွေ၊ အိမ်ရာတွေ၊ စာသင်ကျောင်း၊ ရုံးတွေ၊ ဆေးရုံတွေ၊ အများသူငါတွေ သွားလာလှုပ်ရှားကြတဲ့နေရာတွေဖြစ်တဲ့ ပန်းခြံတို့လို၊ ရုပ်ရှင်ရုံတွေ၊ စျေးဝယ်စင်တာတွေ၊ ပလက်ဖောင်းလျှောက်လမ်းတွေ၊ လမ်းဆုံမီးပွိုင့်တွေ၊ ဘူတာရုံ၊ လူကူးမျဉ်းကျားတွေ၊ သယ်ယူပို့ဆောင်ရေးယာဉ်စနစ်တွေဟာ ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးတွေ ဖြစ်ပါတယ်။

ယခုအခါ ပလက်ဖောင်းခုံးဆင်းမှာ လျှောလျှောလေးလုပ်ထားတာ ဘီးချဲနဲ့ သွားလာရတဲ့ ကိုယ်ကာယမသန်စွမ်းသူတွေအတွက် အဆင်ပြေတယ်ဆိုပေမယ့် တချို့နေရာတွေမှာ ခုံးလုပ်ထားတာတွေ မသပ်မရပ်ဖြစ်တာ၊ လုပ်ထားတာ အားနည်းတဲ့နေရာတွေတွေ့နေရပါတယ်။ သယ်ယူပို့ဆောင်ရေးစနစ်မှာဆိုရင်တော့ YBS ကားပေါ်မှာ အမြင်အာရုံ မသန်စွမ်းသူတွေအတွက် ကိုယ်ဆင်းချင်တဲ့ မှတ်တိုင်ရောက်ရင် နိပ်ရမယ့် အချက်ပေးခလုတ်မှာကို Braille လို့ခေါ်တဲ့ အစက်ခြောက်စက်နဲ့ ဖွဲ့စည်းထားတဲ့ မျက်မြင်လက်စမ်းစာပါထည့်ထားပေးပါတယ်။ တချို့ YBS ပေါ်တွေမှာ LED TV တွေနဲ့ မှတ်တိုင်တစ်ခုခုရောက်မယ်ဆိုတိုင်း အသံနဲ့ရော စာသားနဲ့ပါ ထည့်သွင်းကြေညာပေးလို့ သာမန်လူတွေသာမက အမြင်အာရုံမသန်စွမ်းသူတွေ၊ အကြားအာရုံ မသန်စွမ်းသူတွေအတွက်ပါ လက်လှမ်းလို့ မီနိုင်တဲ့ အချက်ပြသကေတ်တွေပါ။ ဒီလိုမျိုး မသန်စွမ်းသူတွေအတွက် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးတွေကို ဖယ်ရှားပြီး အဆင်ပြေအောင်လုပ်ပေးမယ်ဆိုရင် သူတို့အတွက် အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

အတားအဆီးတွေ ဖယ်ရှားဖို့ ကြိုးစား

နောက်ပြီး မသန်စွမ်းသူတွေအပေါ် အဆိုးမြင်သဘောတရားဆိုင်ရာ အတားအဆီးတွေကို ဖယ်ရှားပေးရင်တော့ သူတို့တစ်တွေရဲ့ ရှေ့ဆက်ရမယ့် ဘဝခရီး ချောမွေ့အောင် ဆက်လျှောက်နိုင်မှာ ဖြစ်ပါတယ်။ သဘောကတော့ မသန်စွမ်းသူတွေဟာ ဘာမှမလုပ်နိုင်တဲ့ ဒုက္ခိတတွေပါ၊ ကံမကောင်းကြသူတွေပါ၊ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးလည်းဖြစ်တယ်၊ မသန်စွမ်းသူတွေအတွက် ပညာတတ် ဘွဲ့ရဖြစ်ဖို့ မလိုပါဘူး၊ တခြားလူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းတွေရဲ့ လှုပ်ရှားမှုမှာ ပါစရာမလိုဘူးဆိုတဲ့ မသန်စွမ်းသူတွေအပေါ် အဆိုးမြင်သဘောထားတွေကလည်း မသန်စွမ်းဖြစ်တဲ့ အပေါ် အဆိုးမြင်သဘောထား အတားအဆီးတွေ ဖယ်ရှားဖို့ ကြိုးစားရမှာပါ။

ကမ္ဘောဇောဏ် (သမိုင်းဘဏ်ခွဲ)၏ ဘီးတပ်ကုလားထိုင်အသုံးပြုသူများနှင့်အရပ်ပုသူများ အဆင်ပြေစေရန် စီစဉ်ပေးထားသည့် ကောင်တာအနိမ့်ကို တွေ့ရစဉ်။

မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေ (၂၀၁၅)နဲ့ နည်းဥပဒေများ (၂၀၁၇) တို့မှာ ဒီလိုပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ(၂၈-ဃ)မှာ- "လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများနှင့် လမ်းအကွေ့၊ အတက်၊ အဆင်းများတွင် မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေသော အမှတ်အသားများ၊ သင်္ကေတများ၊ အသံပေး၍ အချက်ပြသည့် ကိရိယာများနှင့် အခြားလိုအပ်သည်များ တပ်ဆင်ရမည်"။ (ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို ဆိုလိုရင်းဖြစ်ပါတယ်။)

ပုဒ်မ(၂၈-c)မှာ- ''အများပြည်သူပိုင်အိမ်ရာ၊ ဆေးရုံနှင့် စာသင်ကျောင်းစသည့် ရုပ်ဝတ္ထုပတ်ဝန်းကျင်များ၊ ဆက်သွယ်ရေး၊ သတင်းပြန်ကြားရေးနှင့် လူထုဆက်သွယ်ရေး ကဏ္ဍတို့တွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာသုံးစွဲနိုင်ရန် စီစဉ်ပေးရမည်''။ ဒီပုဒ်မ ကလည်း ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ အတွက် ဖြေရှင်းပေးရမယ့် ဥပဒေပဲဖြစ်ပါတယ်။

မသန်စွမ်းတဲ့သူဖြစ်လို့ ကျောင်းဝင်ခွင့် လျှောက်တဲ့နေရာမှာ အပယ်ခံရလေခြင်း မဖြစ်ရအောင်လို့ ပုဒ်မ (၂၃)မှာ ဒီလိုဖော်ပြထားပါတယ်။

ပုဒ်မ (၂၃)- "ကျောင်းဝင်ခွင့်လျှောက်ထားရာတွင် ဘာသာရပ်ဆိုင်ရာလိုအပ်ချက်မှတစ်ပါး မသန်စွမ်းမှုကို အကြောင်းပြု၍ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ" လို့ ဖော်ပြတာတွေ့ရလို့ မသန်စွမ်းသူတွေကလည်း သန်စွမ်းသူတွေလို ပညာရေးမှာ သင်ယူပိုင်ခွင့်ရှိတယ်ဆိုတဲ့ အခွင့်အရေးကို ပုဒ်မ (၂၀-က)မှာ ဖော်ပြထားတာတွေ့ရတယ်။

ဥပဒေအရာမှာ ညီတူမျှတူဖြစ်

ဥပဒေနဲ့မူဝါဒဆိုင်ရာ အတားအဆီးလည်း မသန်စွမ်းသူတွေအပေါ် သက်ရောက်တာ၊ လူ့အခွင့်အရေးကို ဝိတ်ပင်တာနဲ့တူပါတယ်။ အလုပ်လျှောက်ထားသူဟာ ကျန်းမာသန်စွမ်းသူဖြစ်ရမယ်၊ ယာဉ်မောင်းလိုင်စင်လျှောက်ထားသူဟာ ကိုယ်လက်အင်္ဂါပြည့်စုံရမယ်၊ ဒီသင်တန်းတက်ရောက်မယ့်သူဟာ မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရဘူးဆိုတဲ့ အတားအဆီးတွေသာ ဖယ်ရှားလိုက်ရင် မသန်စွမ်းသူတွေအတွက် အခွင့်အရေးပေါ်လာမှာပဲ၊ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးဥပဒေပုဒ်မ (၁၂-က)မှာ "မသန်စွမ်းသူများအားလုံးသည် မည်သည့် ခွဲခြားမှုမျှမရှိဘဲ ဥပဒေအရာတွင် အညီအမျှ ဖြစ်စေရမည်" လို့ ဖော်ပြပါရှိထားတဲ့အတွက် မသန်စွမ်းသူတွေဟာ ဥပဒေအရာမှာ ညီတူမျှတူဖြစ်လို့ ခွဲခြားစရာ မလိုပါဘူး။

သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီးရဲ့ ဆွေးနွေးပြောဆိုချက်ကို ပရိသတ်ထဲကလည်း သိလိုတဲ့ အကြောင်းအရာများ မေးမြန်းပြီး သက်ဆိုင်ရာ ပညာရှင် ပုဂ္ဂိုလ်များကလည်း ပြန်ဖြေကြလို့ တော်တော်လေး ကျေနပ်ခဲ့ရပါတယ်။

နောက်ပြီး ဒီဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြတဲ့ ပရိသတ်ကို အုပ်စုလေးခုခွဲပြီး Group Work နဲ့ ကျွန်ုပ်တို့မြင်ချင်သော အနာဂတ်ရန်ကုန်မြို့တော်ကို လှမ်းမျှော်ကြည့်ခြင်း (Our Future Yangon City for Everyone) အစီအစဉ်လုပ်ပါတယ်။ Main Facilitator အဖြစ် ဒေါ်ယုယသူက ဆောင်ရွက်ပြီး Co– Facilitator အဖြစ် တက်ရောက်လာတဲ့ မသန်စွမ်းသူများဖြစ်ကြတဲ့ ဦးရဲ၀င်း၊ ဦးကျော်ကျော်၊ ဒေါ်စိုးမိုးဦးနဲ့ ဦးဇေယျာမင်းတို့က ပါဝင်ခဲ့ပါတယ်။ အုပ်စု လေးခုစလုံး မသန်စွမ်းသူများရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ ဥပမာ- ပလက်ဖောင်းခုံးဆင်းနေရာ ဘီးချဲနဲ့သွားနေရသူတွေအတွက် အဆင်ပြေစေဖို့၊ စံချိန်မီ အဆောက်အဦတွေ ဖြစ်စေဖို့၊ အများသုံးအိမ်သာ အသုံးပြုရန် အဆင်ပြေစေဖို့၊ ပလက်ဖောင်းအနိမ့်၊ အမြင့် မညီမညာတာတွေကို ပြုပြင်ဖို့၊ မသန်စွမ်းကလေးများ ပညာသင်နေတဲ့ ကျောင်းတွေမှာ လှေဘင်ပြောင်ကဲ့ရဲ့တာ၊ ခွဲခြားဆက်ဆံတာတွေ၊ ကိုယ်ခန္ဓာ မသန်စွမ်းတာဖြစ်လို့ တက္ကသိုလ်၊ ကောလိပ်တွေမှာ ပညာသင်ခွင့် မရတာတွေ၊ ပို့ဆောင်ဆက်သွယ်ရေးမှာ (ရထား၊ ကား၊ သင်္ဘော၊ လေယာဉ် ပျံ၊ ဘတ်(စ်)ကားများ စီးတဲ့နေရာမှာ) အချို့ယာဉ်တွေမှာ LED အချက်ပြတွေ မပါတာတွေ၊ အတက်၊ အဆင်း အခက်အခဲရှိတာတွေ၊ ပလက်ဖောင်းပေါ်မှာ ကြော်ငြာဆိုင်းဘုတ်တွေ၊ အလှသစ်ပင်တွေ စိုက်ထူထားလို့ လူသွားလမ်းမရှိတာကြောင့် အခက်အခဲဖြစ်နေရပါတယ်။

ဒုတိယပြင် ဆေးရုံ၊ ဘဏ်၊ စျေးဝယ်စင်တာ၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ စျေး၊ ရထား၊ ကား မှတ်တိုင်၊ ရုပ်ရှင်ရုံ၊ တက္ကသိုလ်နဲ့ ကျောင်းများမှာလည်း အချက်ပြစနစ်ထားရှိဖို့ လိုတယ်ဆိုတဲ့အကြောင်းတွေ ဆွေးနွေးသွားကြပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ညွှန်ကြားပေးရမယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကနေ ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို လက်လှမ်းမီရာ ပူးပေါင်းပါဝင်ပြီး စိတ်ပိုင်းဆိုင်ရာနဲ့ မူဝါဒပိုင်းဆိုင်ရာတို့ကို ပြုပြင်ပေးသွားနိုင်ရင်တော့ မသန်စွမ်းသူများလည်း လူ့စွမ်းအားအရင်းအမြစ်အဖြစ် အပြည့်အဝအသုံးချနိုင်တော့မှာ ဖြစ်တယ်။

ကျောက်တံတားမြို့နယ် စည်ပင်သာယာကော်မတီ တာဝန်ရှိသူတစ်ဦးကတော့ သူတို့မြို့နယ်မှာ smart street စမ်းသပ်နေပြီလို့ သိရတယ်။ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) ရဲ့ မသန်စွမ်းလူထု အကျိုးပြုလုပ်ငန်းတွေဖြစ်တဲ့ ကားအင့ားဝန်ဆောင်မှု၊ ပုံနှိပ်ဝန်ဆောင်မှု၊ စတူဒီယို အသံဖမ်းနှင့် တည်းဖြတ်ခြင်းဝန်ဆောင်မှု၊ ခေတ်ပေါ်တီဝီဝိုင်းဌားရမ်းခြင်းနှင့် အနုပညာဆိုင်ရာဝန်ဆောင်မှု၊ သင်တန်းခန်းမငှားရမ်းခြင်းဝန်ဆောင်မှုတွေကို လက်ရှိလည်း လုပ်ကိုင်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။

မသန်စွမ်းလူငယ်များကို ရွေးချယ်ခဲ့

မြန်မာနိုင်ငံ မသန်စွမ်းသူများထဲမှ မသန်စွမ်း အားကစားထူးချွန်သူများလည်း ထွက်ပေါ်လာနေတာပါပဲ။

မသန်စွမ်းလူငယ်များအတွက် IT နည်းပညာကို လက်လှမ်းမီအသုံးပြုနိုင်အောင် ရည်ရွယ်တဲ့ The 2019 Global IT Challenge for Youth with Disabilities ပြိုင်ပွဲကို နိုဝင်ဘာလမှာ ကျင်းပမယ့် ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် မသန်စွမ်းလူငယ်များကို ရွေးချယ်ခဲ့ပြီးဖြစ်တယ်။

အမြင်အာရုံမသန်စွမ်းသူ မောင်မြတ်ကိုကို၊ အကြားအာရုံမသန်စွမ်းသူ မဆုဝေလင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူ မောင်ပြည့်စုံ အောင်၊ ဉာဏ်ရည်မမီသူ မောင်ကောင်းမြတ်စံတို့ လေးဦးကို ရွေးချယ်ပြီးပါပြီ။

ဆိုလိုသည်မှာ မသန်ပေမယ့်စွမ်းသလောက် အသုံးပြုနိုင်သူများပဲ ဖြစ်ပါတယ်။ မသန်စွမ်းသူများအတွက် ဆွေးနွေးခဲ့သော "ကျွန်ုပ်တို့မြင်ချင်သော အနာဂတ်ရန်ကုန်မြို့တော်"ကို ဝိပြင်စွာအောင်မြင်အောင် လက်တွဲလုပ်နိုင်ကြရင်ဖြင့် မျှော်မှန်းချက်က မအောင်မြင်စရာ အကြောင်းမရှိပါ။

ဒုံကြောင့် မသန်ပေမယ့် စွမ်းသူများကို လက်တွဲခေါ်ဆောင်ကြပြီး သူတို့တွေမြင်ချင်တဲ့ အနာဂတ်ရန်ကုန်မြို့တော်ကို ဝိပြင်အောင် ဖော်ဆောင်ကြပါစို့။ ။

ကျမ်းကိုး- မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅)နှင့် နည်းဥပဒေ (၂၀၁၇)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် တစ်နိုင်တစ်ပိုင် မွေးမြူရေးခြံများ ဆောင်ရွက်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၇

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွတ်တော်(၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် တပ်မတော်သားကိုယ်စားလှယ်တစ်ဦး၊ ကတိသစ္စာပြုခြင်း၊ ကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်သားပြည်သူ့လွတ်တော်ကိုယ်စားလှယ်တစ်ဦး ပြည်သူ့လွတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်သူ့လွတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ အဖွဲ့ဝင် ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးအစား အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးအားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်အစား ဒေါ်ပုံမဲဆန္ဒနယ်မှ ဦးဌေးမင်းအောင်(ခ) ဦးပြုံးချိုအားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်အား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ပြီးဖြစ်၍ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်းတို့ကို အတည်ပြုရန် လွတ်တော်၏သဘောထား ရယူအတည်ပြုသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ် ဂရိတ်ဝေါ–ဝေမာသကြားစက် ကြံသယ်ကားများနှင့် စက်ရုံ အကြား ကြံသယ်ယူခဈေးနှုန်းအား မည်သို့ညှိနှိုင်းသတ်မှတ်ပေးမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ကြံသယ်ကားများအား မည်သို့အရေးယူမည်နှင့် မန္တလေး–ဗန်းမော် ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (108.28km) နှင့် (117km)အကြား လမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ကုန်တင်ယာဉ်များ တန်ပိုတားဆီးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သဖြင့် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ဒေသဆိုင်ရာဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်သော အုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနား လမ်းပိုင်းအား ရေရှည်ထိန်းသိမ်းရန်အတွက် တန်ပိုယာဉ်ကြီးများ မဖြတ်သန်းစေရေး တန်ပိုစစ်ဆေးရေးဂိတ်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆိုင်းဘုတ်များအား သိရှိလိုက်နာနိုင်ရန် စိုက်ထူပေးသွားမည်ဖြစ်ပါကြောင်း၊ ကြံသယ်ယာဉ်များ အများဆုံးဖြတ်သန်းသည့် မန္တလေး–တကောင်း–ဗန်းမော် လမ်း မိုင်တိုင်အမှတ် (၆၇/၂)မှ (၇၂/၆) အတွင်း အကျယ် ၁၈ ပေ ကတ္တရာလမ်းအား ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား ယနေ့အချိန်အထိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၈၉၂ ဒသမ ၈၄၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၆၇/၂)မှ (၇၂/၆) အတွင်း ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ရေးအတွက် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများအား သင့်လျော်သော လမ်းလွှာပုံစံထုတ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်၏ **မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသားများ လက်တွေ့သင်ကြားနိုင်ရန် Commercial Farms အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် လက်ရှိတစ်နိုင်တစ်ပိုင် မွေးမြူရေးခြံများကို ဆောင်ရွက်ထားရှိပါကြောင်း၊ စီးပွားဖြစ်မွေးမြူရေးခြံများ အဖြစ် တိုးချဲ့လုပ်ကိုင်ရန်အတွက် နိုင်ငံတော် အထောက်အပံ့ တစ်ခုတည်းဖြင့်သာမကဘဲ Private Sector၊ International Organization များ၏ အထောက်အပံ့များဖြင့် အခြေခံ လိုအပ်ချက်များဖြစ်သည့် မြေနေရာ၊ ရင်းနှီးမြှုပ်နှံရမည့် ငွေကြေး၊ အခြေခံအဆောက်အဦများ ဖြည့်ဆည်းနိုင်မှုနှင့် လိုအပ်မည့်ဝန်ထမ်းအင်အား ခန့်ထားမှုများ ဖြည့်ဆည်းနိုင်မှုနှင့်အညီ Commercial Farms များ တည်ထောင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေတွင် တက္ကသိုလ်အနေဖြင့် သင်ကြားရေးအထောက်အကူပြုအဖြစ်သာ ဆောင်ရွက်နိုင်ပြီး Commercial Farms အဖြစ် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီး
ဦးလှကျော်

ဒုတိယဝန်ကြီး
ဦးကျော်လင်း

ထီးချိုင့်မဲဆန္ဒနယ်မှ
ဦးမောင်မောင်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ
ဒေါက်တာ ခင်မောင်မောင်

ချောင်းဆုံမဲဆန္ဒနယ်မှ
ဦးအောင်ကြည်သိန်း

တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးဇော်ဇော်မိုး

တောင်သူလယ်သမားနေ့ ပြောင်းလဲပြင်ဆင်သတ်မှတ်မည့် အစီအစဉ်မရှိသေး

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားနေ့အဖြစ် မတ်လ ၂ ရက်နေ့ကို သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန်နှင့် ဗြိတိသျှနယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင် စတင်တော်လှန်ခဲ့သည့် ဒီဇင်ဘာလ ၂၂ ရက်နေ့ကို ပြောင်းလဲသတ်မှတ်အတည်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်၏ နေ့ထူးနေ့မြတ်ထားရှိမှုသည် နိုင်ငံတော်အစိုးရအနေဖြင့် ထားရှိရမည့် နေ့ရက်ထူးမြတ်သည့် ဂုဏ်အင်္ဂါနှင့် သမိုင်းအခြေခံဖြစ်ရပ်များအပေါ် အခြေပြု စိစစ်ဆောင်ရွက်ထားရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ၎င်းနေ့ရက်ကို ပြင်ဆင်လိုပါက ယင်းနေ့ရက်ကို အမှန်တကယ် ကိုယ်စားပြုသည့် တောင်သူလယ်သမားအများစု၏ ဆန္ဒနှင့်အညီဖြစ်စေရန် လိုအပ်မည်ဖြစ်ပါကြောင်းကို သုံးသပ်တင်ပြအပ်ပါကြောင်း၊ ထို့အတူ ပြောင်းလဲပြင်ဆင်သတ်မှတ်မည့်နေ့ရက်သည် တောင်သူလယ်သမားများ၏ မှီခိုအားထားရာ အသက်မွေးဝမ်းကျောင်းပြုနေကြသည့် လယ်ယာလုပ်ငန်းခွင်အပေါ် ထိခိုက်မှုမရှိစေရေးအပေါ်တွင် လည်း အလေးအနက်ထား စိစစ်သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

၎င်းနေ့ရက်ပြင်ဆင်ခြင်းကို အထက်ဖော်ပြပါအချက်များနှင့်အညီ အဘက်ဘက်မှ စဉ်းစားသုံးသပ်ရမည့် အနေအထားရှိသည့်အလျောက် ယင်းအပေါ် အခြေပြုပြီး နိုင်ငံတော်မှ စီမံဆောင်ရွက်ရန်လိုအပ်လာမည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အစီအမံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်မည့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **ဖောက်လုပ်ပြီး ကျေးရွာချင်းဆက်လမ်းများအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တင်ဒါအောင်ပြီး ကုမ္ဏီများမှ စာချုပ်ပါအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူကြီးကြပ်၍ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း**မေးခွန်းနှင့် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်ရှိ မင်းအို–အိုင်တောင်–နတ်တောင်–နွားခြံကုန်းလမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လည်းကောင်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့အတွင်း နှစ်စဉ်ဖြစ်ပေါ်နေသော မြေနကျွန်းခွဲဝေချထားရေးကိစ္စများကို စိုက်ပျိုးချိန်အမီ ဥပဒေနှင့်အညီ အမြန်ဆုံးချထားနိုင်ရေး မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းတမံရေဝပ်ဧရိယာတွင် နစ်မြုပ်ခဲ့သောကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူများအတွက် CSR လုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးခဲ့ခြင်း ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွတ်တော်ဥက္ကဋ္ဌက အမျိုးသားလွတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော **သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွတ်တော်၏ သဘောထားရယူရာ ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်သွင်းသည့် **မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျကျစ်လျစ်ခိုင်မာစွာ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်းက တောင်သူလယ်သမားများသည် လယ်ယာကဏ္ဍနှင့် ကျေးလက်စီးပွားရေးကဏ္ဍတို့တွင် အရေးပါသည့်သူများဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ ပေါ်လစီများတွင် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ အခွင့်အရေးကို အသိအမှတ်ပြုပြီး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သော အခြေခံအဆောက်အဦများကို ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း တောင်သူလယ်သမားများ အဖွဲ့အစည်းတစ်ခုကို မဖြစ်မနေထူထောင်ရန်လိုအပ်ပြီး ဖွဲ့စည်းသင့်သည့် လုပ်ငန်းနှင့် အဖွဲ့ဝင်စုဆောင်းခြင်း၊ စိုက်ပျိုးရေးပေါ်လစီများအပေါ် ရှုမြင်သုံးသပ်ခြင်း၊ အစိုးရ၏ နည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပါဝင်ဆောင်ရွက်ခြင်း စသည့် အစီအစဉ်များကို မှန်ကန်သောစေတနာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန်အဆိုအား ထောက်ခံဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုးက တောင်သူလယ်သမားများအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် အရင်းအနှီး၊ နည်းပညာ၊ သွင်းအားစု၊ ခိုင်မာသည့် ဈေးကွက်၊ သင့်တင့်မျှတသည့် ဈေးနှုန်းများ ရရှိနိုင်ရေး၊ ဝန်ကြီးဌာနမှ ကိုင်တွယ်ကျင့်သုံးရသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဥပဒေများနှင့်အညီ တောင်သူလယ်သမားများအတွက် ရဝိုင်ခွင့်၊ အခွင့်အရေးများ၊ အခက်အခဲများနှင့် နစ်နာဆုံးရှုံးမှုများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးတို့အပြင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ထိရောက်အကျိုးရှိမည့်နည်းလမ်းတစ်ခုဖြစ်ကြောင်း။

အဆိုရှင် တင်ပြထားသည့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ခြင်းအားဖြင့် တောင်သူလယ်သမားများနှင့် မိသားစုများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း လယ်ယာ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ညြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို လျင်မြန်စွာတည်ဆောက်နိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကဝန်ကြီးဌာနအနေဖြင့် လက်တွေ့ဘဝတွင် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနဟု အမည်နာမ မတပ်ထားသော်လည်း ပကတိမြေပြင်အနေအထား လက်တွေ့အခြေအနေတွင် တောင်သူများ၏ အကျိုးစီးပွားကို အဓိကထား၍ အလုံးစုံ ဘက်စုံအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်ကို ပြည်သူများသိရှိပါကြောင်း၊ လွတ်တော်ကိုယ်စားလှယ် အဆိုတင်သွင်းသကဲ့သို့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းမည်ဆိုပါက လက်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် **စာမျက်နှာ ၈ သို့** ❐

သစ်ပင်သစ်တောပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်တိုက်တွန်းကြောင်းအဆို လက်ခံဆွေးနွေးရန် သဘောတူ

နေပြည်တော် နိုဝင်ဘာ ၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

မင်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးမည်

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မင်းပြင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** **မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားချက်များအား ဆောင်ရွက်ပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ကျောက်ဖြူမြို့နယ်၊ မင်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၂၀ x ၃၀) RCC နှစ်ထပ်ဆောင်အသစ် ဆောက်လုပ်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သောင်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** **မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက သောင်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ (၂၂၃)ဦးရှိပါကြောင်း၊ လက်ရှိကျောင်းအဆင့်သက်တမ်းမှာ ခုနစ်နှစ်ရှိပါကြောင်း၊ အနီးဆုံး လမိုင်းအခြေခံပညာအထက်တန်းကျောင်းနှင့် လေးမိုင်ခန့်ကွာဝေးသော်လည်း လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် စီစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်တွင်ပါရှိသော ပန်းချီ၊ ဂီတ၊ ကာယ ဘာသာရပ်များကို အလေးအနက်ထား၍ ထိရောက်စွာ သင်ကြားနိုင်ရန် ဆရာ/ ဆရာမများ အား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများသည် ပန်းချီ၊ ဂီတ၊ ကာယပညာရပ်များကို ကလေးများ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်သင်ကြားလျက်ရှိပါကြောင်းနှင့် ဆက်လက်၍ ပန်းချီ၊ ဂီတ၊ ကာယဆိုင်ရာဘွဲ့ရရှိသူများကို ဘတ်ဂျက်ခွင့်ပြုနိုင်သည့် ဦးရေအရ ယှဉ်ပြိုင်ရွေးချယ်ခန့်ထားရေးနှင့် ခန့်ထားပြီး ဆရာ၊ ဆရာမများကို သင်တန်းဆက်လက်ပေးပြီး စွမ်းရည်မြှင့်တင်ရေးများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း

၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်သော်လည်း လက်ရှိမြေပြင်တွင် ဌာနမှ လုပ်ကွက်တိုင်းတာခြင်း၊ လုပ်ကွက်အမျိုးအစားခွဲခြားသတ်မှတ်ခြင်းများ ပြုလုပ်နေသည်မှာ ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဟုတ်/ မဟုတ်သိရှိလိုခြင်း **မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေရေးဆွဲနေချိန်တွင် မူလရတနာနယ်မြေများအတွင်း သက်ဆိုင်ရာဌာနအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့က ကွင်းဆင်းတိုင်းတာပြီး ပြည်ထောင်စုဝန်ကြီးဌာနက သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ကျောက်မျက်ရတနာလုပ်ကွက် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုမည့် ဧရိယာများကို သတ်မှတ်ခြင်းသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် ကိုက်ညီပါကြောင်းနှင့် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုများရရှိနိုင်ရေးအတွက် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **တနင်္သာရီတိုင်းဒေသကြီးရှိ ဟိန္ဒားသတ္တုတွင်းအား သတ္တုလက်ကျန် ပြန်လည်စိစစ်ရန် အစီအစဉ် ရှိ/မရှိနှင့် သတ္တုရှာဖွေ စမ်းသပ်ထုတ်လုပ်ရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအား Expression of Interest (EOI) ခေါ်ယူရန် အစီအစဉ် ရှိ/မရှိ** **မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ဟိန္ဒားသတ္တုတွင်း၏ သတ္တုဖြစ်ထွန်းမှုလက်ကျန်ကို စိစစ်ဆောင်ရွက်လျက်ရှိနေပါသဖြင့် ဟိန္ဒားသတ္တုတွင်းကို စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအား Expression of Interest (EOI) အသစ်ထပ်မံခေါ်ယူရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်က ပုဒ်မ ၂ (ခ)တွင် ပါဝင်သော ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုသည့် စကားရပ်တွင် တူးဖော်ထုတ်လုပ်ဆိုသည်ကို ပယ်ဖျက်လိုပါကြောင်း၊ အဆိုပါပုဒ်မတွင် ဖြည့်စွက်လိုသည်မှာ **ဤစကားရပ်တွင် သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ကြိုချက်ချွတ်စင်ခြင်း၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်း၊ ရှေ့ပြေးစက်ရုံဖြင့် စမ်းသပ်ခြင်း၊ လည်ပတ်ထုတ်လုပ်ခြင်းစသည့် သတ္တုတူးဖော်ခြင်းဆိုင်ရာလုပ်ငန်းများပါဝင်ခြင်းမရှိစေရဖြစ်ပါကြောင်း** ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က အခန်း(၁) အပိုဒ်(၁)တွင် ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဟု ခေါ်တွင်စေရမည်ဆိုသည့်အစား ဤဥပဒေကို မြန်မာနိုင်ငံဘူမိဗေဒပညာရှင်များကောင်စီဟု ခေါ်တွင်စေရမည်ဟု အစားထိုးပြင်ဆင်သတ်မှတ်လိုပါကြောင်း၊ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် စစ်မှန်သည့် ဘူမိသိပ္ပံပညာရှင်များ လုံလောက်စွာ မရှိသေးသည့် လက်ရှိနိုင်ငံ့အနေအထားအရ ဘူမိဗေဒပညာရှင်အများစုဖြင့်သာ ဖွဲ့စည်းသွားမည့် ယခုကောင်စီကို ဘူမိဗေဒပညာရှင်များကောင်စီဟုသာ ခေါ်ဆိုသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ဂ)တွင် ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်ဟု အစားဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟု အစားထိုးပြင်ဆင်သတ်မှတ်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ပြန်လည်ထိန်းသိမ်းရန်နှင့် စနစ်တကျထုတ်ယူသုံးစွဲရန် အရေးတကြီးလိုအပ်နေပြီဖြစ်

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးစခင်ဇော်လင်းက **မြန်မာနိုင်ငံတွင် တစ်စတစ်စ ပြုန်းတီးလျက်ရှိသော ကြိုးပိုင်း၊ ကြိုးပြင်တောများအပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန် စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့်နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာ ကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity)၊ လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ(Ethics)များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ (Facilities and equipments) များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် သစ်ပင်သစ်တောသည် နောင်လာနောက်သားများအတွက် အဖိုးတန် အကျိုးပြုအရင်းအမြစ်ဖြစ်သည့်အတွက် ရေရှည်ရှင်သန်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ ယခုအချိန်အခါမှစ၍ ပြန်လည်ထိန်းသိမ်းရန်နှင့် စနစ်တကျထုတ်ယူသုံးစွဲရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါကြောင်း၊ယနေ့ မျက်မှောက်ခေတ်တွင် သစ်တောပြုန်းတီးခြင်း၏ ဆိုးကျိုးများအဖြစ် ရေကြီးရေလျှံမှုများ၊ ငလျင်လှုပ်မှုများ၊ ရာသီဥတုပြောင်းလဲဆိုးရွားလာမှုများ၊ မိုးခေါင်ရေရှားမှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးမှုများ၊ လူသားများ စားဝတ်နေရေးနိမ့်ကျမှုများစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားနေရဆဲဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် အပူချိန်အလွန်အမင်းတိုးမြင့်လာခြင်းကို မိမိတို့ခံစားနေရခြင်းသည်လည်း သစ်ပင်သစ်တောများ လုံလုံလောက်လောက်မရှိခြင်းကြောင့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တောပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် သစ်တောဝန်ထမ်းများ အား အားပေးကူညီ ပြုစုပျိုးထောင်ရေးသည် အရေးတကြီးလိုအပ်နေသည့် ကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း**က သစ်တောသစ်ပင်များပြန်လည်ရှင်သန်လာစေရန်၊ သစ်တောသယံဇာတများကို ရေရှည်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သစ်တောဝန်ထမ်းများ၏ အရည်အသွေးမြင့်မားလာစေရန်တို့အတွက် ရည်ရွယ်တိုက်တွန်းထားသော အဆိုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ ကျိုင်းလော(သတင်းစဉ်)

❒ စာမျက်နှာ ၇ မှ

စီမံခန့်ခွဲမှုအပိုင်း၊ မလိုလားအပ်သော အကန့်အသတ် အချို့များကြုံတွေ့လာနိုင်ကြောင်းကို သုံးသပ်ရှိပါကြောင်း။

ဝန်ကြီးဌာနတစ်ခု အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းမှုသည် လိုအပ်မည့်လူစွမ်းအားအရင်းအမြစ်အပိုင်း၊ ဘဏ္ဍာငွေကြေးအပိုင်း အစရှိသည့် ရုပ်ဝတ္ထုအခြေခံများနှင့် အရင်းအမြစ်များ တောင့်တင်းခိုင်မာရန်အတွက် ထည့်သွင်းစဉ်းစားချင့်ချိန်ရမည့်အပိုင်းများရှိပါကြောင်း၊ ထို့ပြင် တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေပေါ်ပေါက်စေရေးကို ဆောင်ရွက်လျက်ရှိသည့်အတွက်ကြောင့်လည်းကောင်း၊ လက်ရှိနိုင်ငံတော်၏ မူဝါဒအရဝန်ကြီးဌာနများ ကျစ်လျစ်စွာဖွဲ့စည်း ဆောင်ရွက်နေမှုကြောင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင် သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအဖြစ် ထပ်မံတိုးချဲ့ဖွဲ့စည်းရန် လိုအပ်မှုအခြေအနေမရှိသည့်အတွက် အဆိုအား အတည်မပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၂၇ မဲ၊ ကန့်ကွက်မဲ ၂၂၁ မဲ၊ ကြားနေမဲ ခုနစ်မဲဖြစ်၍ ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉)ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉)ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

တစ်နှစ်နီးပါးရှိခဲ့ပြီဖြစ်

အခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့်အညီ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် တစ်နှစ်နီးပါးရှိခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း “ဗဟိုအစိုးရအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ဦးမံးချမ်းပြီးသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခု ဖြစ်လာရန် ဖော်ဆောင်ရာတွင်” မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ – ၂၀၃၀) (Myanmar Sustainable Development Plan – MSDP) မှ “ဘက်စုံပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း”ကို လမ်းညွှန်ထားရှိပြီး ယခုမိတ်ဆက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးမူဘောင်ပါလုပ်ငန်းစဉ်များသည်လည်း ယင်း MSDP စီမံကိန်းကို ချိတ်ဆက်ပြုစုရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

တာဝန်ယူဆောင်ရွက်နေ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရာတွင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ မြေအသုံးချမှုစသည့် ကဏ္ဍအလိုက် MSDP စီမံကိန်းနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ဥပမာ Land and Property Bank (မြေနှင့်အဆောက်အအုံသတင်းအချက်အလက်စနစ်) တည်ဆောက်သည့် နေရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသကဲ့သို့ အမျိုးသားမြေအသုံးချမှုကောင်စီ၏ ကြီးကြပ်မှုနှင့် One Map Myanmar (မြန်မာအမျိုးသားမြေပုံစနစ်)ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ MSDP စီမံကိန်းအောက်တွင် မတူညီသည့် ကဏ္ဍအသီးသီးကို သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထောက်ကူနေသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း။ INGO အဖွဲ့အစည်းဖြစ်သည့် Myanmar Information Management Unit (MIMU) ၊ OneMap Myanmar အဖွဲ့များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြား ပူးပေါင်းဆောင်ရွက်နေကြသည့် NCS (National Coding System) ဆိုသည်မှာ မိမိတို့နိုင်ငံ၏တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ အမည်၊ နေရာများကို Code နံပါတ်အသီးသီးနှင့် စနစ်တကျ ရည်ညွှန်းအသုံးပြုနိုင်ရန် မှတ်တမ်းထားမည့်စနစ်ဖြစ်ပါကြောင်း။

NCS စနစ်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် OneMap Myanmar စီမံကိန်းကို ချိတ်ဆက်ပေးနိုင်မည်ဖြစ်ပြီး OneMap Myanmar စီမံကိန်းသည်လည်း Land and Property Bank စနစ်ကို ချိတ်ဆက်အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် Land and Property Bank စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက Ease of Doing Business Ranking အဆင့်များ တိုးတက်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရေး၊ စီးပွားရေးတိုးတက်ရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ကို

MSDP စီမံကိန်းနှင့် ချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်ပြီး ယင်းမူဘောင်တွင် အဓိကအပိုင်း(၂)ပိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ရမည့်အပိုင်း (နယ်ပယ် ၁ မှ ၄ အထိ)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ပါဝင်မှုဖြင့် ဆောင်ရွက်ရမည့်အပိုင်း (နယ်ပယ် ၅ နှင့် ၆)တို့ ပါရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ကို ရေးဆွဲခဲ့ရာတွင် အဓိကထားသည့် အချက်တစ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ကြရန် (Teamwork is key to success) ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လိုလားချက်များကို ဦးတည်ရေးဆွဲခဲ့ခြင်း မဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများကို ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန်အတွက်လည်း ရည်မှန်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

ပေါင်းစပ်ညှိနှိုင်း

ထို့ပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း ၂၀၂၀ ပြည့်နှစ်တွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန်၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ရွေးကောက်ပွဲကော်မရှင်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး အခြေခံမဲစာရင်း ကောက်ယူနိုင်ရေးအတွက် အဓိကကျသည့် လူဦးရေစာရင်းကို ၂၀၁၉ ခုနှစ် ဇွန်လမှ စက်တင်ဘာလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၁၀၀ ရာခိုင်နှုန်း ကောက်ယူပြီးစီးခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ပြည်သူနှင့်အတူ (Together with the People) ဆိုသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင်ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် မြို့နယ်အလိုက် ပြည်သူကိုဗဟိုပြုဆောင်ရွက်မည့် Town Hall Meeting များ ပြုလုပ်ရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၏ ကြီးကြပ်ပါဝင်မှုများနှင့် အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉) ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ပါဝင်မှုနှင့် ဆောင်ရွက်ရမည့် နယ်ပယ် ၅ နှင့် နယ်ပယ် ၆ ပါ လုပ်ငန်းစဉ်များကိုသာမက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ရမည့် နယ်ပယ် ၁ မှ ၄ အထိ လုပ်ငန်းစဉ်များကိုပါ ဝန်ကြီးချုပ်များအနေဖြင့် လိုအပ်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပေးရန်နှင့် အကြံပြုပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အချို့သောတိုင်းဒေသကြီး/ပြည်နယ်များတွင် စတင်ဆောင်ရွက်နေပြီဖြစ်သည့် One State One Township Project စီမံကိန်းများ အောင်မြင်နေသည်ကို ကြားသိရ၍ များစွာဝမ်းမြောက်မိပါကြောင်း၊ ကျန်ရှိသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း One State One Township Project စီမံကိန်းများနှင့် မြို့နယ်အလိုက် Town Hall Meeting များ အောင်မြင်စွာပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများအနေဖြင့် ပါဝင်ကြီးကြပ်ပေးနိုင်ရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉) ပါလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် OneMap Myanmar မှ GIS Programme Manager ဦးကျော်နိုင်ဝင်းက National Coding System Database (NCS) နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉) ပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပေါင်းစပ်ညှိနှိုင်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဖြစ်ကြသည့် ဒေါက်တာခက်အောင်၊ ဦးအယ်လ်ဖောင်းရှိ၊ ဦးဆလိုင်းလျန်လွယ်၊ ဒေါက်တာမြင့်နိုင်၊ ဦးမြင့်မောင်၊ ဦးဝင်းသိန်း၊ ဒေါက်တာအောင်မိုးညို၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာလင်းထွင့်နှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မွန်ပြည်နယ် စီမံ/ဘဏ္ဍာ ဝန်ကြီး ဦးဝဏ္ဏကျော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးဌာနများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

နေပြည်တော် နိုဝင်ဘာ ၇

၁။ ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာလ(၁၅)ရက်မှမေလ(၁၅)ရက်အတွင်းရေနည်းကာလသတ်မှတ်၍ရေယာဉ်များ၏ဝန်တင်ရေစူးကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်း ကန့်သတ်ထားသည်–

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁။	ဧရာဝတီမြစ်	ဟသံ်တ	ပြည်	၅	၆
၂။	။	ပြည်	မန္တလေး	၅	၀
၃။	။	မန္တလေး	ကသာ	၄	၀
၄။	။	ကသာ	ဗန်းမော်	၃	၉
၅။	။	ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။	။	မုံရွာ	ကလေး၀	၃	၃
၈။	။	ကလေး၀	ဟူမ္မလင်း	၃	၀
၉။	။	ဟူမ္မလင်း	ခန္တီး	၂	၆

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။

မြန်မာ-ဂျပန် အတူတကွ ပူးပေါင်းဆောင်ရွက်မှု ပဏာမခြေလှမ်း ဖြစ်ပေါ်တိုးတက်မှု (အဆင့်-၂) သတ္တမအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာ-ဂျပန် အတူတကွ ပူးပေါင်းဆောင်ရွက်မှု ပဏာမခြေလှမ်း ဖြစ်ပေါ်တိုးတက်မှု(အဆင့်-၂) သတ္တမအကြိမ် အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama ၊ သက်ဆိုင်ရာဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ဂျပန်သံရုံး၊ ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (မြန်မာ)(JCCM)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်မှုအဖွဲ့ (JETRO) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဂျပန်ဘက်မှ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံသည့် ဂျပန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံလာစေရေးနှင့် ရင်းနှီးမြှုပ်နှံရာတွင် လွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ဖြေလျှော့ပေးမှုများနှင့် စီစဉ်ဆောင်ရွက်ပေးမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာဘက်မှလည်း ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (မြန်မာ)(JCCM)မှ တင်ပြလာသည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

Myanmar Unified platform for Disaster Risk Application အား ဌာနဆိုင်ရာအသီးသီးသို့ မိတ်ဆက်ဖြန့်ချိုခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

Myanmar Unified platform for Disaster Risk Application (MUDRA) (မုဒ္ဒြာ)ဟု အမည်ပေးထားသော Online Platform ကို ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာ အသီးသီးသို့ မိတ်ဆက်ဖြန့်ချိုခြင်းနှင့် လက်တွေ့စမ်းသပ် အသုံးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက MUDRA Platform ကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသော e-Government လုပ်ငန်းအား ဝန်ကြီးဌာနအနေဖြင့် တစ်စိတ်တစ်ဒေသ ဖော်ဆောင်ခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါ e-Government ဦးဆောင်ကော်မတီ၏ နာယကနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က e-Government အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည့်အရေးကြီးသည့် အချက် သုံးချက်ကို လမ်းညွှန်မှာကြားထားပါကြောင်း၊ ၎င်းတို့မှာ (၁) ကျွမ်းကျင်မှု၊ (၂) ရင်းနှီးမြှုပ်နှံမှုနှင့် (၃) ပူးပေါင်းဆောင်ရွက်မှု

တို့ပင်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအနက် ကျွမ်းကျင်မှုကိုရရှိနိုင်ရန် အချိန်ယူဆောင်ရွက်ရပါကြောင်း၊ ထိုနည်းတူစွာရင်းနှီးမြှုပ်နှံမှုတွင်လည်း နိုင်ငံ၏ရန်ပုံငွေကြေးရရှိနိုင်မှုအပေါ် မူတည်၍ ဆောင်ရွက်ရသည့် အတွက် အကန့်အသတ်ဖြင့် ဆောင်ရွက်ရပါကြောင်း၊ တတိယအချက်ဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုသည် လက်ရှိလည်း ဆောင်ရွက်နေပြီး ချက်ချင်းဆောင်ရွက်နိုင်သည့်လုပ်ငန်းလည်း ဖြစ်ပါကြောင်း။

ယခု MUDRA သည် e-Government အတွက် ပူးပေါင်းဆောင်ရွက်မှု၏ နမူနာကောင်းတစ်ခု ဖြစ်ပါကြောင်း၊ မည်သူမဆို အလွယ်တကူဝင်ရောက်လေ့လာနိုင်ရန်နှင့် အသုံးပြုနိုင်ရန်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဘေးဒဏ်ကျရောက်နိုင်ခြေမြင့်မားသော ဧရာဝတီတိုင်းဒေသကြီးအတွက် ကနဦးသီးခြားဆန်းစစ်လေ့လာမှုများပြုလုပ်ခဲ့ပြီးဖြစ်ရာ ရေဘေး၊ မုန်တိုင်းဒီရေဘေးနှင့် မုန်တိုင်းလေပြင်းဘေးများ ကျရောက်နိုင်ခြေခန့်မှန်းတွက်ချက်ခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် လိုအပ်သော မြို့နယ်အလိုက် အန္တရာယ်ပြမြေပုံများကို ထုတ်ယူနိုင်ပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏သိုလှောင်ရုံများ၊ ဘေးဒဏ်ခံအဆောက်အဦများနှင့် ပတ်သက်သော အချက်အလက်များကို လေ့လာနိုင်ပြီဖြစ်ကြောင်း။

ယခု Platform ပေါ်တွင် ဌာနပေါင်း ၂၆ ခု၏အချက်အလက်များကိုထည့်သွင်းထားပြီး နောက်ပိုင်းတွင်လည်း သက်ဆိုင်ရာဌာနများက မိမိတို့၏သတင်းအချက်အလက်များကို အချိန်ကာလအပိုင်းအခြားပေါ် မူတည်ပြီး နောက်ဆုံးအခြေအနေများကို ဖြည့်သွင်းပေးကြရန် လိုအပ်ကြောင်း၊ MUDRA Platform ကရရှိသော အသိပညာ အချက်အလက်များကို အသုံးချ၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပိုမိုထိရောက်အောင်၊ ထိခိုက်ဆုံးရှုံးမှုများကို အစွမ်းကုန်လျှော့ချပေးနိုင်အောင်၊ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထု၏ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးစေရေး လုပ်ငန်းစဉ်တွင် ပြည်သူများသဘောပေါက်နားလည်စေမည့် စွမ်းဆောင်ရည်ရရှိစေခြင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဘေးဒဏ်ခံနိုင်ရည်ရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်စေမည့် စွမ်းဆောင်ရည်ရရှိစေခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုများအတွက် ရန်ပုံငွေကြေး သတ်မှတ်ဆောင်ရွက်ခြင်းကိစ္စရပ်များတွင် သိမြင်သဘောပေါက်မှုနှင့် စွမ်းဆောင်ရည်ရရှိစေခြင်းစသော ရလဒ်ကောင်းများဖြင့် အကျိုးပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

အောင်မြင်စွာ တည်ဆောက်

ထို့နောက် ကနေဒါသံရုံးမှ Head of Cooperation, Ms. Eileen Stewartနှင့် ADB ၏ Country Director, Mr. NewinSinsiri တို့က MUDRAOnline Platform အောင်မြင်စွာ တည်ဆောက်နိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က MUDRA နှင့်ပတ်သက်၍ မူဝါဒပိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးက MUDRA Platform အသုံးပြုမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် မြန်မာ-တရုတ်နယ်နိမိတ် ပူးတွဲစစ်ဆေးခြင်းအတွက် တတိယအကြိမ် ကြုံတင်ပြင်ဆင်ရေးကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

တတိယအကြိမ် မြန်မာ-တရုတ်နယ်နိမိတ် ပူးတွဲစစ်ဆေးခြင်းအတွက် တတိယအကြိမ် ကြုံတင်ပြင်ဆင်ရေးကော်မတီအစည်းအဝေးကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး တရုတ်ဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် ပင်လယ်သမုဒ္ဒရာရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Wang Wenli ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် တတိယအကြိမ် တရုတ်-မြန်မာ နယ်နိမိတ်ပူးတွဲစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံရမည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့် နယ်နိမိတ်တစ်လျှောက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရန်အတွက် နည်းပညာပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အဓိကထား၍ နှစ်ဖက်အကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း ဘာဘ်ဘယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၇

ယနေ့မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဘာဘ်ဘယ်" သည် အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဘာဘ်ဘယ်" အဖြစ်သို့ ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ ပါရာဒစ်ပ်မြို့ (သြရိသ)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၇၀ မိုင်ခန့်၊ စာဂါကျွန်း(အနောက်ဘင်္ဂလား ပြည်နယ်)၏ တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်နှင့် မောင်တောမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဘာဘ်ဘယ်" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဧလဗေဒ ညွှန်ကြားမှူ ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကြေးမုံ

ထာဝရငြိမ်းချမ်းရေးစေတီတော် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်နန်းတော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအကြို အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ၊ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအဖွဲ့ သြဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုဒ္ဓာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓေမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ (၂၄) ပစ္စည်းပဌာန်းပရိတ်အိုးများနှင့် ပဌာန်းကျမ်းစာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိဓေမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရ ဆရာတော်ကြီးထံမှ ပဌာန်းကျမ်းဆိုင်ရာ ဓမ္မကထာကို နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပဌာန်းပစ္စယုဒ္ဒေသပါဠိတော် ရွတ်ဆိုကြပြီး အနန္တနယသမန္တပဌာန်းကျမ်းတော်မြတ်ကြီးကို အလှည့်ကျ ဘာဏာက သံဃာတော်ကစ၍ သံဃာတော် ၁၈ ပါးတို့က စတင်ရွတ်ဖတ်ပူဇော်ကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆရာတော်၊ သံဃာတော် ၁၈ ပါးတို့က နိုဝင်ဘာ ၉ ရက်အထိ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာ ခြင်းဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၇

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အခြေခံပညာအဆင့် (၁၆) နှစ်အောက် ကျောင်းသား မြန်မာ့ရိုးရာ ခြင်းဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲနှင့် အမျိုးသား ၆ ပေါက်တန်း မြန်မာ့ရိုးရာ ခြင်းဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ပဲခူးမြို့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ငွေး တက်ရောက်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ **ကိုမိုး**

❖ **ကျောပိုးမှ**

လုံးဝမရှိဘူးဆိုတာ ပြောလိုပါတယ်"ဟု ဦးသန့်စင်လွင်က ပြောသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရှိ ကိုရီးယားစီးပွားရေးသံမှူးနှင့် ဆက်သွယ်မေးမြန်းရာတွင်လည်း သံမှူးက ယင်းထွက်ပေါ်ခဲ့သောသတင်းသည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဘင်္ဂလားဒေ့ရှ်ဘက်တွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းပြောကြားမှုအပေါ် ရာနှုန်းပြည့်မထောက်ခံကြောင်းကို ပြောကြားခဲ့ကြောင်း ဦးသန့်စင်လွင်က ပြန်လည်ပြောကြားသည်။

ထိုပြင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြတ်မိုးအတွင်းဝန်ကလည်း ကိုရီးယားသံအမတ်ကြီးနှင့် ဆက်သွယ်ပြောဆိုပြီး ဖြစ်ကာ ယင်းသတင်းသည် သတင်းမှားသာဖြစ်ကြောင်း ဦးသန့်စင်လွင်က ဆက်ပြောသည်။

အဆိုပါသတင်းကို ဖြေကြားခဲ့သည့် Korea Industrial Complex Co., Ltd. (KIC) ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ရင်းနှီးမြှုပ်နှံရန်အတွက် လာရောက်စုံစမ်းခဲ့မှုရှိသော်လည်း လုပ်ငန်းလုပ်ကိုင်ရန် ကြိုးစားခဲ့ခြင်းမျိုးမရှိကြောင်း သိရသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်

လက်ရှိ မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်၏ သုံးသပ်မှုများကောင်းမွန်လာသည့် အချိန်မျိုးတွင် ယင်းကဲ့သို့သတင်းမျိုးပေါ်ထွက်လာခြင်းမှာ ဝါဒဖြန့်ခြင်းမျိုးဖြစ်သည့်အပြင် နိုင်ငံရေးအရလည်း ပါဝင်သည်ဟုယူဆကြောင်း ၎င်းက ဆက်ပြောသည်။

ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံတွင် ဆဋ္ဌမမြောက်အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး စီမံကိန်းပေါင်း ၁၇၉ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ရှိကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၄ ဒသမ ၈၆ ရာခိုင်နှုန်းအထိရှိကြောင်း၊ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံရာတွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၁၀ ခု ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ပထမနေရာတွင်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ဒုတိယနေရာတွင်ရှိကြောင်း၊ စက်မှုဇုန်ကဏ္ဍတွင်လည်း စက်မှုဇုန်နှစ်ဇုန်ရှိကြောင်း သိရသည်။

ငြိမ်းငြိမ်း

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သီတင်းသုံးတော်မူကြသော သီလရှင်များ စုပေါင်းအလှူတော်ငွေ ပေးအပ်လှူဒါန်း

မန္တလေး နိုဝင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိမြို့နယ် ရာဇသင်္ဘာလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်အတွင်း ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် မန္တလေးတိုင်း ဒေသကြီးအတွင်း သီတင်းသုံးတော်မူကြသော သာသနာ့နွယ်ဝင်သီလရှင်များ၏ အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မြဝတီသီလရှင် စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ဒေသကြီး သီလရှင်အမှူဆောင်အဖွဲ့ ဥက္ကဋ္ဌ မြဝတီသီလရှင်စာသင်တိုက် နာယကဆရာကြီး အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဒေါ်ပညာဝတီ၊ အတွင်းရေးမှူး အနိဃာစာသင်တိုက် နာယက ဆရာကြီး ဒေါ်ဥက္ကဋ္ဌဝတီတို့ အမှူးပြုသော စာသင်တိုက် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ ခေတ္တညွှန်ကြားရေးမှူး ဦးအောင်သိန်းဦး၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သီလရှင်အမှူဆောင်အဖွဲ့ဥက္ကဋ္ဌ မြဝတီသီလရှင် စာသင်တိုက်နာယက ဆရာကြီး အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဒေါ်ပညာဝတီက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်တို့မှ သီလရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေကျပ် စုစုပေါင်း ၁၅၈ သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးကြည်မင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တင်မောင်-မန်းကိုယ်ပွား

❍ **မြန်မာ့လက်ရွေးစင်အသင်းမှ**

မိနစ် ၂၀ လောက်အထိ ပွဲကို ထိန်းချုပ်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် နီပေါအသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရသောကြောင့် ပထမပိုင်းပြီးခါနီးမှ မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့သည်။

အောင်သူ၏ ကန်ချက်ကို နီပေါဂိုးသမား ကာကွယ်ရာမှ ပြန်လျှံထွက်လာသော ဘောလုံးကို ဒေးဗစ်ဒန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ၆၉ မိနစ်တွင် အောင်သူ၏ ဖန်တီးပေးမှုမှတစ်ဆင့် လှိုင်းဘိုဘိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မန္တလေးမြို့တွင် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများအတွက် ဆက်လက်လေ့ကျင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အမှတ်မရသေးသောကြောင့် ယင်းနှစ်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။ **သတင်း-ရှင်းထက်ဇော်**

ဓာတ်ပုံ-ဘုန်းသော်

ဗြိတိန်ပါလီမန်အတွင်း အပြောင်းအလဲ တကယ်ဖြစ်တော့မှာလား . . .

ဗြိတိန်ပါလီမန်အတွင်းရှိ လွှတ်တော်အမတ်များက လေဘာပါတီမှ ဥပဒေပြုအမတ်လင်ဆေးဟိုလီအား ပါလီမန်ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်လိုက်သည်။ ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် အလွန်တရာရှုပ်ထွေးဖွယ်ရှိသည့် ဘရက်ဆစ်အရေးအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဂျွန်ဘာကောဏ်နေရာတွင် လူစားထိုးပြီး ပုံစံပြောင်းဆောင်ရွက်ရန် လုပ်ဆောင်ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်မှစတင်ပြီး ပါလီမန်အတွင်းတွင် အမိန့်ကိုလက်ကိုင်ထားပြီး ဆောင်ရွက်ခဲ့သော ဘာကောသည် ကြာသပတေးနေ့က ပါလီမန်၏ ဥက္ကဋ္ဌနေရာမှ နုတ်ထွက်ခဲ့သည်။ ယခုလက်ရှိ ဥက္ကဋ္ဌနေရာကို ဆက်ခံသူ ဟိုလီသည် ဘာကောဏ်၏ လက်ထောက်တစ်ဦးဖြစ်ပြီး လေဘာပါတီအမတ်အဖြစ် ၂၂ နှစ်ကြာ လုပ်ကိုင်ခဲ့သည်။ ပါလီမန်အတွင်းရှိ အမတ် ၅၄၀ အနက် ၃၂၅ ဦး၏ ထောက်ခံမှုကို ရရှိပြီး ပြိုင်ဘက်ခြောက်ဦးကို အနိုင်ရရှိကာ ပါလီမန်၏ ဥက္ကဋ္ဌနေရာကို ဟိုလီက ရယူနိုင်ခဲ့သည်။ အမိန့်အာဏာကိုလက်ကိုင်ထားပြီး အုပ်ချုပ်သော ဘာကောဏ်ဆုံးဖြတ်ချက်များသည် ဘရက်ဆစ်အရေးအား ဝင်ရောက်စွက်ဖက်လိုသော သဘောထားရှိသည်ဟု ကွန်ဆာဗေးတစ်အမတ်များက ရှုမြင်ကြပြီး ၎င်းအားဒေါသအမျက်ထွက်ခဲ့ကြသည်။

ဘရက်ဆစ်အရေးတွင် တစ်ဦးတစ်ယောက်အား ဘက်လိုက်ခဲ့သည်ဆိုသော အချက်ကို ဘာကောက ပြင်းပြင်းထန်ထန် ငြင်းပယ်ခဲ့သည်။သို့သော်ဥရောပလိုလားသော အုပ်စုများနှင့် ကမ္ဘာ့နိုင်ငံများက ဘာကောဏ်၏ ဆုံးဖြတ်ချက်များနှင့် စွမ်းဆောင်မှုအပေါ် ချီးကျူးဂုဏ်ပြုခဲ့ကြသည်။ ယခုလက်ရှိအနိုင်ရခဲ့သော လင်ဆေးဟိုလီမှာ နိုင်ငံရေးတွင် ဝါရင့်သူ သက်တမ်းအရှည်ဆုံးအမျိုးသမီး လွှတ်တော်အမတ် ဟဲရစ်ဟာမန်ကို မဲအနည်းငယ် အသာဖြင့် အနိုင်ရရှိခဲ့သည်။

ဗြိတိန်ပါလီမန် ဥက္ကဋ္ဌသစ် လင်ဆေးဟိုလီ

“ဘရက်ဆစ်အရေးနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေဟာ ကျွန်တော်နဲ့တကွ ပါလီမန်တစ်ခုလုံးအတွက်ဖြစ်ပါတယ်။ ပါလီမန်အတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သော ဘရက်ဆစ်အရေးဆိုင်ရာ တစ်ဖက်သတ်ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ ဒီလို အရောင်မှိန်စေတဲ့ လုပ်ရပ်တွေကို ပြန်လည်အရောင်တင်ဖို့ ဆောင်ရွက်ရပါမယ်” ဟု ဟိုလီက ပြောကြားသည်။

ခေါင်းဆောင်သစ်အားကြိုဆို

၎င်းအား ကြိုဆိုရာတွင် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဟိုလီတွင် အရည်အချင်းကောင်းများစွာရှိသည်ကို တွေ့ရှိခဲ့ရသည်ဟု ပြောကြားခဲ့သည်။ သို့သော် ဟိုလီအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ ပါလီမန်နှစ်ခြမ်းကွဲမည့်အနေအထားရှိနေသဖြင့် ၎င်း၏ ဥက္ကဋ္ဌရာထူးနေရာတွင် သက်သောင့်သက်သာ တာဝန်ထမ်းဆောင်နိုင်မည့် အနေအထားမျိုးကို မတွေ့မြင်ရချေ။ အတိတ်ကာလအတွင်းက ပါလီမန်ဥက္ကဋ္ဌနေရာကိုဆက်ခံသည့် အခမ်းအနားသည် ထူးထူးခြားခြား အခမ်းအနားတစ်ခုမဟုတ်ချေ။ ဥက္ကဋ္ဌဟောင်းဘာကောမှာ ဘရက်ဆစ်အရေး၏ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သည်။ အောက်လွှတ်တော်အတွင်း ဘရက်ဆစ်အရေးနှင့်ပတ်သက်ပြီး ကွဲပြားမှုများကြောင့် ၎င်း၏ရာထူးသက်တမ်းသုံးနှစ်တာကာလအတွင်း ဘရက်ဆစ်အရေးဆိုင်ရာ ငြင်းခုံမှုများကို ဘာကောက ကြီးကြပ်ဆောင်ရွက်ခဲ့ရသည်။

၎င်းအားထောက်ခံသူများက ဘာကောသည် လွှတ်တော်အမတ်များအား အရေးပေါ်ငြင်းခုံပွဲများ ကျင်းပနိုင်ရန်နှင့် ဥပဒေများပြင်ဆင်နိုင်ရန် အခွင့်အာဏာများ ပေးအပ်ခဲ့ကြောင်းဆိုသည်။ ၎င်းအားဝေဖန်သူများက ဘာကောသည် ဘရက်ဆစ်အရေးအား နှောင့်ယှက်ရန်အတွက် ပါလီမန်၏ ဓလေ့ထုံးစံများကို သေးသိမ်အောင် ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဖြစ်သော ဂျယ်ရမီကိုဘန်းက ဘာကောဏ်၏ ပါလီမန်အပေါ် ပြည်သူများ၏ ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်နိုင်မှု၊ ပါလီမန်အတွင်း ရိုးရာဝတ်စုံများ ဝတ်ဆင်ခြင်းမှ ပြောင်းလဲပြီး ယနေ့ခေတ်အဝတ်အစားများဝတ်ဆင်လာနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းတို့အပေါ် ချီးကျူးပြောဆိုခဲ့သည်။ ဂျာမန်ရုပ်မြင်သံကြားဌာနတစ်ခုက ဘာကောသည် မဇြိမ်မသက်ဖြစ်နေသော လွှတ်တော်အမတ်များအား ငြိမ်သက်စေရန် အကြိမ်ပေါင်းများစွာ ကြိုးပမ်းခဲ့သူဖြစ်ကြောင်း ပြောကြားခဲ့သည်။ လာမည့် ဒီဇင်ဘာရွေးကောက်ပွဲတွင် ဂျွန်ဆင်အနိုင်ရခဲ့ပါက ပါလီမန်ဥက္ကဋ္ဌ၏ အနေအထားသည် နိုင်ငံရေးဆိုင်ရာ ငြင်းခုံပွဲများတွင် ခုံသမာဓိလူကြီးအဖြစ် တာဝန်ထမ်းဆောင်ရမည့် အခြေအနေတွင်ရှိနေသည်။

အဆိပ်တက်နေသော ပါလီမန်

ဟိုလီက သည်ဆန်းဒေါ်ဇင်းစ်သတင်းစာနှင့်ပြုလုပ်သော အင်တာဗျူးတွင် ပါလီမန်အား ပြန်လည်ပြုပြင်သွားမည်ဟု ပြောကြားခဲ့သည်။ “တစ်ဦးနဲ့တစ်ဦး အသုံးချနေတာကို ကျွန်တော့်အနေနဲ့မလိုလားပါဘူး။ ပါလီမန်ကို လည်း အေးဆေးတည်ငြိမ်တဲ့ နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်သွားမှာပါ”ဟု ဟိုလီက ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

လူငယ်များအား အွန်လိုင်းဂိမ်းကစားချိန် တရုတ်အစိုးရ ကန့်သတ်

ပေကျင်း နိုဝင်ဘာ ၇

တရုတ်အစိုးရက နိုင်ငံအတွင်း အွန်လိုင်းဂိမ်းကစားချိန်အရေအတွက်ကို ကန့်သတ်လိုက်သည့် အမိန့်တစ်ရပ်ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် အသက် ၁၈ နှစ်အောက်လူငယ်များအနေဖြင့် ည ၁၀ နာရီမှ နံနက် ၈ နာရီအတွင်း အွန်လိုင်းဂိမ်းကစားခွင့်ကို ပိတ်ပင်တားမြစ်ထားရုံသာမက နေ့အချိန်တွင်လည်း ဂိမ်းတစ်ကြိမ် ကစားလျှင် မိနစ် ၉၀ ခန့်သာ ကစားရန် ခွင့်ပြုထားကြောင်း သိရသည်။

အသက် ၁၆ နှစ်မှ ၁၈ နှစ်အတွင်းရှိ လူငယ်များ၏ ဂိမ်းကစားမှုမှ တစ်လတာကုန်ကျငွေပမာဏသည် အမေရိကန် ဒေါ်လာ ၂၈ ဒေါ်လာ အနည်းဆုံးကုန်ကျမှုရှိကြောင်း လေ့လာဆန်းစစ်တွေ့ရှိရသည်။ ယခုကဲ့သို့ ဂိမ်းကစားချိန် အရေအတွက်ကို ကန့်သတ်လိုက်သည့်အတွက် လူငယ်များ၏ကုန်ကျငွေကို ထိန်းသိမ်းပေးရာရောက်သည်။

နိုင်ငံအတွင်း အွန်လိုင်းဂိမ်းကစားသူများသည် We Chat အကောင့်၊ ဖုန်းနံပါတ် သို့မဟုတ် ကိုယ်ရေးအချက်အလက်အပြည့်အစုံပါဝင်သည့် အမည်စာရင်းများကို မဖြစ်မနေတင်သွင်းရမည်ဖြစ်သည်။ ဂိမ်းထုတ်လုပ်သည့် ကုမ္ပဏီများကိုလည်း လူငယ်များအား ဂိမ်းကစားရင်း အချိန်မကုန်စေရန် ဂိမ်းကစားနည်းတစ်ခုစီတွင်ပါဝင်သည့် အကြောင်းအရာများကို ပြန်လည်မွမ်းမံရန် တရုတ်အစိုးရက တိုက်တွန်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အွန်လိုင်းဂိမ်းဈေးကွက် အကြီးဆုံးတစ်ခုဖြစ်သည့်အတွက် ဂိမ်းကစားသူများ၏ ကျန်းမာရေးထိခိုက်နိုင်မှု၊ အမြင်အာရုံချို့ယွင်းလာမှုအပြင် ဂိမ်းကစားနည်းတစ်ခုတည်းတွင်သာ အချိန်ကုန်ဆုံးစေမှု စသည့် မလိုလားအပ်သည့်ဆိုးကျိုးများ ဖြစ်ပေါ်စေသည့်အတွက် တရုတ်အစိုးရက ယခုကဲ့သို့

ဂိမ်းကစားချိန်အရေအတွက်ကို ကန့်သတ်ပေးခြင်းဖြစ်သည်။ ဂိမ်းကစားချိန်အရေအတွက် ကန့်သတ်မှုကြောင့် နံနက် ၆ နာရီခွဲမှ ည ၁၀ နာရီအထိ ကျောင်းသင်ခန်းစာများနှင့်သာ အချိန်ကုန်ဆုံးရမည်ဖြစ်သည့်အတွက် ဆယ်ကျော်သက်ကလေးငယ်များအနေဖြင့် ဂိမ်းကစားရသည့်အချိန် မရှိသလောက်လျော့နည်းသွားပြီဖြစ်ကြောင်း ဂိမ်းကစားသူ လူငယ်တစ်ဦးက ဆိုသည်။

တရုတ်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Tencent က လူငယ်များ ဂိမ်းကစားမှုကို လျော့ကျစေရန်ရည်ရွယ်သည့် ထိန်းချုပ်ကန့်သတ်မှုများ ပါဝင်သော ဂိမ်းကစားနည်းများကို လွန်ခဲ့သော မတ်လကစပြီး စတင်အကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ကျော်ကျော်

အာဖဂန်နစ္စတန်၌ အမျိုးသမီးဝတ်စုံဖြင့် ရုပ်ဖျက်ထားသော အိုင်အက်စ်စစ်သွေးကြွလေးဦး အဖမ်းခံရ

ဂျလာလဘတ်(အာဖဂန်နစ္စတန်) နိုဝင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက် နန်ဂါဟာပြည်နယ်၌ ပြုလုပ်သော ရှာဖွေစစ်ဆေးမှုတစ်ခုတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့က အမျိုးသမီးဝတ်စုံများ ဝတ်ဆင်ကာ ရုပ်ဖျက်ထားသော အိုင်အက်စ်စစ်သွေးကြွလေးဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်နယ်အစိုးရက ယနေ့ပြောကြားသည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ လက်ဝယ်မှ လွတ်မြောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရိုးရာအမျိုးသမီးဝတ်စုံများ ဝတ်ဆင်ကာ ရုပ်ဖျက်ထားသော အိုင်အက်စ်စစ်သွေးကြွလေးဦးကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့က နန်ဂါဟာပြည်နယ် အာချင်ခရိုင်တွင် နိုဝင်ဘာ ၆ ရက်က ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်သည်။ အာချင်ခရိုင်သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များအား ဒေသအတွင်းမှ ရှင်းလင်းဖယ်ရှားရန် အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ ရှာဖွေမှုစစ်ဆင်ရေး စတင်ခဲ့ရာ ဒေသဖြစ်သည်။

ဖမ်းဆီးခံရသည့်စစ်သွေးကြွလေးဦးကို မီဒီယာများက တွေ့ဆုံမေးမြန်းခဲ့ရာ အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့် ဆက်နွယ်မှုရှိကြောင်း ဝန်ခံခဲ့ကြသည်။

အာဖဂန်နစ္စတန်အစိုးရအား ဆန့်ကျင်သည် စစ်သွေးကြွများသည် စစ်မက်ဖြစ်ပွားရာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိဒေသအများအပြားတွင် ရိုးရာအမျိုးသမီးဝတ်စုံများအား ဝတ်ဆင်ခြင်း သို့မဟုတ် အရပ်သားများ၏ နေအိမ်များတွင် ပုန်းခိုခြင်းအားဖြင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ လက်ဝယ်မှ လွတ်မြောက်နိုင်ရန် ပုံမှန်ကြိုးပမ်းလုပ်ဆောင်လေ့ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျေတီ

ထိုင်းလူမျိုးများ၏ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးကျဆင်းနေကြောင်း ပညာရေးကုမ္ပဏီတစ်ခုက ပြောကြား

ဗန်ကောက် နိုဝင်ဘာ ၇

ပညာရေးဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သော EF Education First ၏ ဖော်ပြချက်အရ ထိုင်းလူမျိုးများ၏ အင်္ဂလိပ်စာကျွမ်းကျင်မှုသည် လွန်ခဲ့သော သုံးနှစ်အတွင်း အရည်အသွေးကျဆင်းနေကြောင်း သိရသည်။

ထိုကုမ္ပဏီမှထုတ်ပြန်သော မှတ်တမ်းတွင် ထိုင်းလူမျိုးများ၏ အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးသည် နိုင်ငံပေါင်း ၁၀၀ တွင် ၇၄ နေရာ၌ ရပ်တည်နေပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးမှာ အလွန်နိမ့်ကျနေကြောင်းဆိုသည်။ ၂၀၁၈ ခုနှစ်တွင်မူ နိုင်ငံပေါင်း ၈၈ နိုင်ငံတွင် အဆင့် ၆၄ နေရာတွင်ရပ်တည်နေပြီး ၂၀၁၇ ခုနှစ်တွင်မူ နိုင်ငံပေါင်း ၈၀ တွင် အဆင့် ၅၃ နေရာတွင် ရပ်တည်နေသည်။

ဒေသအလိုက်နှိုင်းယှဉ်ရာတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးမှာ ထိုင်းနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့သည် အရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းတို့ထက် အနည်းငယ်သာလွန်နေကြောင်းဆိုသည်။ ဗန်ကောက်မြို့သည် ထိုင်းနိုင်ငံတွင် အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေး အမြင့်မားဆုံး၌ရှိနေပြီး ၎င်း၏နောက်မှ နွန်သာဘူရီခရိုင်၊ ချင်းမိုင်၊ ရွှန်ဘူရီနှင့် ခွန်ကန်ဒေသရှိ ဒေသခံများမှာ အင်္ဂလိပ်စာ ကျွမ်းကျင်မှုအရည်အသွေးတွင် အစဉ်လိုက် ရပ်တည်နေကြကြောင်း သိရသည်။ ထိုင်းနိုင်ငံရှိ အမျိုးသားများမှာ အမျိုးသမီးများထက် အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးတွင် အနည်းငယ်မျှသာလွန်နေကြောင်း အဆိုပါမှတ်တမ်းတွင် ရေးသားထားသည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးတွင် ကမ္ဘာပေါ်ရှိ ဥရောပနိုင်ငံ လေးနိုင်ငံပြီးလျှင် စင်ကာပူမှာ အဆင့်ငါးနေရာတွင် ရပ်တည်နေကြောင်း သိရသည်။ အဆိုပါ မှတ်တမ်းတွင် ခရီးသွားလုပ်ငန်းကိုသာမှီခိုနေရသောထိုင်းနှင့်ကမ္ဘောဒီးယားတို့တွင် အင်္ဂလိပ်စာကျွမ်းကျင်မှု အရည်အသွေးကျဆင်းနိုင်ကြောင်း အသိပေးထားသည်။ **ကိုးကား-ဗန်ကောက်ပို့စ်**
ဘာသာပြန်-စိုးသူရ

အမေရိကန်-တရုတ် ထိပ်သီးဆွေးနွေးပွဲ ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းဖွယ်ရှိ

ဝါရှင်တန် နိုဝင်ဘာ ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရီကျင့်ဖျင်တို့အကြား ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပမည့်နေရာနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်နေသောကြောင့် ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းဖွယ်ရှိနေသည်။

နိုဝင်ဘာလလယ်တွင်ကျင်းပမည့် အေပက်ထိပ်သီးဆွေးနွေးပွဲပြင်ပ၌ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံမည်ဖြစ်သော်လည်း ချီလီနိုင်ငံက ထိုအစီအစဉ်ကို ပယ်ဖျက်ခဲ့သည်။ ပြီးခဲ့သည့်လ ဝန်ကြီးအဆင့်ဆွေးနွေးမှုများအတွင်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့ သဘောတူညီခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို ခေါင်းဆောင်နှစ်ဦးက လက်မှတ်ရေးထိုးမည်ဟု မျှော်မှန်းရသည်။ ခေါင်းဆောင်နှစ်ဦး၏ ထိပ်သီးဆွေးနွေးမှုအတွက် ဥရောပနှင့် အာရှတိုက်ရှိ အစားထိုးနေရာများကို ထည့်သွင်းစဉ်းစားနေကြောင်း နိုင်ငံတကာမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံ လိုးဝါးပြည်နယ်၌ ထိပ်သီးအစည်းအဝေးကျင်းပရန် မျှော်လင့်ခဲ့သော်လည်း ထိုနေရာမှာမဖြစ်နိုင်ကြောင်း သတင်းများက ဆိုသည်။ ဒေါ်နယ်ထရန့်နှင့် ရီကျင့်ဖျင်တို့၏ ထိပ်သီးဆွေးနွေးမှုမှာ လာမည့်လအထိ ကြန့်ကြာဖွယ်ရှိကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။ ပြီးခဲ့သည့်လ ကုန်သွယ်ရေးဆွေးနွေးမှုများ၌ သဘောတူခဲ့သည့် အကြောင်းအရာများကို ဖော်ဆောင်ရန် အမေရိကန်နှင့် တရုတ်နိုင်ငံတို့က ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်သော ရပ်တည်ချက်များကဲ့သို့သော ကိစ္စရပ်များက ထိပ်သီးဆွေးနွေးမှု နောင့်နှေးစေသည့် အကြောင်းရင်းဖြစ်ကြောင်း အချို့က ပြောကြားသည်။

ပထမအဆင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပါက တရုတ်ပို့ကုန်များအပေါ် သတ်မှတ်ထားသည့် စည်းကြပ်ခွန်အချို့ လျှော့ချရန် သမ္မတ ထရန့်က သဘောတူရဖွယ်ရှိသည်။

ကိုးကား-အင်နှိုင်းအိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရီကျင့်ဖျင်

ဂျပန်နိုင်ငံ အာမိုရီစီရင်စုတွင် အမေရိကန် အက်ဖ်-၁၆ တိုက်လေယာဉ်ပေါ်မှ သက်မဲ့ဗုံး မတော်တဆပြုတ်ကျမှုဖြစ်ပွား

တိုကျို နိုဝင်ဘာ ၇

ဂျပန်နိုင်ငံမြောက်ပိုင်း အာမိုရီစီရင်စုရှိ လေ့ကျင့်ရေးကွင်းအပြင်ဘက် ပုဂ္ဂလိကပိုင်မြေကွက်ပေါ်သို့ အမေရိကန် အက်ဖ်-၁၆ တိုက်လေယာဉ်ပေါ်မှ သက်မဲ့ဗုံး မတော်တဆပြုတ်ကျမှု ဗုဒ္ဓဟူးနေ့ ညနေပိုင်းက ဖြစ်ပွားခဲ့သည်။ ဂျပန်နိုင်ငံရှိအမေရိကန်တပ်ဖွဲ့ထံမှ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အသိပေးမှုကို ရရှိပြီးနောက် ဒေသန္တရအစိုးရအဖွဲ့သို့ အသိပေးအကြောင်းကြားခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မီဆာဝါ လေတပ်အခြေစိုက်စခန်း၌ အခြေပြုသည့် အက်ဖ်-၁၆ တိုက်လေယာဉ်သည် ယင်းလေတပ်အခြေစိုက်စခန်း၏ မြောက်ဘက်ရှိ ဝေဟင်မှ မြေပြင်ပစ် အမြောက်ပစ်ကွင်းအနီးတွင် လေ့ကျင့်ရေးဗုံးတစ်ခုကို မတော်တဆလွှတ်ချခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့၏ အဆိုကိုကိုးကား၍ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ တိုက်လေယာဉ်ပေါ်မှ ပြုတ်ကျသည့် အရာသည် သက်မဲ့ဗုံးတစ်လုံးဖြစ်ကြောင်း၊ ယင်းဗုံးကို အမြောက်ပစ်ကွင်းအနီး ပုဂ္ဂလိကပိုင် မြေပေါ်တွင် တွေ့ရှိခဲ့ကြောင်း၊ ယင်းဗုံးကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း အမေရိကန်တပ်ဖွဲ့က ရှင်းပြသည်။

ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့က အက်ဖ်-၁၆ တိုက်လေယာဉ်သည် ဗုဒ္ဓဟူးနေ့နောင်းပိုင်းက ဒရောက်ဟန် အမြောက်ပစ်ကွင်းမှ ငါးကီလိုမီတာအကွာတွင် ယင်းဗုံးကို မတော်မဆလွှတ်ချမိကြောင်း ကြာသပတေးနေ့က ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။ ယင်းဖြစ်ရပ် ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း၊ ဂျပန်အစိုးရထံသို့ ကြာသပတေးနေ့ နံနက်က သဘောတူညီချက်များနှင့်အညီ အသိပေးအကြောင်းကြားထားကြောင်း ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့က ပြောသည်။

ဒရောက်ဟန် အမြောက်ပစ်ကွင်းသည် အာမိုရီစီရင်စုရှိ ရေ့ကာရှိကျေးရွာနှင့် မီဆာဝါမြို့တို့ကို ခွလျက်တည်ရှိသည့် အမေရိကန်က စီမံခန့်ခွဲသည့် အမြောက်ပစ်ကွင်း ဖြစ်သည်။ ယင်းအမြောက်ပစ်ကွင်းသည် ဟွန်ရှူးကျွန်းပေါ်ရှိ ဝေဟင်မှ မြေပြင်သို့ ပစ်ခတ်ခြင်းနှင့် ဗုံးကြဲခြင်းတို့ကို လေ့ကျင့်နိုင်သည့် တစ်ခုတည်းသော အမြောက်ပစ်ကွင်းဖြစ်သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ၎င်းအမြောက်ပစ်ကွင်းကို အမေရိကန်တပ်ဖွဲ့နှင့် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့တို့ ပူးတွဲအသုံးပြုကြောင်း သိရသည်။ **ကိုးကား-အင်နှိုင်းအိတ်ချ်ကေ**

ဘာသာပြန်-အောင်ဇော်လင်း

စစ်ဘက်အင်အား တိုးမြှင့်တည်ဆောက်သွားမည်ဟု ပူတင်ပြောကြား

မော်စကို နိုဝင်ဘာ ၇

ရုရှားအစိုးရသည် ၎င်း၏ စစ်ဘက်အင်အားကို တိုးမြှင့်တည်ဆောက်မည်ဖြစ်ရာ လက်နက်ဖျက်သိမ်းရေးလုပ်ငန်းစဉ်ကိုလည်း တစ်ပြိုင်တည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

"ကျွန်တော်တို့ရဲ့ ကြည်းတပ်နဲ့ ရေတပ်ဟာ တိုက်ပွဲအတွက် သူတို့ရဲ့ အဆင်သင့်ဖြစ်မှုကို သက်သေပြသနိုင်ခဲ့ပြီးဖြစ်ရာ ကျွန်တော်တို့ရဲ့ ကာကွယ်ရေးစွမ်းပကား တိုးမြှင့်ဖို့နဲ့ အခြားနိုင်ငံတွေမှာ မရှိသေးတဲ့ အသံထက်မြန်တဲ့ လက်နက်၊ လေဆာနဲ့ အခြားခေတ်မီလက်နက်တွေရဲ့ တိုက်ခိုက်ရေးသတိပေးစနစ်တွေကို တပ်ဆင်ထားဖို့ ရည်ရွယ်ထားပါတယ်" ဟု ပူတင်က အဆင့်မြင့်အရာရှိများ၊ ရှေ့နေများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားလိုက်သည်။

ယခုကဲ့သို့ ခေတ်မီလက်နက်စနစ်များ တပ်ဆင်ရန် ရုရှား၏ ရည်ရွယ်ချက်သည် အခြားနိုင်ငံတစ်စုံတစ်ခုကိုမျှ ခြိမ်းခြောက်ရန် ရည်ရွယ်ခြင်း မဟုတ်ကြောင်း၊ ရုရှား၏ နောက်ဆုံးပေါ်လက်နက်များသည် အဓိကအားဖြင့် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် လုံခြုံရေးခြိမ်းခြောက်မှုများကိုသာ အာမခံမည်ဖြစ်ကြောင်း ပူတင်က ထပ်မံပြောကြားသည်။

ရုရှားနိုင်ငံသည် အကုန်အကျများသော လက်နက်အားပြိုင်မှုကို မလိုလားသလို ဖျက်ဆီးနိုင်မည့် လက်နက်အားပြိုင်မှုသို့ ဆွဲဆောင်ခြင်း ခံမည်မဟုတ်ကြောင်း ပူတင်က ပြောကြားသည်။

သို့သော် အဆင့်မြင့်လက်နက်များ ထုတ်လုပ်မှုသည် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုအကြား တင်းမာမှုအရှိန်မြင့်မားနေစဉ် မရှိမဖြစ် လိုအပ်ကြောင်း ပူတင်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

ဆင်းရဲမှု လျှော့ချရေးလေ့လာရန် ထိုင်းအရာရှိများကို တရုတ်နိုင်ငံသို့ ထိုင်းဝန်ကြီးချုပ် စေလွှတ်မည်

ဗန်ကောက် နိုဝင်ဘာ ၇

ဆင်းရဲမှုကို မည်သို့တိုက်ဖျက်ရမည်ကို လေ့လာရန်အတွက် ထိုင်းအစိုးရအရာရှိများကို တရုတ်နိုင်ငံသို့ စေလွှတ်ရန် စီစဉ်ထားကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ကြာသပတေးနေ့က အတည်ပြုပြောကြားသည်။

ဆင်းရဲမှုပြဿနာကို ဖြေရှင်းမည့် နည်းလမ်းများကို လေ့လာရန်အတွက် စိုက်ပျိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အခြားအစိုးရအေဂျင်စီများမှ အရာရှိအချို့ကို တရုတ်နိုင်ငံသို့သွားရန် တာဝန်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထိုင်းအစိုးရအရာရှိများက တရုတ်ပုံစံ ဆင်းရဲမှုတိုက်ဖျက်မှုကို လေ့လာမည်ဖြစ်ကြောင်း၊ ယင်းပုံစံကို ထိုင်းနိုင်ငံရှိ ဆင်းရဲသားများအတွက် အသုံးချကောင်း အသုံးချနိုင်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားသည်ဟု ဆိုသည်။ ထိုင်းနိုင်ငံ၏ လူဦးရေသည် ၆၇ သန်းရှိရာ အများစုသည် ဝင်ငွေနည်းအုပ်စုတွင် ပါဝင်သည်။

ဆင်းရဲမှု ဖိစီးသည့် ထိုင်းအရှေ့မြောက်ဘက် ဆီဆာခတ်ပြည်နယ် ရာဆီဆာလိုင်ခရိုင်ရှိ ဆန်အခြောက်ခံစက်ရုံနှင့် တောင်သူလယ်သမားတို့ထံသို့ ကြာသပတေးနေ့က အလည်အပတ်သွားရောက်သည့် ခရီးစဉ်တွင် ဝန်ကြီးချုပ်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း

အိုင်အက်စ်ခေါင်းဆောင် ဘာဒါဒီ၏ မိသားစုဝင်များကို ထိန်းသိမ်းထားဟု တူရကီပြော

အန်ကာရာ နိုဝင်ဘာ ၇

အာဏာပိုင်များက ကွယ်လွန်သူ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ခေါင်းဆောင် အဘူဘေကာအယ်လ်ဘာဒါဒီ၏ မိသားစုဝင်များကို ထိန်းသိမ်းခဲ့ကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားသည်။

ပြီးခဲ့သောလအတွင်း အမေရိကန်တပ်ဖွဲ့များက ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ၎င်းပုန်းအောင်းရာနေရာကို စီးနင်းတိုက်ခိုက်ချိန်တွင် ဘာဒါဒီက ကိုယ့်ကိုယ်ကိုယ် ဗုံးဖောက်ခွဲ၍ သတ်သေခဲ့သည်ဟု ဆိုသည်။ ဘာဒါဒီ၏ဇနီး၊ အစ်မနှင့် အစ်မဖြစ်သူ၏ ခင်ပွန်းတို့ကို တူရကီနိုင်ငံ၌ ထိန်းသိမ်းထားကြောင်း သမ္မတ အာဒိုဂန်က နိုဝင်ဘာ ၆ ရက်တွင် ဝန်ခံပြောကြားခဲ့သည်။ အာဒိုဂန်က အသေးစိတ်မပြောကြားသော်လည်း ဇနီးလေးဦးအနက် တစ်ဦးကို တူရကီနိုင်ငံတောင်ပိုင်း ဟာတေးပြည်နယ်၌ ပြီးခဲ့သည့်နှစ် ဇွန်လအတွင်း ထိန်းသိမ်းခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြခဲ့သည်။ ဘာဒါဒီ၏အစ်မနှင့် သူ၏ ခင်ပွန်းတို့ကို ဆီးရီးယားနိုင်ငံမြောက်ပိုင်း နယ်စပ်အနီး၌ မကြာသေးမီက ဖမ်းဆီးမိခဲ့သည်ဟု ဆိုသည်။

အဆိုပါဇရီယာကို တူရကီတပ်ဖွဲ့များက ထိန်းချုပ်ထားသည်။ အိုင်အက်စ်အဖွဲ့နှင့် သံသယဖြစ်ဖွယ်ရာ ဆက်နွယ်မှုများကြောင့် တူရကီအစိုးရက ပြီးခဲ့သည့် သီတင်းပတ်နောက်ပိုင်း လူပေါင်း ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

ကိုးကား-အင်နှိုင်းအိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး

ထိုင်းနိုင်ငံ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၊ ဒေသခန့်ဝန်ထမ်း ဦးသန်းထိုက်စိုး (ခ) ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း(ခ)စောဂျက်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်မှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြု၍ အဂတိလိုက်စား ဆောင်ရွက်နေသော ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိသည် အလုပ်ခေါ်စာ (Demand Letter)များကို ခွင့်ပြုမိန့် အမြန်လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီ ၁၂ ခုထံမှ လာဘ်ငွေ ထိုင်းဘတ်ငွေ ၅၇၄၃၀၀ ကို တောင်းခံရယူခြင်း၊ ပြည်ပအလုပ်အကိုင် အေဂျင်စီကုမ္ပဏီများက အလုပ်သမားအမည်စာရင်း (Name List) များ တင်ပြရာတွင် အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၀၀ နှုန်းဖြင့် ကုမ္ပဏီ ၁၆ ခုထံမှ ထိုင်းဘတ်ငွေ ၃၈၇၃၀၀၀ ကို လက်ခံရယူခဲ့ကြောင်း ဖော်ပြ၍ အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

တိုင်ကြားစာနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး ပြည်တွင်းတွင် တိုင်ကြားသူကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သက်သေများ စစ်ဆေးခြင်း၊ စာရွက်စာတမ်းအထောက်အထား သိမ်းဆည်းခြင်း၊ မြန်မာနိုင်ငံ ဗဟိုဘဏ်မှ စာရင်းများကို တောင်းခံရယူ စစ်ဆေးခြင်းနှင့် တိုင်ကြားစာပါကိစ္စမှာ မြန်မာနိုင်ငံသားက ပြည်ပတွင် ကျူးလွန်သည့်ကိစ္စဖြစ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ပြီး သက်သေများ စစ်ဆေးခြင်း၊ ထိုင်းနိုင်ငံရှိ ဘဏ်တစ်ခုမှ ဘဏ်စာရင်းများ တောင်းခံရယူခြင်းတို့ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ထိုင်းနိုင်ငံ အလုပ်သမား သံအရာရှိ ဦးစန်းမောင်ဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားသံရုံး၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၆ ရက်ထိ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း အလုပ်ခေါ်စာ (Demand Letter) များကို ပြည်ပအလုပ်အကိုင်အေဂျင်စီကုမ္ပဏီများက တင်ပြရာတွင် ခွင့်ပြုမိန့်အမြန်လက်မှတ်ရေးထိုးပေးရန်အတွက် ကုမ္ပဏီများထံမှ လာဘ်ငွေအဖြစ် ထိုင်းဘတ်ငွေများကို တောင်းခံရယူခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ထိုင်းနိုင်ငံအလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးသည် ပြည်ပအလုပ်အကိုင်အေဂျင်စီကုမ္ပဏီများက အလုပ်သမားအမည်စာရင်း (Name List) များကို တင်ပြရာတွင် အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၀၀ နှုန်း ကောက်ခံပြီး ကုမ္ပဏီများထံမှ လာဘ်ငွေအဖြစ် ထိုင်းဘတ်ငွေများကို ဒေသခန့်ဝန်ထမ်း ဦးသန်းထိုက်စိုး (ခ) ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း (ခ) စောဂျက် အပါအဝင် ၎င်းက တာဝန်ပေးအပ်ထားသည့် အရပ်သားတချို့ထံမှတစ်ဆင့် လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း၊ ဦးသန်းထိုက်စိုး (ခ) ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း (ခ) စောဂျက်တို့သည် ဦးစန်းမောင်ဦး အဂတိလိုက်စားမှုကျူးလွန်ရာတွင် အားပေးကူညီခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထိုင်းနိုင်ငံ အလုပ်သမားသံအရာရှိဦးစန်းမောင်ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း၊ ဦးသန်းထိုက်စိုး(ခ)ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း (ခ) စောဂျက်တို့အပေါ် ဤဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းတွင် နိုဝင်ဘာ ၆ ရက်၌ ပထမ သတင်းပေးတိုင်ကြားချက် ဖွင့်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်တစ်ခုတို့၌ တရားမဝင်ကျွန်းသစ်လုံးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၇

မန္တလေး၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ နှစ်ရက်အတွင်း တရားမဝင် ကျွန်းသစ်လုံးများနှင့် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဝန်ထမ်းများ အပါအဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်အတွင်း ရှာဖွေဖမ်းဆီးခြင်းဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပြည်ကြီးတံခွန်မြို့နယ် စု-ရပ်ကွက်(၆၀-၆၁) လမ်းကြား မကွေရာလမ်းနှင့် တပင်ရွှေထီးလမ်းကြား အကွက်အမှတ် လလ-၄၆/၇၄ လူနေထိုင်ခြင်းမရှိသောခြံဝင်းအတွင်းမှ တမလန်း၊ ပိတောက်၊ ယင်းတိုက်နှင့် ဓားရွေ့ခွဲခြမ်း စုစုပေါင်း တန် ၈ ဒသမ ၅၆၄၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ရေဦး-ကလေးဝကားလမ်း မိုင်တိုင် (၇၀/၀၃) အနီးနေရာ၌ (၁၀)ဘီးယာဉ်ပေါ်မှ တမလန်းဓားရွေ့ တန် ၉ ဒသမ ၉၇၄၀ ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်း အကွက်အမှတ်(၃၁) အတွင်းမှ စကားဝါခွဲသား ၈ ဒသမ ၁၃၁၈ တန် ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် ဝွမ်မြို့နယ် ဝွကြိုးပြင်တောအတွင်းရှိ ဘိုမင်းချောင်းနှင့် ဝါးကလောချောင်း ၀/ယာ နေရာတို့မှ တောင်သရက်သစ် ၁၄၃ ဒသမ ၅၇၈ တန်ကိုလည်းကောင်း၊ ကသာခရိုင် ဗန်းမောက်မြို့နယ် နန့်ခေါင်ဟူးကြိုးဝိုင်းအတွင်းမှ ကျွန်းသစ်လုံး ၃၇ ဒသမ ၂၈၆၀ တန်၊ သစ်စက်တစ်လုံး၊ လက်ကိုင်စက်လွှတစ်လုံး၊ ဆင်တစ်ကောင်နှင့်အတူ ပြစ်မှုကျူးလွန်သူ ငါးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ငါးဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်လူမော်

ဘာချီလိတ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၇

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါစျေးလမ်းတွင် လောဝူးအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါစျေးအနောက်ဘက် ရွှေလသာလမ်းသွယ်တွင် လောက်လင်းအားဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွဆေးပြား ၃၀၄ ပြား၊ အိုကာစ် ၅၀၀ ဂရမ်၊ ဖုန်းတစ်လုံးနှင့် ၎င်းငှားရမ်းနေထိုင်သည့် နေအိမ်မှ စိတ်ကြွဆေးပြား ၃၂၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၆ ရက် ညနေ ၅နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဘော်နှင်းကုန်းကျေးရွာအနီး အောင်ပန်း-ပင်လောင်းသွားကားလမ်းတွင် ကျော်သန့်ဇင်(ခ)ကံကောင်း မောင်းနှင်ပြီး လွင်မိုး(ခ)ကိုလွင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သုဝဏ္ဏဝတီမြို့၌ ရေခဲမုန့်နှင့် ကိတ်မုန့် ကျွေးမွေးရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွား

သုဝဏ္ဏဝတီမြို့ နိုဝင်ဘာ ၇

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး တံတားဦးကျေးရွာအုပ်စု အမက(ငါးပြေမ)၌ ယနေ့မွန်းလွဲပိုင်းက ကလေးမွေးနေ့အတွက် ရေခဲမုန့်၊ ကိတ်မုန့်များကို ကျွေးမွေးရာမှ ကျောင်းသား ကျောင်းသူများအပြင် စားသုံးမိသူ စုစုပေါင်း ၁၀၀ ကျော်ခန့် မူးဝေအော့အန်၍ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငါးပြေမကျေးရွာနေ ဒေါ်မငွေ၏ မြေးဖြစ်သူ နှစ်နှစ်ပြည့် မွေးနေ့အလှူတွင် ယနေ့နံနက် ၁၁ နာရီက အမက(ငါးပြေမ)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ရေခဲမုန့်နှင့် ကိတ်မုန့်များ ကျွေးမွေးရာ စားသုံးသူ စုစုပေါင်း ၁၀၉ ဦးအနက် မွန်းလွဲ ၂ နာရီခန့်တွင် ဆရာမတစ်ဦး အပါအဝင် ကျောင်းသား ကျောင်းသူ ၅၉ ဦး မူးဝေအော့အန်၍ လူမှုကယ်ဆယ်ရေးအသင်းကားများဖြင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံနှင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးတို့သို့ အချိန်မီပို့ဆောင် ကုသပေးခဲ့သည်။

ခရိုင်ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသန်းဦးနှင့် တာဝန်ရှိသူများက အချိန်မီကုသမှုပေးနိုင်ခဲ့ခြင်းကြောင့် အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House

လိုင်သာယာမြို့နယ်၊ နဝေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန်သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ညဉ့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန်သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း-၆၅၀၅၃၅၅၊ ၆၆၆၁၈၃၊ ၆၅၁၄၄၃၆၊ ၆၆၃၅၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်း ဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြ ပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ **(စာတည်းအဖွဲ့)**

စီရင်ထုံးတို့၏ ထူးခြား မြဲခိုင်မှုသဘော အသွင်လက္ခဏာ

မောင်စာဂ

ရှေးနှစ်ပေါင်းတစ်ရာကျော်ခန့်က ဆုံးဖြတ်ခဲ့သော စီရင်ချက်၊ စီရင်ထုံးများကို ယနေ့အချိန်အခါ တရားရုံးများက အကိုးအကားပြု သုံးသပ်ဆုံးဖြတ်လာခဲ့ကြသည်။ စီရင်ထုံးများသည် အဘယ်ကြောင့် သည်မျှလောက်ထိ ခိုင်မြဲနေရသနည်း။ မည်ကဲ့သို့သော ထူးခြားမှုအသွင် လက္ခဏာများ ဆောင်နေသနည်း။ တွေ့ရှိချက်အမြင် မျှဝေပါရစေ။

ပြုစုထုတ်ဝေထားပြီးသောစီရင်ထုံးများ

စီရင်ထုံးသမိုင်းကြောင်းအရ စီရင်ထုံးများကို အောက်ပါအတိုင်း ပြုစုထုတ်ဝေထားပြီးဖြစ်ကြောင်း မှတ်သားထားသည်–

(က) ရွေးချယ်ထားသောစီရင်ထုံးများ (အောက်မြန်မာပြည်) (၁၈၇၂–၁၈၉၂)
(ခ) ပုံနှိပ်ပြီးစီရင်ထုံးများ (အောက်မြန်မာပြည်) (၁၈၉၃–၁၉၀၀)
(ဂ) အောက်မြန်မာပြည်စီရင်ထုံး (L.BR) (၁၉၀၀–၁၉၂၂)
(ဃ) အထက်မြန်မာပြည်စီရင်ထုံး (U.BR) (၁၈၉၂–၁၉၂၂)
(c) မြန်မာလောတိုင်း(ဘီအယ်လ်တီ)(၁၉၀၇–၁၉၂၀)
(စ) မြန်မာလောဂျာနယ် (ဘီအယ်လ်ဂျေ) (၁၉၂၂–၁၉၂၇)
(ဆ) အိုင်အယ်လ်အာရ်(အိန္ဒိယစီရင်ထုံး–ရန်ကုန်) (၁၉၂၃–၁၉၃၀)
(ဇ) အေအိုင်အာရ်(အိန္ဒိယနိုင်ငံလုံးဆိုင်ရာစီရင်ထုံး)(၁၉၂၃–၁၉၃၇)
(စျ) အာအယ်လ်အာရ်(ရန်ကုန်စီရင်ထုံး) (၁၉၃၇–၁၉၉၂)(၁၉၄၆–၁၉၄၇)
(ည) မြန်မာနိုင်ငံတရားစီရင်ထုံး (ဘီအယ်လ်အာ) (၁၉၄၈–၁၉၇၁)
(ဋ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်တရားစီရင်ထုံးများ (၁၉၇၂ မှ ၁၉၈၈)
(ဌ) ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားစီရင်ထုံးများ (၁၉၈၈ မှ ၂၀၁၀)
(ဍ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တရားစီရင်ထုံးများ (၂၀၁၁ မှ ၂၀၁၈ခုနှစ်အထိ)

နှစ်ပေါင်းတစ်ရာတိုင်ခဲ့လေပြီ

၁၉၄၈ ခုနှစ်မတိုင်ခင် စီရင်ထုံးများသည် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့အုပ်စိုးစဉ်အချိန်က ထုံးဖွဲ့ခဲ့သော စီရင်ထုံးများဖြစ်သည်။ နှစ်ပေါင်းတစ်ရာကျော်နှင့် တစ်ရာနီးပါးသို့ရောက်ရှိနေလေပြီ။ သို့ရာတွင် ဟောင်းနွမ်းမသွား သစ်လွင်နေဆဲ၊ ခေတ်အဆက်ဆက် ကိုးကားအသုံးပြုလာခဲ့သည်။ ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုထုတ်ဝေလျက်ရှိသော နှစ်စဉ်ထုတ်စီရင်ထုံးများတွင်လည်း ထိုထိုသော စီရင်ထုံးများကို အကိုးအကားပြု သုံးသပ်ဆုံးဖြတ်လျက်ရှိနေသည်။

ဥပဒေနှင့်စီရင်ထုံး

ဥပဒေကို ဥပဒေပြုပိုင်ခွင့်ရှိသောအဖွဲ့အစည်းက ရေးဆွဲပြဋ္ဌာန်းသည်။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ယင်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရသည်။ တရားရုံးများသည်လည်း ဥပဒေနှင့်အညီ တရားစီရင်ကြရသည်။ ဥပဒေကို လိုက်နာကြရသည်။ ဥပဒေသည် စည်းနှောင်အားရှိသည်။

စီရင်ထုံးများသည် အမြင့်ဆုံးတရားရုံးဖြစ်သည့် တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်၊ တရားရုံးချုပ်၊ ဗဟိုတရားရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့ချမှတ်ထားသည့် စီရင်ချက်များကို စီရင်ထုံးအဖြစ် ထုံးဖွဲ့ခြင်းဖြစ်သည်။ စီရင်ထုံးများသည် ဥပဒေမဟုတ်။ စီရင်ထုံးများသည် စီရင်ထုံးသာဖြစ်သည်။

သို့သော် ဥပဒေကဲ့သို့ အာနိသင်ရှိသည်။ တရားရုံးများသည် ဥပဒေကို အကိုးအကားပြု ဆုံးဖြတ်ရသကဲ့သို့ စီရင်ထုံးများကိုလည်း အကိုးအကားပြု အဆုံးအဖြတ်ပြုနိုင်သည်။ ထို့ကြောင့် စီရင်ထုံးကို case – law သို့မဟုတ် Judge made Law ဟူ၍ သတ်မှတ်ကြသည်။

> ခေတ်တစ်ခေတ်၏ တရားစီရင်မှု အရည်အသွေးကောင်း မကောင်း ထိုခေတ် ထိုအခါက ပြုစုထုတ်ဝေခဲ့သော တရားစီရင်ထုံးများကို လေ့လာခြင်းဖြင့် အကဲခတ်သုံးသပ်နိုင် . . .

စီရင်ထုံးသည် ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမဟုတ်

စီရင်ထုံးသည် ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမဟုတ်ပါ။ ဥပဒေအသစ်တစ်ခု ပြဋ္ဌာန်းပေးလိုက်ခြင်းလည်းမဟုတ်ပါ။ ဥပဒေကိုပိုမိုရှင်းလင်းစေရန်ဖြစ်သည်။ ဥပဒေကြောင်းဆိုင်ရာနှင့် ပေါ်ပေါက်လာသည့် အကြောင်းခြင်းရာများအပေါ်ပေါင်းစပ်၍ ဥပဒေ၏ ဆိုလိုရင်းသဘော ပိုမိုပေါ်လွင်ထင်ရှားစေရန်ဖြစ်သည်။ ဥပဒေနှင့်အညီ မှန်ကန်သောဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ရန် "မူ"သဘော လမ်းညွှန်အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ စီရင်ထုံးများပါ လမ်းညွှန်ဆုံးဖြတ်ထားချက်များ ထဲမှ အောက်ပါတို့ကို သာဓကအဖြစ် ကောက်နုတ်ဖော်ပြလိုသည်–

(က) "အာမခံပေးခြင်းသည် " မူ "၊ အာမခံမပေးခြင်းသည် ခြွင်းချက်ဖြစ်သည်။"
(ခ) "ရာဇဝတ်မှုများတွင် တရားခံသည် ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို သက်သေထင်ရှားသည်အထိ သက်သေထူရန် တာဝန်သည် တရားလိုဘက်တွင် အစဉ်တစိုက်ကျရောက်သည်။"
(ဂ) "တရားခံသည်ပြစ်မှုကျူးလွန်သည့်သူတစ်ဦးဖြစ်မှဖြစ်ပါ့မလားဟူ၍ သံသယပေါ်ပေါက်လာပါက ထိုသံသယ၏အကျိုးကို တရားခံအားခံစားခွင့်ပေးရသည်။"
(ဃ) "ကောက်ချက်နှစ်မျိုးယူနိုင်သည့် ကိစ္စမျိုးတွင် တရားခံဘက်သို့ သက်ညှာသည့်ကောက်ချက်ကို လက်ခံရယူရန်ဖြစ်သည်။"
(c) "ကျွမ်းကျင်သူပါရဂူတို့၏ထွက်ဆိုချက်သည် ထင်မြင်ချက်သာဖြစ်၍ ယုံကြည်စိတ်ချရသော မျက်မြင်သက်သေ၏ထွက်ဆိုချက်ကို လွှမ်းမိုးခြင်းမပြုနိုင်။"

ထူးခြားသည့်သဘော

စီရင်ချက်တစ်ခုတွင် ဥပဒေကိုအကိုးအကားပြုသုံးသပ်သည့်အခါ ယင်းအမှု၌ စွဲဆိုထားသည့် ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်ကို အကိုးအကားပြုရသည်။ စီရင်ထုံးကို အကိုးအကားပြုသည့်အခါ အခြားဥပဒေပုဒ်မဖြင့် စွဲဆိုသည့်အမှုများတွင်လည်း ယင်းစီရင်ထုံးပါမူကို အကိုးအကားပြုနိုင်သည်။ ဥပမာ "အာမခံပေးခြင်းသည်မူ၊ မပေးခြင်းသည်ခြွင်းချက်ဖြစ်သည်" ဆိုသောမူကို မူလစီရင်ဆုံးဖြတ်ခဲ့သည့် စီရင်ချက်ဥပဒေပုဒ်မနှင့် စွဲဆိုသောအမှုတွင်သာမက လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ အပြင်းအထန်နာကျင်စေမှု သို့မဟုတ် အထူးဥပဒေတစ်ခုခုအရ စွဲဆိုသောအမှုများတွင်လည်း အာမခံကိစ္စ အကြောင်းပေါ်လာလျှင် အဆိုပါ "မူ"ကို အကိုးအကားပြုနိုင်သည်။

မြဲခိုင်သည့်သဘော

ဥပဒေတစ်ရပ်ကို ရုပ်သိမ်းလိုက်သည့်အခါ သို့မဟုတ် ဥပဒေတစ်ရပ်ရပ်ကိုရုပ်သိမ်း၍ ဥပဒေအသစ်တစ်ခု ပြဋ္ဌာန်းလိုက်သည့်အခါ ရုပ်သိမ်းခံရသောဥပဒေသည် အတည်မဖြစ်တော့ ပျက်သုဉ်းသွားသည်။ သို့ရာတွင် ထိုရုပ်သိမ်းခံရသောဥပဒေအရ စီရင်ဆုံးဖြတ်ထားသည့် စီရင်ထုံးပါ လမ်းညွှန်မှုသဘောတရားမူသည် ပျက်သုဉ်းမသွား ဆက်လက်မြဲခိုင်နေသည်။

ဥပမာ – ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ထင်ကြေးဖြင့်ဆုံးဖြတ်ခြင်းမပြုအပ်။ ခိုင်လုံသော အထောက်အထားရှိရမည်ဟု အခါခါဆိုခဲ့ပြီ။ "သံသယ၏အကျိုးကို တရားခံအားပေးရမည်" ဟုဆိုမည့်အစား ထင်ကြေးဖြင့် အပြစ်မပေးသင့်၊ ခိုင်လုံသောအထောက်အထားပြည့်စုံမှသာ အပြစ်ပေးရမည်ဟုဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်။ အဆိုပါလမ်းညွှန်ချက်မူကို ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေအရ စွဲဆိုခံရသောအမှုတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေမှာ ယခုအခါ ရုပ်သိမ်းပြီးဖြစ်သည်။ သို့ရာတွင် အဆိုပါ လမ်းညွှန်ဆုံးဖြတ်ချက်မူသည် ပျက်ပြယ်မသွားပါ။ ထိုမူနှင့် သက်ဆိုင်သည့်အမှုများတွင် ကိုးကားသုံးသပ်ဆုံးဖြတ်နိုင်သည်။

ပျက်ပြယ်ခြင်းသဘော

စီရင်ထုံးများ မည်သည့်အခါ ပျက်ပြယ်သွားရသနည်း။ ဤသည်ကိုလည်း သိရှိဖို့လိုသည်။ ထုံးဖွဲ့ပြီးထားသော စီရင်ထုံးတစ်ခုကို နောက်စီရင်ထုံးတစ်ခုက ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့လျှင် သို့မဟုတ် လွှမ်းမိုးလိုက်သည်ဟူ၍ ဆုံးဖြတ်ခဲ့လျှင် ထိုစီရင်ထုံးသည် ပျက်ပြယ်သွားသည်။ ခိုင်မြဲခြင်း မရှိတော့။ ထိုသို့ ပျက်ပြယ်သွားသော စီရင်ထုံးများကို အကိုးအကားပြု၍ မရနိုင်တော့ပါ။ တစ်ခါတစ်ခါတွင် ထိုကဲ့သို့ ပျက်ပြယ်သွားသော စီရင်ထုံးကိုပင် နောက်ထပ်စီရင်ထုံးတစ်ခုက ပြန်လည်အတည်ပြုကြောင်း ဆုံးဖြတ်လိုက်လျှင် ထိုစီရင်ထုံးသည် ပြန်၍ ခိုင်မြဲလာသည်။ မူလစီရင်ထုံးကို ပယ်ဖျက်လိုက်သောစီရင်ထုံးက ပျက်ပြယ်သောစီရင်ထုံးအဖြစ် ရောက်သွားသည်။

လေ့လာမှုအားကောင်းဖို့လိုသည်

ထို့ကြောင့် စီရင်ထုံးတစ်ခုကို ကိုးကားတော့မည်ဆိုလျှင် ထိုစီရင်ထုံးသည် ပယ်ဖျက်ထားပြီးဖြစ်သလော သို့မဟုတ် လွှမ်းမိုးပြီးဆုံးဖြတ်ထားသလော ဆိုသည်ကို ကြိုတင်လေ့လာကြရမည်။

တရားလွှတ်တော် ရှေ့နေကြီးများဖြစ်ကြသော R.KRISHNA နှင့် S.K. AGARWA တို့က DIGEST OF OVERRULED AND REVERSED CASE ၏(1809 –1957) စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ယင်းစာအုပ်၏ စာမျက်နှာ ၃၁၈ မှ ၃၃၄ အထိ အိုင်အယ်အာ၊ အေအိုင်အာ၊ ဘားမားလောတိုင်း၊ ဘားမားလောဂျာနယ်၊ အထက်မြန်မာပြည်စီရင်ထုံး၊ အောက်မြန်မာပြည်စီရင်ထုံး၊ ရန်ကုန်စီရင်ထုံးများ၊ ရွေးချယ်ထားသောစီရင်ထုံးများ၊ ပုံနှိပ်ထားသောစီရင်ထုံးများ စသည်တို့မှ ပယ်ဖျက်ခံရသော စီရင်ထုံးများ၊ လွှမ်းမိုးခံရသောစီရင်ထုံးများကို အသေးစိတ်ဖော်ပြထားသည်။ အလွယ်တကူလေ့လာနိုင်သည်။ ၁၉၅၇ ခုနှစ်နောက်ပိုင်း ယနေ့အထိတွင် ထိုသို့ သုတေသနပြု၍ထုတ်ပေးထားသော စာအုပ်ရှားပါးသည်။ လေ့လာကြရပါမည်။ လေ့လာမှုအားကောင်းဖို့လိုပါမည်။

အားကောင်းခိုင်မာသောစီရင်ထုံးများ ပြုစုကြပါစို့

နောက်ပိုင်း၊ နောက်ပိုင်း စီရင်ထုံးများအချို့ကို ဖတ်ရတာ အရသာမရှိလိုက်တာဟူ၍ ရှေ့နေကြီးအချို့၏ ကြုံကြိုက်ချိန် ညည်းညူသံ၊ ပြောဆိုသံများ မကြာမကြာကြားရတတ်သည်။ စီရင်ထုံးများ ဥပဒေကြောင်းအချက်အလက်၊ ကြောင်းခြင်းရာအချက်အလက် အားကောင်းဖို့လိုသည်။ ခိုင်မာဖို့လိုသည်။ ကောင်းသည်ထက်ကောင်းသော၊ ခိုင်မာသည်ထက်ခိုင်မာသော စီရင်ထုံးများ လက်ဆင့်ကမ်းခဲ့ကြဖို့လိုသည်။ ခေတ်တစ်ခေတ်၏ တရားစီရင်မှု အရည်အသွေးကောင်းမကောင်း ထိုခေတ် ထိုအခါက ပြုစုထုတ်ဝေခဲ့သော တရားစီရင်ထုံးများကို လေ့လာခြင်းဖြင့် အကဲခတ်သုံးသပ်နိုင်သည်။ ကိုယ်ပိုင်ဓလေ့၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် မြန်မာပီသသော၊ ဥပဒေနှင့်အညီ ဆန်းသစ်အားကောင်းခိုင်မာသော စီရင်ထုံးများ ပို၍ပို၍ ပြုစုထုတ်ဝေပေးနိုင်သည်ကို မျှော်လင့်နေမိကြောင်းပါဗျာ။

ဥပဒေနှင့်အညီ ဆန်းသစ်အားကောင်းသည့် စီရင်ထုံးများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ကြပါစေ၊

အားကောင်းခိုင်မာသော စီရင်ထုံးများကို လက်ဆင့်ကမ်းနိုင်ကြပါစေ၊

တရားစီရင်မှုအရည်အသွေး မှန်ကန်ကောင်းမွန်ကြောင်း စီရင်ထုံးများဖြင့် သက်သေပြနိုင်ကြပါစေ။

❖ ❖ ❖

လွိုင်ကော် တန်ဆောင်တိုင် မသိုးသက်န်းနှင့် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

လွိုင်ကော် နိုဝင်ဘာ ၇

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်တွင် စတုတ္ထအကြိမ် မသိုးသက်န်းကပ်လှူပူဇော်ပွဲနှင့် ဒုတိယအကြိမ် မီးပုံးပျံလွှတ်တင်ပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်ထိ ငါးညတိုင်တိုင် ပြုလုပ်သွားမည်ဖြစ်ပြီး စင်တင်တေးဂီတဖျော်ဖြေပွဲ ထည့်သွင်း၍ နိုင်ငံကျော် အဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် M ဇော်ရိန်၊ မေကြည်၊ စောထက်နိုင်စိုး၊ ခိုင်သဇင်သင်း နှင့် David Lai၊ ၁၁ ရက်တွင် ဇင်ကြီး၊ ငွေဇင်လှိုင်း၊ ခူးထဲဖဲ၊ လမင်းအိမ်နှင့် Paul Austin၊ ၁၂ ရက်တွင် ပိုးမီ၊ ယွန်းနှင့် နေမင်းအိမ်၊ ၁၃ ရက်တွင် ဘိုဖြူ၊ ထွန်းရတီ၊ Wanted တို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

လွိုင်ကော်မီးပုံးပျံပွဲတော်ကို ယမန်နှစ်က စတင်ကျင်းပခဲ့ရာ မီးပုံးပျံ ၂၂လုံး ပါဝင်ယှဉ်ပြိုင်လွှတ်တင်ပူဇော်ခဲ့ကြပြီး ယခုနှစ်တွင် ညမီးကြီး ၂၄ လုံးပါဝင်ယှဉ်ပြိုင်လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်းနှင့် ယခင်နှစ်ကထက် ဆုငွေများတိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မီးပုံးပျံပြိုင်ပွဲ ဆုရွေးချယ်ရေးဒိုင်ချုပ် ဦးစိုင်းဘိက ပြောသည်။

ယခင်နှစ်က မသိုးသက်န်းရက်လုပ်ပြိုင်ပွဲများကို မိုးကောင်းဘုရားတွင်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ဗုဒ္ဓဥယျာဉ်အတွင်းသို့ မီးပုံးပျံပြိုင်ပွဲနှင့်အတူ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ပြီး ယခင်နှစ်ကထက် ပိုမိုစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လွိုင်ကော်သား

တိုင်းရင်းသားလူငယ်များတွေ့ဆုံပွဲ ကိုရီးယားနိုင်ငံ ဂီတအနုပညာရှင်များ လာရောက်ဖျော်ဖြေမည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံတစ်ဝန်း တိုင်းရင်းသားလူငယ်များ တွေ့ဆုံပွဲ Opera Musical ပွဲတော်တွင် ကိုရီးယားနိုင်ငံ ဂီတအနုပညာရှင်များ လာရောက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ညနေ ၆ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံကျော်အဆိုတော် အမျိုးသမီး Soobin Park၊ Hyemi Choi နှင့် အမျိုးသား Han Sunkyo တို့၏ ဖျော်ဖြေတင်ဆက်မှုများအပြင် Musical Easter Cantata နှင့် Azalea Stars အဖွဲ့က နိုင်ငံတကာရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း Opera Musical ပွဲတော် ဖြစ်မြောက်ရေးတာဝန်ခံ ဒေါ်မေသွယ်နွယ်က ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သည့် Good New Carps Festival 2019 ပွဲတော်ကို နိုင်ငံပေါင်း ၁၆၀ ကျော်မှ လူငယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအခြေစိုက် လူငယ်များမိသားဟာယအသင်းမှ လူငယ်များလည်း တက်ရောက်လေ့လာခဲ့ကြသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြင်ဆင်ဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၇

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု ဆွာတောကျေးရွာရှိ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသည့် အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ) မှ စီမံကိန်းတာဝန်ခံ ဦးတိုးတိုးထံမှ သိရသည်။

"မိတ္ထီလာ ဆွာတောကျေးရွာမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်က စတင်စမ်းသပ်ဆောင်ရွက်ခဲ့သလို ၂၀၁၉ အောက်တိုဘာလအထိ နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်တဲ့ခရီးစဉ် ရှစ်ကြိမ်ရှိခဲ့ပြီး နောက်ထပ် လာရောက်ဖို့ ငါးကြိမ်ရှိပါသေးတယ်။ ၂၀၂၀ပြည့်နှစ်ထဲမှာ ဆွာတောကျေးရွာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ၁၈ ကြိမ်အထိ နိုင်ငံခြားခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်လေ့လာနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု စီမံကိန်းတာဝန်ခံ ဦးတိုးတိုးက ပြောသည်။

မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာ ရပ်ရွာ အခြေပြုခရီးသွားလုပ်ငန်းသို့ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဩစတေးလျ၊ တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ နိုင်ငံခြားခရီးသွားများ လာရောက်လေ့လာကြသည်။

အဆိုပါ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဒေသခံပြည်သူများ၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကို ထုတ်ဖော်ပြသနိုင်ရန်နှင့် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ) နှင့် ကျေးရွာဒေသခံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

စိုက်ပျိုးရေးသုံးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများဆိုင်ရာပြပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

စိုက်ပျိုးရေးသုံးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများဆိုင်ရာပြပွဲ (Myanmar Agritech And Construction Machinery Expo 2019) ကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်ထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါပြပွဲတွင် ပြည်တွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ကုမ္ပဏီများအပြင် တရုတ်နိုင်ငံ ယူနန်၊ ဟန်ကျုံး၊ ကျန်ဆူးမြို့များမှ ကုမ္ပဏီပေါင်း ၅၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

''ဒီပြပွဲမှာ စိုက်ပျိုးရေးတောင်သူတွေအနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ ကမ္ဘာ့အဆင့် အတန်းမီတဲ့ စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာတွေ၊ စက်ယန္တရားတွေကို လေ့လာနိုင်မှာဖြစ်ပါတယ်။ ဒုံအပြင်စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ ဆေးတွေကို အကျိုးရှိရှိ အသုံးချနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ ပိုမိုတိုးတက်အကျိုးဖြစ်ထွန်းလာမှာဖြစ်ပါတယ်၊ ဒါကိုအဓိကထားရည်ရွယ်ပါတယ်" ဟု Myanmar Agritech And Construction Machinery Expo 2019 ပြပွဲတာဝန်ရှိသူတစ်ဦးဖြစ်သူ Mr. Chen Bo က ပြောသည်။

ပြပွဲတွင် စိုက်ပျိုးရေး၊ လယ်ယာ၊ ဆောက်လုပ်ရေး လုပ်ငန်းတို့နှင့် သက်ဆိုင်သည့်စက်ပစ္စည်းများအပြင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေးဖျန်းစက်၊ ဒရုန်းများ၊ ပါကင်ထုပ်စက်များ၊ သဘာဝအော်ဂဲနစ်ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာ၊ အပင်ကြီးထွားအောင် ထိန်းချုပ်သော ကိရိယာ၊ အခြောက်ခံစက်နှင့် အမှုန့်ကြိတ်စက်များ ပြသထားမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို စိတ်ပါဝင်စားသူ မည်သူမဆို လေ့လာနိုင်ကြောင်း သိရသည်။

စိမ်းခက်

မန္တလေးတိုင်းဒေသကြီးအတွင်း ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသည့် စပါးအစွမ်းဖွင့်စိုက်ပျိုးနည်းစနစ် (SRI) စမ်းသပ်စိုက်ပျိုးမှု အောင်မြင်

မန္တလေး နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီးအတွင်း ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသည့် စပါးအစွမ်းဖွင့်စိုက်နည်းစနစ် (System of Rice Intensification(SRI))ဖြင့် စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ကြောင်း စိုက်ပျိုးသူများထံမှ သိရသည်။

"အရင်ကရိုးရိုးပဲစိုက်တာ။အခု SRI နည်းကို စိတ်ဝင်စားလို့ စိုက်တာ၊ ဒီနည်းက ရာသီဥတု ဒဏ် တော်တော်ခံနိုင်တယ်။ ဒါကြောင့် တောင်သူတိုင်းကို စမ်းစိုက်စေချင်တယ်"ဟု မြစ်သားမြို့နယ် အရေးမဆိုကျေးရွာမှ စပါးစိုက်တောင်သူ ဦးကျော်ဝင်းက ပြောသည်။

ယခင် စပါးတစ်ဧကစိုက်ပျိုးလျှင် နှစ်တင်းခွဲ ဝန်းကျင် မျိုးစပါးစိုက်ပျိုးရသော်လည်း SRI နည်းဖြင့် စိုက်ပျိုးပါကနို့ဆီဘူး ၁၂ ဘူးခန့်သာ ကုန်ကျ၍မျိုးဖိုးသက်သာခြင်း၊ ယခင်စပါးတစ်ဧကလျှင်မြေသြဇာလေးအိတ်ခန့်သုံးစွဲရသော်လည်း ယခု နှစ်အိတ်ခန့်သာ သုံးစွဲရပြီး အမြေရေသွင်းစိုက်ပျိုးရခြင်း မဟုတ်သည့်အတွက် ရေချွေတာနိုင်ခြင်းတို့အပြင် စိုက်ပျိုးစရိတ်မှာ ယခင်တစ်ဧကလျှင် နှစ်သိန်းကျော်ရင်းနှီးရသော်လည်း အခုတစ်သိန်းခွဲခန့်သာ ကုန်ကျမှုရှိကြောင်း ၎င်းထံမှ သိရသည်။

"SRI စိုက်နည်းက ရိုးရိုးစိုက်တာထက် ပိုထွက်တယ်။ စပါးပင်တွေရဲ့ ကြီ့ခိုင်မှုလည်း ပိုတယ်။ ကျွန်တော်တို့ဆီက မိုးခေါင်ရေရှား ဒေသဖြစ်တော့မျိုးမှန်တွေ စိုက်တဲ့အတွက် တစ်ဧကကိုတင်း ၆၀ နဲ့ ၈၀ ကြား ထွက်တယ်။ SRI ကြတော့ တင်း ၈၀ နဲ့ ၁၀၀ ကြား ထွက်တယ်။ ဒီနှစ်တော့မိုးက အလွန်ခေါင်လို့ မစိုက်လိုက်ရဘူး "အဆိုပါ မြို့နယ်အနောက် သပြေသာရွာမှ ယမန်နှစ်က စိုက်ပျိုးခဲ့သည့် တောင်သူဦးစိန်ရွှေက ပြောသည်။

SRI စိုက်ပျိုးနည်းမှာ ပျိုးထောင်လျှင် အခြောက်ပျိုး ပျိုးထောင်ခြင်း၊ ပျိုးသက် ၈ ရက်မှ ၁၄ ရက်အတွက် ရာသီအပူအအေးပေါ်မူတည်၍စိုက်ပျိုးခြင်း၊ ရေလွှမ်းမထားသည့် တမန်းပြင်၌စိုက်ခြင်း၊ ၁၀ လက်မပတ်လည် လေးကွက်ကြား စိုက်ကြောင်းများပေါ်တွင် စိုက်ခြင်းစသည့်အသေးစိတ်အချက်လက်များကို ဆရာဦးသိန်းဆု (စိုက်ပျိုးရေးတက္ကသိုလ်) ရေးသားထားသည့် စပါးအစွမ်းဖွင့်စိုက်နည်းစနစ် စာအုပ်တွင်ရေးသားဖော်ပြထားသည်။

"SRI နည်းကစပါးခင်းကိုအမြဲတမ်းရေမြှုပ်မထားဘူး။ အစိုဓာတ်ရှိရင်ရပြီ။ ရေမြှုပ်မထားတဲ့အတွက် မီသိန်း(CH_4)ဓာတ်ကို မထွက်ပေါ်စေဘူး။ မီသိန်းဓာတ်မထွက်ပေါ်စေတဲ့အတွက် ဖန်လုံအိမ်ဓာတ်ငွေ့လို့ခေါ်တဲ့ GHG ထုတ်လွှတ်မှုမှာ SRI နည်းက အများကြီးနည်းသွားတယ်။ SRI က ရာသီဥတုနဲ့ လိုက်လျောညီထွေမှုရှိလို့ ရာသီဥတုဖောက်ပြန်တာကို ခံနိုင်ရည်ရှိပါတယ်"ဟု စိုက်ပျိုးရေးပညာရှင်ဦးသိန်းဆုက ပြောသည်။

မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ MCCA ၏ ထုတ်ပြန်ချက်အရ ၂၀၀၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန် သုည ဒသမ ၄ မှ သုည ဒသမ ၇ အထိ တိုးလာကြောင်း ဖော်ပြထားသည်။

ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသည့် SRI စိုက်ပျိုးနည်းစနစ်ကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဌာနမှလည်း ဖြန့်ဝေပညာပေးလျက်ရှိပြီး ရိတ်သိမ်းလွန်နည်းပညာသင်တန်းကျောင်း(ထုံးဘို)မှလည်း တောင်သူများအားသင်တန်းများပို့ချနေကြောင်း သိရသည်။

"ကျွန်မတို့ဌာနအနေနဲ့မြို့နယ်တွေမှာ SRI စနစ်နဲ့စိုက်ပျိုးပြီးတော့တောင်သူတွေကိုပညာပေးစိုက်ပြနေတဲ့စံပြစိုက်ကွက်တွေရှိပါတယ်။ စိုက်ပျိုးနည်းစနစ်နဲ့ ပတ်သက်ပြီးတော့လည်း ပညာပေးတယ်။ မျိုးပြောင်းလဲစိုက်ဖို့လည်း ပညာပေးသလိုသီးနှံစုံပြောင်းလဲစိုက်ပါဆိုတာလည်း ပညာပေးလျက်ရှိပါတယ်"ဟု အဆိုပါ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာသန်းက ပြောသည်။

အဆိုပါတိုင်းဒေသကြီးအတွင်းမြို့နယ် ၁၂ ခုတွင် SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် တောင်သူအသိပညာပေးစံပြစိုက်ကွက်ဧက ၆၀ ရှိပြီးအမရပူရ ပုသိမ်ကြီး၊ မတ္တရာ၊ မိုးကုတ်ကျောက်ဆည်၊ စဉ့်ကိုင်၊ သာစည်၊ ဝမ်းတွင်း၊ တောင်သာ၊ ငါန်းဒွန်၊ ညောင်ဦးနှင့် ပျော်ဘွယ် မြို့နယ်တို့တွင် ငါးဧကဆီ အသီးသီးစိုက်ပျိုးထားကာ စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံ ဆီထွက်သီးနှံစသည့် နွေ၊ မိုး၊ ဆောင်း စိုက်ဧက ၅၀၆၆၁၃ ဧကရှိပြီး တောင်သူပညာပေးသင်တန်း ၁၅၇ ကြိမ် နီးနောဖလှယ်ပွဲ ၅၇၇ ကြိမ်ကွင်း သရုပ်ပြပွဲ အကြိမ် ၈၀ နှင့် ဆွေးနွေးပွဲ ၂၁၀၄ ကြိမ် ယခုနှစ်တွင် ဆောင်ရွက်ပြီးခဲ့ကြောင်း ယင်းဌာနမှ သိရသည်။

နဒီလှိုင်း

ဒိန်းမတ်နိုင်ငံ ရိုက်ကူးရေးအဖွဲ့ ကျေးလက်ဒေသ လူမှုစီးပွားဘဝ မှတ်တမ်းရိုက်ကူး

ရန်ကုန် နိုဝင်ဘာ ၇

ဒိန်းမတ်နိုင်ငံ Toolbox Film ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းတောင်ရိုး ဧရယျသင်္ဘောကျောင်းတွင် သီလရှင်အဖြစ်ခံယူခြင်း၊ သီလရှင်များ စောင့်ထိန်းလိုက်နာရမည့် သီလအကြောင်း ရှင်းလင်းပြောကြားခြင်း၊ သီလရှင်များ စာပေလေ့လာသင်ယူခြင်းတို့ကိုလည်းကောင်း၊ မင်းကွန်းဒေသ၊ ချောင်းမကြီးကျေးရွာရှိ အမှတ်(၂၇) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ကြားခြင်း၊ ချောင်းမကြီးကျေးရွာမှ ဆဋ္ဌမတန်းကျောင်းသူနှစ်ဦး သီလရှင်ဝတ်ရန် ပြင်ဆင်နေခြင်းတို့ကိုလည်းကောင်း မှတ်တမ်းရိုက်ကူးသည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ချောင်းမကြီးကျေးရွာမှ သီလရှင်ဝတ်မည့် ကျောင်းသူနှစ်ဦးအား သီလရှင်ဝတ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ၎င်းတို့၏ စိတ်ခံစားမှုများအား တွေ့ဆုံမေးမြန်းခြင်း၊ ၎င်းတို့၏ အနာဂတ်ရည်မှန်းချက်၊ ဧရာဝတီမြစ်ကမ်းရှိ သဲသောင်ပြင်တွင် ၎င်းတို့နှင့် သူငယ်ချင်းများ ပျော်ရွှင်စွာဆော့ကစားနေခြင်းတို့ကို ရိုက်ကူးခဲ့ကြောင်း၊ နိုဝင်ဘာ ၅ ရက်ကလည်း ၎င်းတို့ ၏ နေအိမ်များတွင် နေထိုင်ပုံ၊ ကျောင်းတက်ရာတွင် စာမသင်ကြားမီ ကျောင်းသားကျောင်းသူများ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ စေတီတော်၌ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံနှင့်အညီ ဘုရားရှိခိုးပြီး ဆရာတော်ထံမှ အဆုံးအမသြဝါဒခံယူပြီး စာသင်ကြားခြင်းတို့ကို ရိုက်ကူးခဲ့ကြသည်။

နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်တို့တွင် ၎င်းအဖွဲ့သည် မင်းကွန်းပုထိုးတော်ကြီးအနီးရှိ ဓမ္မစေတီကျောင်းတိုက်တွင် ၎င်းတို့နှစ်ဦး သီလရှင်ဝတ်ကြပုံနှင့် သီလရှင်ဘဝပုံရိပ်များ၊ မြသိန်းတန်စေတီတော်၊ မင်းကွန်းခေါင်းလောင်းကြီး၊ မင်းကွန်းပုထိုးတော်ကြီး စသည့် မင်းကွန်းဒေသ၏ ရှုခင်းများကို ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ထိုသို့ရိုက်ကူးထားမှုများကို ဒိန်းမတ်နိုင်ငံ Toolbox Film(www.took box film dk) ရုပ်သံလိုင်းတွင် "Kids On the Silk Road" ခေါင်းစဉ်ဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရိုက်ကူး ထုတ်လွှင့်ခြင်းနှင့် အစီအစဉ်ကို နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် သွားရောက်ရိုက်ကူးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မျိုးအိုင်း (FDC)

မျိုးစေ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

စိုက်ပျိုးရေးဦးစီးဌာနက နယ်သာလန်နိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်သော မျိုးစေ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက် နံနက်က နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းက မျိုးစေ့ကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက်နိုင်ငံတော်၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်နှင့် အစီအမံများ၊တောင်သူများ၊ပုဂ္ဂလိက လုပ်ငန်းရှင်များ၏တာဝန်ယူရမည့် အပိုင်းတို့ကိုဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အခြေခံအဆောက်အအုံဆိုင်ရာများ၊ရိတ်သိမ်းချိန်လွန်နည်းပညာများ၊မူဝါဒစည်းမျဉ်းများ စသည့် မျိုးစေ့အသိုက်အဝန်းထူထောင်နိုင်ရေးအတွက်ဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်ချမှတ်နိုင်ရန်ဝိုင်းဝန်းဆွေးနွေးပေးကြရန် မှာကြားသည်။

ထို့နောက် မျိုးစေ့ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းကြည်က ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မျိုးစေ့ပညာရှင်များ၊ IFC ၊ JICA၊ UNOPS–LIFT ၊ USDA နှင့် USAID စသည့်ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများမှတာဝန်ရှိသူများ၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့်တောင်သူများက ကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုးစေ့များ ဖူလုံစွာအသုံးပြုနိုင်ရေးကြိုးပမ်းမှုနှင့်အတူပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးမှတစ်ဆင့် နောင်လာမည့်၇၊နှစ်အတွင်းမျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရပ်တည်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မိုး

နှစ်ပေါင်း ၁၃၃ နှစ်သက်တမ်းရှိ ရှေးဟောင်းပန်းချီကားအား ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်ပြတိုက်တွင်ပြသရန် ပေးအပ်လျှုဒါန်း

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပြတိုက်တွင်ပြသရန် နှစ်ပေါင်း ၁၃၃ နှစ်သက်တမ်းရှိ ရှေးဟောင်းပန်းချီကားတစ်ချပ်ပေးအပ်လျှုဒါန်းပွဲကိုအောက်တိုဘာနောက်ဆုံးပတ်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်း၌ ကျင်းပသည်။

နှစ်ပေါင်း၁၃၃ နှစ်သက်တမ်းရှိ ကုန်းဘောင်ခေတ် နန်းတွင်းပန်းချီပညာရှင် တစ်ဦးရေးဆွဲခဲ့သော ရှေးဟောင်းပန်းချီကားတစ်ချပ်ကို မဟာသဒ္ဓမ္မဇောတိကဓေ စည်သူဒေါက်တာခင်မောင်ညွှန့်နှင့်မိသားစုက ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းထံ လာရောက်လျှုဒါန်းခဲ့ခြင်းဖြစ်သည်။

ရှေးဟောင်းသုတေသနပညာဌာန ပါရဂူကြိုတန်းတွင် သင်ကြားပေးနေသော ဒေါက်တာခင်မောင်ညွှန့်သည် ရှေးဟောင်းသုတေသနပညာဌာန ပါရဂူကြိုတန်းနှင့် သမိုင်းဌာနဒီပလိုမာတန်းတို့တွင်ရှေးဟောင်းခေတ်သစ်သမိုင်းဆိုင်ရာအကြောင်းအရာများကို ပို့ချပေးလျက်ရှိပြီး ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန သမိုင်းဌာနနှင့်ရှေးဟောင်းသုတေသနပညာဌာနတို့တွင်အချိန်ပိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်ရာပြည့်အကြိုအဖြစ် ဖွင့်လှစ်ပြသနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်ပြတိုက်တွင် ပြသနိုင်ရန် ရန်ကုန်တက္ကသိုလ်နှင့် ပတ်သက်သော ပစ္စည်းများကို လာရောက်ပြသနိုင်ရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။**သစ္စာ**

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

စဉ်	အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ	၂၀၁၈ခုနှစ် အောက်တိုဘာလ		၂၀၁၉ ခုနှစ် အောက်တိုဘာလ	
		ကမ္ဘာလှည့်	လုပ်ငန်း	ကမ္ဘာလှည့်	လုပ်ငန်း
၁။	ရန်ကုန်လေဆိပ်/ရေဆိပ်	၃၉၇၄၈	၁၆၀၆၁	၅၁၇၉၁	၁၈၂၆၁
၂။	မန္တလေးလေဆိပ်	၈၁၈၃	၃၈၉၁	၃၂၆၂၈	၄၁၇၈
၃။	နေပြည်တော်လေဆိပ်	၂၅၈	၂၃၉	၁၀၃၁	၃၈၁
၄။	မြိတ်လေဆိပ်	၀	၀	၀	၀
၅။	တာချီလိတ်	၃၀၄၅	၉၆	၄၄၆၀	၁၄၈
၆။	မြဝတီ	၉၅၃	၅၉၇	၁၁၅၉	၄၄၅၅
၇။	ကော့သောင်း	၃၃၀	၉၃	၃၆၃	၁၀၅
၈။	ထီးခီး	၃၁	၁၀	၅၉	၂၄
၉။	တမူး	၉၆	၁၄	၃၀၀	၃၅
၁၀။	ရိခေါဒါရိ	၃	၄	၄၅	၃
	စုစုပေါင်း	၅၂၆၄၇	၂၁၀၀၅	၉၁၈၃၆	၂၇၅၉၀

အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

စဉ်	လအမည်	၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်			၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်		
		ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း	ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း
၁	အောက်တိုဘာ	၄၆၆၉၃	၂၁၂၅၃	၆၇၉၄၆	၅၂၆၄၇	၂၁၀၀၅	၇၃၆၅၂
၂	နိုဝင်ဘာ	၆၃၅၂၉	၂၁၈၂၈	၈၅၃၅၇	၇၇၄၉၈	၂၁၄၈၂	၉၈၉၈၀
၃	ဒီဇင်ဘာ	၆၃၅၂၂	၁၉၆၁၉	၈၃၁၄၁	၈၂၄၇၄	၁၉၅၃၃	၁၀၂၀၁၂
၄	ဇန်နဝါရီ	၆၁၁၂၃	၂၀၄၈၅	၈၁၆၀၈	၉၃၁၂၅	၁၈၆၈၉	၁၁၁၈၁၄
၅	ဖေဖော်ဝါရီ	၅၇၄၅၀	၁၈၅၈၁	၇၆၀၃၁	၁၀၀၁၄၅	၂၃၉၄၉	၁၂၄၀၉၄
၆	မတ်	၅၁၄၆၁	၂၅၆၅၀	၇၇၁၁၁	၉၅၉၄၂	၂၃၆၉၃	၁၁၉၆၂၅
၇	ဧပြီ	၃၁၁၉၈	၂၀၃၉၂	၅၁၅၉၀	၇၁၁၄၈	၂၂၈၄၈	၉၃၉၉၆
၈	မေ	၂၉၀၉၆	၂၁၄၂၅	၅၀၅၂၁	၆၇၄၁၀	၂၂၁၂၃	၈၉၅၃၃
၉	ဇွန်	၂၈၈၄၄	၁၈၆၃၆	၄၇၄၈၀	၆၅၈၇၉	၂၁၇၁၄	၈၇၅၉၃
၁၀	ဇူလိုင်	၃၀၄၉၆	၂၀၆၇၃	၅၁၁၆၉	၇၈၈၃၅	၂၃၂၄၅	၁၀၂၀၈၀
၁၁	သြဂုတ်	၃၂၀၆၈	၁၉၈၀၇	၅၁၈၇၅	၈၈၇၇၂	၂၁၉၅၅	၁၁၀၇၂၇
၁၂	စက်တင်ဘာ	၃၀၇၆၈	၂၁၄၅၁	၅၂၂၁၉	၈၁၀၆၄	၂၃၇၂	၁၀၄၇၈၅
၁၃	အောက်တိုဘာ	၅၂၆၄၇	၂၁၀၀၅	၇၃၆၅၂	၉၁၈၃၆	၂၇၅၉၀	၁၁၉၄၂၆
	စုစုပေါင်း	၅၇၈၈၉၅	၂၇၀၈၀၅	၈၄၉၇၀၀	၁၀၄၆၇၆၅	၂၉၁၅၅	၁၃၃၈၁၁

MYM CUP (Myanmar Yunlong Man City Cup) 2019
ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇
မန္တလေးမြို့မှ မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရန်ကုန်ရင်လုံဂေါက်သီးရိုက်အသင်းတို့၏ နှစ်စဉ်ကျင်းပသော MYM CUP (Myanmar Yunlong Man City Cup) 2019 ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဒဂုံဂေါက်ကွင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကို၊ ရင်လုံဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရန်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်ဖွင့်လှစ်ပေးကာ ပထမနေ့ပြိုင်ပွဲကို ကျင်းပသည်။

MYM CUP (Myanmar Yunlong Man City Cup) 2019 ပြိုင်ပွဲပထမနေ့တွင် Four Ball Match Play ယှဉ်ပြိုင်ပြီး ဒုတိယနေ့တွင် Single Match Play ယှဉ်ပြိုင်ကစားရသော ပြိုင်ပွဲဖြစ်သည်။

MYM CUP (Myanmar Yunlong Man City Cup) ပြိုင်ပွဲကို ၂၀၁၃ခုနှစ်တွင် ရန်ကုန်မြို့ရှိ Royal Mingalardon Golf & Country Club၌ ကျင်းပသည့် ပထမအကြိမ်တွင် ရင်လုံအသင်းကလည်းကောင်း၊ ၂၀၁၄ခုနှစ်တွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပသည့် ဒုတိယအကြိမ်တွင် မန်းစီးတီးအသင်းကလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည့် တတိယအကြိမ်တွင် ရင်လုံအသင်းကလည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည့် စတုတ္ထ အကြိမ် တွင် ရင်လုံအသင်းကလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ပုဂံ ဂေါက်ကွင်း၌ ကျင်းပသည့် ပဉ္စမအကြိမ်ပြိုင်ပွဲတွင် မန်းစီးတီး အသင်းကလည်းကောင်း အနိုင်ရ ဖိုလ်ဖွဲ့ခဲ့ကြသည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

သုဝဏ္ဏဝတီမြို့ ဇောတိကာရုံ မဟာဟေဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ကျင်းပ



သုဝဏ္ဏဝတီ နိုဝင်ဘာ ၇
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီ မြို့တောင်ကြားရပ်ကွက် ဝင်းပဇောတိကာရုံ ကျောင်းတိုက်တွင် တန်ဆောင်မုန်းလဆန်း ၈ ရက် နံနက်ပိုင်းမှစတင်၍ (၇၃)ကြိမ်မြောက် မဟာဗောဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို သုံးရက်တိုင်တိုင် စည်ကားစွာ ကျင်းပသည်။

နိုဝင်ဘာ ၅ ရက် နှင့် ၆ ရက်တို့တွင် မြန်မာ့ရိုးရာလက်ဝှေ့ အလွတ်တန်း ပြိုင်ပွဲများနှင့် နာမည်ကျော် ရိုးရာလက်ဝှေ့ကလပ်များမှ လက်ဝှေ့ကျော်များ၏ အထူးပွဲအဖြစ် ငါးချီ၊ လေးချီ၊ သုံးချီ အထူးစိန်ခေါ်ပွဲများအပါအဝင် စုစုပေါင်း ပွဲပေါင်း ၇၀ ကျော် ကျင်းပသည်။ **ခွန်(ဝင်းပ)**

ယူ-၁၃ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ပူတာအို နိုဝင်ဘာ ၇
ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် အသက် ၁၃ နှစ်အောက် မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

မြို့နယ်ပညာရေးမှူး ဦးအမ်ထင်ဆန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးခွန်ထွန်း၊ ဦးငွေးခိုရဲ့ အထက(ဒုတ္တန်) ကျောင်းအုပ်ဆရာကြီး ဦးနန်မွန်ခင်တို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပူတာအိုမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ဘောလုံးအသင်း ၁စသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

ရွက်လှေအဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၇
အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ Surfing Team သည် ဖိလစ်ပိုင်နိုင်ငံ La Unionn ကမ်းခြေတွင် နိုဝင်ဘာ၅ ရက်မှ ၂၈ ရက်အထိ ကြိုတင်သွားရောက်လေ့ကျင့်ရန်အတွက် နိုဝင်ဘာ ၄ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

မြင့်မောင်

Kalaw Trail Runs အပြေးပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ အပြေးသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၇
Run Myanmar မှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ရှမ်းပြည်နယ် ကလောမြို့တွင်ကျင်းပမည့် စတုတ္ထအကြိမ်မြောက် Kalaw Trail Runs အပြေးပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ အပြေးသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တာဝေး ၅၁ ကီလိုမီတာ၊ ရွာများကိုဖြတ်ကျော်ပြေးရမည့် ၂၅ ကီလိုမီတာ၊ လမ်းလျှောက်ဝါသနာရှင်များနှင့် ကျန်းမာရေးအရ ပြေးလိုသူများအတွက် ကလောမြို့အရှေ့ဘက်တောင်တန်းများကို ပတ်ပြေးနိုင်မည့် ၂၁ ကီလိုမီတာနှင့် မိသားစုနှင့် ကလေးသူငယ်များပါဝင်ယှဉ်ပြိုင်နိုင်မည့် အပျော်တမ်း ၄ ကီလိုမီတာ စသည်ဖြင့် ပြိုင်ပွဲအမျိုးအစား လေးမျိုး သတ်မှတ်ကျင်းပကြောင်း သိရသည်။

"၅၁ ကီလိုမီတာ အမျိုးအစားမှာဆိုရင် ၂၀၇၅ မီတာအကွာအဝေးပြေးရတာနဲ့ သဏ္ဌာန်တူမှာဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင် ၁၆၀၇ မီတာမှာ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကျင်းပလေ့ရှိတဲ့ အကွာအဝေး အင်မတန်ရှည်လျားလေ့ရှိတဲ့ တာဝေးပြိုင်ပွဲတွေလို ပြေးလမ်းကြောင်းကသိပ်ပြီး မရှည်လျားပေမယ့် တောင်တက်သမားအများစု အတွက်ကတော့ စိန်ခေါ်မှုတွေများတဲ့ပြိုင်ပွဲတစ်ခု ဖြစ်မှာပါ " ဟု Run Myanmar အသင်းဝင် Ole Rehlaender ကပြောသည်။

၅၁ ကီလိုမီတာအပြေးပြိုင်ပွဲကို ယခုနှစ်မှစ၍ ထည့်သွင်းကျင်းပခြင်းဖြစ်ရာ ယင်းပြိုင်ပွဲတွင် စုစုပေါင်း ၄၅ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံသား ၂၀ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

သတင်း-စောနည်မောင်၊ ဓာတ်ပုံ -Run Myanmar

ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ပွဲတော် ဗန္ဓုလပန်းခြံ၌ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇
ရန်ကုန်တိုင်းဒေသကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ဟော်ပွဲရွင်ပွဲများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲညဖြစ်သည့် နိုဝင်ဘာ၁၀ရက် ညပိုင်းတွင် နာမည်ကြီးအဆိုတော်များဖြစ်ကြသည့် အောင်ထက်၊ ဟဲလေး၊ မိစန္ဒီ၊ ဝိုင်းလေး၊ ဆိုဖီယာတို့၏ ဖျော်ဖြေမှုများနှင့်အတူ မြန်မာ့ရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေ တင်ဆက်မည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့ညပိုင်းတွင် အဆိုတော် လွှမ်းပိုင်၊ ရဲလေး၊ ဝေကြီး၊ ရတနာမိုင်တို့၏ ဖျော်ဖြေတင်ဆက်မှု၊ Dancer အကများနှင့် ဇွဲအငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်စိုး**

ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ဖြင့် သရုပ်ပြသ

နေပြည်တော် နိုဝင်ဘာ ၇
အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးတွင် ကျန်းမာကြံ့ခိုင်စေရေးအတွက် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) အစီအစဉ်တစ်ရပ်ဖြစ်သည့် Myanmar Fitness Dance ဖြင့် စုပေါင်းကိုယ်လက်လှုပ်ရှားမှုကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက ဒဂ္ဂီဏာသီရိမြို့နယ် အမှတ်(၁၉) အထကတွင် ကျင်းပသည်။

ဒဂ္ဂီဏာသီရိမြို့နယ် အားကစားမှူး ဒေါ်ဝင်းသီရိလှိုင်၊ အလယ်တန်းပြဆရာမ ဒေါ်ဝါဝါလှိုင်တို့၏ ဦးဆောင်သရုပ်ပြမှုဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့က Fitness Dance ဖြင့် စုပေါင်းကိုယ်လက်လှုပ်ရှားပြသခဲ့ကြောင်း သိရသည်။ **မင်းမင်း(ရွှေပဒေ)**

ခရမ်းမြို့ သက္ကမာရဇိန်ဘုရားကြီး၌ မသိုးသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ သက္ကမာရဇိန်သွန်းဘုရားကြီး၌ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့က ကြီးမှူး၍ နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို သွန်းဘုရားကြီး၏ ရင်ပြင်တော်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ရန် စီစဉ်ထားသည်။

အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မုခ်ဦး၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီး မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ရာ စန္ဒီဒေဝီစင်တော်၊ သန္တာလေဒေဝီစင်တော်၊ သုမနဒေဝီစင်တော်၊ ဂုဏာဒေဝီစင်တော်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

ဆုပေးပွဲကို ၎င်းနေ့ည ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းတော်ကပ်လှူခြင်းမဂ်လာအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက်တွင် သက္ကမာရဇိန်သွန်းဘုရားကြီး ဂန္ဓကုဋိတိုက်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

တန်ခိုးကြီးဘုရားခြောက်ဆူ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံတစ်ဝန်းရှိ MPT က ပျော်ရွှင်ကြည်နူးစရာ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို မြို့ကြီးခြောက်မြို့ရှိ တန်ခိုးကြီးဘုရားခြောက်ဆူတွင် ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသ ကြီး (အရှေ့)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ တန်ခိုးကြီးစေတီပုထိုးခြောက်ဆူ၌ ဆီမီးများပူဇော်ခြင်းနှင့် ယောဂီတဘက်များကို ဘုရားဖူးလာပြည်သူများထံပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

MPT–KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်မှု ဌာနမှ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးမြင့်သိန်းထွန်း က "MPT အနေနဲ့ တန်ဆောင်တိုင်ရဲ့ ပျော်ရွှင်ဖွယ်ရာအချိန်တွေကို အများပြည်သူတွေနဲ့အတူ ဝေမျှဖို့ ဆန္ဒရှိပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ အားလပ်ရက်မှာ MPT က နိုင်ငံတစ်ဝန်းမှာရှိတဲ့ အထင်ကရစေတီပုထိုးတွေမှာ ဆီမီးများပူဇော်ခြင်းနှင့် ယောဂီတဘက်များ ပေးအပ်လှူဒါန်းခြင်းကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟုပြောသည်။

အဆိုပါမီးထွန်းပွဲတော်ကျင်းပမည့်ဘုရားစေတီများမှာ ရန်ကုန် ဗိုလ်တထောင်ဘုရား၊ မန္တလေး အိမ်တော်ရာဘုရား၊ စစ်ကိုင်းကောင်းမှုတော်ဘုရား၊ ပဲခူးရွှေမော်ဓောဘုရား၊ မော်လမြိုင်ကျိုက်သလ္ဓံဘုရားနှင့် ဟသံတမြို့ ဦးပါရဲစေတီတို့ဖြစ်ကြသည်။

မြင့်မောင်

ကလေးစာပေပွဲတော်(အိမ်မဲ) ပိတ်ပွဲအခမ်းအနား ကျင်းပ

အိမ်မဲ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကို အိမ်မဲမြို့အ.ထ.က(၁)ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းက နောက်နှစ်များတွင် ယခုလိုပွဲမျိုး ဆက်လက်ကျင်းပနိုင်စေရေးနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူက အလှူရှင်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း

ကလေးစာပေပွဲတော်(အိမ်မဲ)တွင် စာအုပ်ဝယ်ယူဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

ပူဖောင်းညှပ်ကစားနည်း ပါဝင်ယှဉ်ပြိုင်နေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတက်တိုးက ယခုလိုကျင်းပပေးသည့်အတွက် မိမိမြို့နယ်မှ ကလေးငယ်များကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးမဟာဗျူဟာ ငါးနှစ်တာကာလအတွင်း ယခုကျင်းပသည့် ကလေးစာပေပွဲတော်များပါရှိကြောင်း ပြောကြားခဲ့သည်။

နှုတ်မှုစွမ်းရည်နှင့် ကာယစွမ်းရည်ပြိုင်ပွဲ ရှစ်ခုမှ ဆုရရှိသူ ၄၀ တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး "ပန်းရည်ဘဏ်တိုက်" နှင့် "ဧရာကမ်းအလှပန်းချီ" သီချင်းတို့ဖြင့် ဖျော်ဖြေခဲ့ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်း–တိုင်းဒေသကြီးပြန်/ဆက်

ဓာတ်ပုံ – ဝင်းကြိုင်၊ လွှမ်းသီဟ(ပြန်/ဆက်)

မိုးညှင်းခရိုင်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

မိုးညှင်း နိုဝင်ဘာ ၇

ကချင်ပြည်နယ် မိုးညှင်းမြို့ ပုညရှင်စက္ခုပါလဆေးရုံ၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက် အထိ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်နုနုယဉ်နှင့်အဖွဲ့က မျက်စိရောဂါဝေဒနာရှင် ၈၆ ဦးအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့ ကြောင်း ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသည် ကချင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်း၏ ပံ့ပိုးကူညီမှုဖြင့်အခမဲ့ဆေးဝါးကုသရေးလုပ်ငန်းကို အောက်တိုဘာ ၂၅ရက်မှ ၂၇ ရက်အထိ ဟိုပင်အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ရာ မျက်စိရောဂါအပါအဝင် ရောဂါ ၁၀ မျိုးအား စမ်းသပ်စစ်ဆေးကုသ ပေးခဲ့ပြီး မျက်စိခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ယခုလိုခွဲစိတ်ပေးခြင်းဖြစ်ကြောင်း ရွှေပါရမီဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင် ဦးညီညီက ပြောသည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်တွင် အခမဲ့ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအကြိမ်သည် (၄၃) ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(မိုးညှင်း)

တိုတိုထွာထွာဖတ်စရာ

မီးဘေးလုံခြုံရေးလက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ

ဒီးမော့ဆို

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မီးသတ်တပ်ဖွဲ့က စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ဒေါတမင်ယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးကြည်စိုးဟန်က မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို ကျောင်းသား ကျောင်းသူများ သိရှိနားလည်စေရန် ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်လုပ်ငန်းသုံးပစ္စည်းကိရိယာများအသုံးပြုပုံ၊ အသက်ရှူကိရိယာအား လက်တွေ့ ဝတ်ဆင်ခြင်း၊ ဆီမီးလောင်မှုအားရေမှုန်ရေမွှားအအေးပေးစနစ်ဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းနှင့် တွင်းနက်ထဲတွင်ပိတ်မိနေသော လူနာအား ကယ်ထုတ်မှု ပုံစံများကိုလက်တွေ့သရုပ်ပြသခဲ့ ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

သီပေါ

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ကူညီပံ့ပိုးမှု၊ ဂျပန်နိုင်ငံ နိပ္ပန်ဖောင်ဒေးရှင်း စေတနာ အဖွဲ့နှင့် နားမခေါ်ကျေးရွာပြည်သူများ ပူးပေါင်းဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နားမခေါ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆောင်သစ်ရှေ့၌ ကျင်းပသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွင်၊ ဂျပန်နိုင်ငံ နိပ္ပန်ဖောင်ဒေးရှင်း စေတနာအဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးတင်လေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းညွှန့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းဆောက်လုပ်ရေးကော်မတီက မြို့နယ်ပညာ ရေးမှူး ဦးဝင်းဇော်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ သီပေါမြို့နယ် နမ့်ပျဉ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကိုလည်း တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

အသက်ငါးနှစ်အောက်ကလေးငယ်များ ကာကွယ်ဆေးထိုး

ရန်ကုန်

သင်္ကန်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ ကျန်းမာရေးဝန်ထမ်းများသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက သင်္ကန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်သို့ ကွင်းဆင်း၍ ရပ်ကွက်အတွင်းရှိအသက်ငါးနှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲမင်းထွန်း(ပြန် /ဆက်)**

မှုခင်းအသိပညာပေး

ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်နေလင်းနှင့် အဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲကကျောက်တန်းမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဟော ပြောခဲ့ကြောင်း သိရသည်။ **နီးတူး(ကျောက်တန်း)**

နိုဝင်ဘာ ၅ ရက်က ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဂန့်ဂေါမြို့ ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖြိုးဟိန်းထွဋ်နှင့်အဖွဲ့ မှုခင်းကျဆင်းရေးဟောပြော၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **စိန်ကျော်**

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား မာတစ် ဇန်နဝါရီဈေးကွက်အတွင်း အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည်

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား နီမင်ဂျာမာတစ်ဟာ လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ အိုးထရက်ဖို့ဒ်ကနေ ထွက်ခွာဖို့ ဆန္ဒရှိနေပြီး နည်းပြဆိုးရှားရဲ့ လက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရတာကြောင့် အသင်းကနေ ထွက်ခွာဖို့ စီစဉ်လာတာဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မာတစ်ဟာ အခုနှစ် ဘောလုံးရာသီမှာ ပရီမီယာလီဂ်နှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီကုန်မှာ လက်ရှိစာချုပ်သက်တမ်းကလည်း ကုန်ဆုံးမှာဖြစ်ပါတယ်။

မန်ယူအသင်းကတော့ ကွင်းလယ်ကစားသမား မာတစ်ကို အခုလက်ရှိ စာချုပ်သက်တမ်းကုန်ရင် ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ခွင့်ရမယ့် အခွင့်အရေးရှိပေမယ့် ကစားသမားကိုယ်တိုင်ကတော့ အိုးထရက်ဖို့ဒ်ကို စွန့်ခွာဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

မာတစ်ဟာ ၂၀၁၁ ကနေ ၂၀၁၄ အထိ ဘင်ဖီကာအသင်းမှာ ၅၆ ပွဲကစားပေးခဲ့ပြီး သွင်းဂိုးခြောက်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၁၄ ကနေ ၂၀၁၇ အထိ ချယ်လ်ဆီးအသင်းနဲ့အတူ ၁၂၁ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးလေးဂိုးသွင်းယူပေးနိုင်ခဲ့ကာ လက်ရှိကလပ် မန်ယူအသင်းမှာတော့ ၂၀၁၇ ကနေ လက်ရှိအချိန်အထိ ၆၇ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

လီဝန်ဒိုစကီးနဲ့ ပါရီဆစ်တို့ရဲ့ သွင်းဂိုးနှစ်ဂိုးဖြင့် အိုလံပီယာကို့စ်ကို အနိုင်ရပြီး ဘိုင်ယန်မြူးနစ်အသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တက်ရန် သေချာခဲ့

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်အုပ်စုအဆင့်ရဲ့ လေးပွဲမြောက်ပွဲစဉ်အဖြစ် အိုလံပီယာကို့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး လီဝန်ဒိုစကီးနဲ့ ပါရီဆစ်တို့ သွင်းယူခဲ့တဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းဖို့ သေချာခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် ပွဲကစား ချိန် ၆၉ မိနစ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အခုနှစ် ဘောလုံးရာသီမှာ ဘွန်ဒက်လီဂါမှာရော ဥရောပ ပြိုင်ပွဲမှာပါ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးအနေနဲ့ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်မှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် သွင်းဂိုး ၂၄ ဂိုးအထိ သွင်းယူထားခဲ့တာဖြစ်ပါတယ်။ ဒဲ့အပြင် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၁၀ ပွဲ ကစားပြီးချိန်မှာ သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာ လည်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီး ဟာ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ရှစ်ပွဲဆက် တိုက် ဂိုးသွင်းယူနိုင်တဲ့ တတိယမြောက်ကစား သမားတစ်ဦးဖြစ်လာခဲ့ပြီး တိုက်စစ်မှူး စီရှိ နယ်လ်ဒိုဟာ ၂၀၁၂ ကနေ ၂၀၁၄ အထိ ကိုးပွဲ ဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်တဲ့အပြင် တိုက်စစ်မှူး မက်ဆီကလည်း ၂၀၁၅ ကနေ ၂၀၁၇ အထိ ရှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်တွေမှာ ဂျူဗင်တပ်အသင်းက လိုကိုမိုးတစ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပီအက်စ်ဂျီအသင်းက ကလပ်ဘရှဂျ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရီးယဲလ်မက်ဒရစ်အသင်းက ဂါလာတာစာရေး အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ စပါးအသင်းက ဘဲလ်ဂရိတ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ လေဗာ ကူဆင်အသင်းက အက်သလက်တီကိုမက်ဒရစ် အသင်းကို နှစ်ဂိုး-တစ်ဂိုး စသဖြင့် အသီးသီး အနိုင်ရရှိခဲ့ပြီး အတ္တလန္တလာအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေ၊ ဒိုနမိုဇာဂရက်ဇ်အသင်းနဲ့ ရှက်ခ်တာ ဒိုးနက်စ်ခ်အသင်းတို့ ပွဲစဉ်မှာ တစ်ဖက် သုံးဂိုးစီသရေ စသဖြင့် သရေရလဒ်တွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြေး-စုစည်းသည်

အနုပညာ

စီအယ်လ်နဲ့ လမ်းခွဲလိုက်ပြီဆိုတဲ့သတင်းကို အေဂျင်စီ ငြင်းဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ စီအယ်လ်ဟာ လတ်တလောမှာ နှစ်ရှည်လက်တွဲလာခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲကာ အေဂျင်စီသစ်နဲ့ လက်တွဲခဲ့ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ ဒီလို ကောလာဟလတွေ ပေါ်ထွက်ခဲ့ပြီးနောက် မကြာမီမှာပင် စီအယ်လ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က အဆိုပါသတင်းဟာ မှန်ကန်မှုမရှိကြောင်း တရားဝင်ထုတ်ပြန်ပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စီအယ်လ်အနေနဲ့ ဝိုင်ဂျီနဲ့ လမ်းခွဲလိုက်ပြီဆိုတဲ့ သတင်းဟာ နိုဝင်ဘာ ၇ ရက်က မီဒီယာစာမျက်နှာတွေပေါ်မှာ ထိပ်ဆုံးကနေ တွေ့နေရတဲ့ သတင်းတစ်ပုဒ်ဖြစ်ပေမယ့် ဝိုင်ဂျီကတော့ အဆိုပါသတင်းကို တုံ့ပြန်ဖြေရှင်းရာမှာ တိုတိုနဲ့ ရိုးရိုးသာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အေဂျင်စီက စီအယ်လ်နဲ့ စာချုပ်ကိစ္စဟာ လက်ရှိမှာ ဆွေးနွေးနေဆဲဖြစ်တယ်လို့ ထုတ်ပြန်ပြောကြားခဲ့ပါတယ်။

ဒီလို ဝိုင်ဂျီက ထုတ်ပြန်ပြောကြားခြင်းမပြုမီ ဒေသတွင်း မီဒီယာအချို့က စီအယ်လ်နဲ့ ဝိုင်ဂျီတို့ရဲ့ စာချုပ်သစ်ကိစ္စဆွေးနွေးမှုဟာ မအောင်မြင်ခဲ့ဘဲ စီအယ်လ်ဟာ ဝိုင်ဂျီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။

ဘရက်ဒ်လေကူးလ်ပါးနဲ့ ချစ်ဟန်ဆောင်ခဲ့တဲ့ လေဒီဂါဂါ

ပေါ့ပ်ကြယ်ပွင့်အဖြစ်မှသည် အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်လာခဲ့တဲ့ လေဒီဂါဂါဟာ သူနဲ့ မင်းသား ဘရက်ဒ်လေကူးလ်ပါးတို့ တွဲဖက်ပါဝင်ထားတဲ့ ရုပ်ရှင်ထုတ်လွှင့်ပြသခဲ့စဉ်မှာ သူနဲ့ ဘရက်ဒ်လေကူးလ်ပါးတို့နှစ်ဦး လက်တွေ့ ဘဝမှာပါ ချစ်သူတွေဖြစ်နေသကဲ့သို့ ထင်မြင်လာအောင် နေထိုင်ခဲ့တယ်လို့ လတ်တလောမှာ ထုတ်ဖော်ပြောကြားလာကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်းက ပြသခဲ့တဲ့ တေးဂီတအသားပေး အချစ်ရုပ်ရှင် "A Star Is Born" မှာ လေဒီဂါဂါနဲ့ ဘရက်ဒ်လေကူးလ်ပါးတို့ဟာ အဓိက ဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားကြပါတယ်။ ဇာတ်လမ်းထဲမှာ ချစ်သူတွေအဖြစ် ပါဝင်ထားကြတဲ့ သူတို့နှစ်ဦးဟာ ပရိသတ်တွေအနေနဲ့ တကယ့်ချစ်သူနှစ်ဦးကို ကြည့်နေရသကဲ့သို့ ခံစားလာရစေဖို့ အပြင်မှာလည်း တကယ့်ချစ်သူတွေလို အထင်ရောက်စေအောင် ရင်းရင်းနှီးနှီးရှိခဲ့တယ်လို့ ဆိုပါတယ်။

လေဒီဂါဂါက သူနဲ့ ဘရက်ဒ်လေကူးလ်ပါးတို့ရဲ့ ဇာတ်လမ်းဟာ လုပ်ကြံထားတဲ့ အတုအယောင်သာဖြစ်ပြီး ပရိသတ်တွေကို ပိုမိုပြည့်စုံစွာ ခံစားနိုင်စေဖို့ ရည်ရွယ်ခဲ့ကာ ဒီအချစ်ဇာတ်လမ်းတုနဲ့ သူတို့နှစ်ဦး အကောင်းဆုံးလုပ်နိုင်ခဲ့တယ်လို့လည်း ဆိုပါတယ်။

ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်နဲ့ အောင်မြင်မှုတွေရရှိခဲ့တဲ့ ဂျက်ဆင်

တောင်ကိုရီးယားအမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "GOT7" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျက်ဆင်ဟာ မကြာသေးမီက အနုပညာသက်တမ်းတစ်လျှောက် သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဟောင်ကောင်ဖွား ပေါ့ပ်ကြယ်ပွင့်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ လတ်တလောမှာ ဘေဘုတ်ရဲ့ ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ်များစာရင်းမှာ နံပါတ်သုံးနေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် ဂျက်ဆင်အတွက် ပွဲဦးထွက်တေးအယ်လ်ဘမ်ဟာ အောင်မြင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်ဆင်အတွက် ဒီလို အောင်မြင်ခဲ့တာကြောင့် သူ့ရဲ့ ရည်မှန်းချက်အချို့ ပြည့်မြောက်ခဲ့ပြီလို့လည်း ဆိုနိုင်ပါတယ်။ ဂျက်ဆင်ဟာ ရည်ရွယ်ချက်ကြီးမားခဲ့သူတစ်ဦးဖြစ်ကြောင်း သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကနေတစ်ဆင့်လည်း တွေ့မြင်နိုင်ပါတယ်။ ဂျက်ဆင်ရဲ့ ပထမဆုံးသော တေးအယ်လ်ဘမ်ကတော့ "Mirrors" လို့ အမည်ရပြီး တေးသီချင်းသစ် ရှစ်ပုဒ်ပါဝင်ကာ အများစုဟာ အင်္ဂလိပ်လို ရေးသားထားတဲ့ တေးသီချင်းတွေ ဖြစ်ပါတယ်။ တရုတ်လို ရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ပါဝင်တယ်လို့ သိရပါတယ်။

"Mirrors" ကို အောက်တိုဘာ ၂၅ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လက်ရှိမှာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ် ၃၂ နေရာ၌ ရပ်တည်နေပြီး ဘေဘုတ်ရဲ့ ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ်များ စာရင်းမှာတော့ နံပါတ်သုံးနေရာမှာ ရပ်တည်နိုင်နေတာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလေ့လော်ပြိုင်ပွဲဆုပေးပွဲကျင်းပ

ဘားအံ နိုဝင်ဘာ ၇

(၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်စတုတ္ထအကြိမ် မြန်မာ့ရိုးရာ လေ့လော်ပြိုင်ပွဲကို ပျော်ပွဲရွှင်ပွဲတစ်ရပ်အနေဖြင့် လည်းကောင်း၊ ဒေသအတွင်း မြန်မာ့ရိုးရာလေ့လော်အားကစားနည်း မပျောက်ပျက်စေရေးအတွက်လည်းကောင်း စသည့် ရည်ရွယ်ချက်များဖြင့် ဘားအံမြို့ ကန်သာယာအတွင်း၌ ကျင်းပခဲ့ရာ ဗိုလ်လုပွဲကို နိုဝင်ဘာ ၇ ရက်နံနက်ပိုင်းမှစတင်ခဲ့ပြီး နံနက် ၁၁ နာရီခွဲက ဆုချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး ငါးတက်လော်ပြိုင်ပွဲတွင် လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးသုံးတက်လော်ပြိုင်ပွဲတွင်တွင် လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးတစ်တက်လော်ပြိုင်ပွဲတွင်တွင် လည်းကောင်း၊ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများအား လည်ဆွဲ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဘားအံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ၊ ရပ်ကွက်နှင့်ကျေးရွာများမှ အမျိုးသား ငါးတက်လော် ၁၅ သင်း၊ အမျိုးသမီး ငါးတက်လော် ကိုးသင်း၊ အမျိုးသား သုံးတက်လော် ၁၇ သင်း၊ အမျိုးသမီးသုံး တက်လော် ၁၀ သင်း၊ အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲတွင် ၂၀၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲဝင် ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၇ ရက်ထိ နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် တွံတေးမြို့နယ် ရွှေသူဌေးစိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးလှအေးနှင့် တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးခက်ခက်တို့သည် ရုံးအဖွဲ့မှူး ဦးရဲလွင်၊ ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီး ဦးအောင်မြင့်နှင့် တွံတေးမြို့နယ် တရားသူကြီးတို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တွံတေးမြို့နယ် ရွှေသူဌေးစိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်အဖွဲ့သည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ခံစားရရှိခွင့် ရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှုအခြေအနေများကို ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိ တာဝန်ရှိသူများအား မှာကြားသည်။

သတင်းစဉ်

ဝါရင့်သင်ကြားရေး ဆရာ ဆရာမများအတွက် ရလဒ်အခြေပြုဆေးပညာသင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

ဝါရင့်သင်ကြားရေး ဆရာ ဆရာမများအတွက် ရလဒ်အခြေပြုဆေးပညာသင်ကြားရေး (Workshop on Outcome-based Education for Senior Teaching Staff) အလုပ်ရုံဆွေးနွေးပွဲကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)သဟဇာတခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက/ဌာနမှူးများနှင့် ကထိကများ တက်ရောက်ကြပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်တာကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်

မြန်မာ့ပင်လယ်ပြင်

နေပြည်တော် နိုဝင်ဘာ ၇

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ရှမ်းနှစ်သစ်ကူးပွဲတော် တိုင်းရင်းသားပြည်သူများ စုပေါင်းကြိုဆို

သီပေါ နိုဝင်ဘာ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းနှစ်သစ်ကူး ကျင်းပရေးကော်မတီမှ ရှမ်းနှစ်သစ် ၂၀၁၄ ခုနှစ်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရှမ်းနှစ်သစ်ကို ပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရေးအတွက် ရပ်ကွက်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ၏ အိမ်ဂေဟာများတွင် ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းဝိုက်ကွမ်းဦးဆောင်သော ဒေသခံတိုင်းရင်းသား မောင်မယ်များက နိုဝင်ဘာ ၆ ရက်တွင် ဆုတောင်းမင်္ဂလာပြုခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ပုသိမ်နှင့် မော်လမြိုင်ကျွန်း ဆက်သွယ်မည့် ပေအရှည် ၂၀၀၀ ကျော်ရှိ ကျွန်းပြဿဒါမြစ်ကူးတံတား တည်ဆောက်

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ် ဒေသတွင် ပုသိမ်မြို့သို့အချိန်တိုတိုဖြင့် ဆက်သွယ်သွားလာနိုင်သည့် မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းပြဿဒါ မြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) က တာဝန်ယူ၍ တည်ဆောက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် ကျွန်းပြဿဒါတံတား တည်ဆောက်မှုမှာ ၃၆ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ယင်းကျွန်းပြဿဒါ မြစ်ကူးတံတားသည် လမ်းအမှတ် (၁၀)-ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမင်း-ဝါးခယ်မ-မြောင်းမြ လမ်းမိုင်တိုင်အမှတ် ၂၂/၄ ပေါ်တွင် ကျွန်းပြဿဒါမြစ်အား ဖြတ်ကူး တည်ဆောက်လျက်ရှိသော မြစ်ကူးတံတားဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်များမှ ပြည်သူများ အတွက် ဒေသဖွံ့ဖြိုးရေး အရေးပါသော ဆက်သွယ်ရေး မြစ်ကူးတံတားဖြစ်သည်။

အဆိုပါ ကျွန်းပြဿဒါမြစ်ကူးတံတားမှာ တံတားအရှည် ပေ ၂၃၆၀၊ တံတားအကျယ် ၂၈ ပေ (နှစ်လမ်းသွား)၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိပြီး ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ပေ၂၄၀ ရှိသည်။ ကျွန်းပြဿဒါမြစ်ကူးတံတားမှာ သံမဏိသံပေါင်သံကူ ကွန်ကရစ်ရက်မ တံတားအမျိုးအစားဖြစ်သည်။

ယင်းကျွန်းပြဿဒါမြစ်ကူးတံတားမှ စော်ကဲမြစ်ကူးတံတားအထိ ငါးမိုင် လေးဖာလုံ၊ ကျွန်းပြဿဒါမြစ်ကူးတံတားမှ ဝါးခယ်မမြို့အထိ ၁၁ မိုင် ၁ ဖာလုံ ကွာဝေးသည်။ ဆောက်လုပ်ဆဲ ကျွန်းပြဿဒါ မြစ်ကူးတံတားမှ ပုသိမ်မြို့အထိ ၆၇ မိုင် ၄ ဖာလုံသာ ကွာဝေးတော့မည်ဖြစ်၍ ပုသိမ်မြို့သို့ မော်တော်ကားဖြင့် ၂ နာရီခွဲသာ သွားရတော့မည်ဖြစ်သည်။

အဆိုပါ ကျွန်းပြဿဒါတံတား တည်ဆောက်ပြီးစီးသွားပါက ပုသိမ်မြို့သို့ မော်လမြိုင်ကျွန်း-မအူပင်-ပုသိမ်လမ်းနှင့် မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ-ပုသိမ်၊ လမ်းနှစ်သွယ်တို့ဖြင့် သွားလာနိုင်မည်ဖြစ်ရာ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က ကျွန်းပြဿဒါမြစ်ကူးတံတားအား ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် တည်ဆောက်ပြီးစီးရန် လျာထားဆောက်လုပ်လျက်ရှိသည်။

မော်ကျွန်းမြင့်အောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အကူသူနာပြု (ပြင်ပ) (၉) လသင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန အောက် ရှိနေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီး တို့တွင်အကူသူနာပြု(ပြင်ပ)(၉)လသင်တန်းကို ဆေးရုံကြီး(၁)ရုံလျှင် သင်တန်းသားဦးရေ(၁၀၀)စီဖြင့် (၂၀၂၀) ခုနှစ်၊ဇန်နဝါရီလအတွင်း ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းသို့အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါသည် (လျှောက်လွှာပုံစံကို ပူးတွဲဖော်ပြထားပါသည်) –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အခြေခံပညာ နဝမတန်းအောင်မြင်ပြီးသူများသာ လျှောက်ထားရန်ဖြစ်ပါသည်၊ (တက္ကသိုလ်ဝင်တန်းနှင့် အထက် အောင်မြင်ပြီးသူများလျှောက်ထားခွင့်မပြု)၊

(ဂ) လျှောက်လွှာပိတ်ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၂၅) နှစ်ထက်မကြီးရ၊

(ဃ) သင်တန်းဖွင့်လှစ်ပို့ချမည့် ပြည်သူ့ဆေးရုံကြီး (၃)ရုံအနက်ရွေးချယ်ခံရသည့် နေရာဒေသတွင် သင်တန်း တက်ရောက်နိုင်သူဖြစ်ရမည်၊

(င) နေထိုင်စားသောက်ရေးကိုသင်တန်းသားများအစီအစဉ်ဖြင့်သာဆောင်ရွက်စီစဉ်ရမည်၊ ဌာနမှ တာဝန်ယူ မည်မဟုတ်ပါ၊

(စ) သတ်မှတ်ထားသောသင်တန်းအချိန်ကာလအတိုင်းသင်တန်းပြီးဆုံးအောင်မြင်အောင်တက်ရောက်နိုင် သူဖြစ်ရမည်၊

(ဆ) အကူသူနာပြု(ပြင်ပ) (၉)လသင်တန်းအောင်မြင်သူများအားပုဂ္ဂလိကကျန်းမာရေးကဏ္ဍများတွင်ပါဝင် နိုင်ရေးအထောက်အကူဖြစ်မည့် ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြုသင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်မည်။

၃။ လျှောက်လွှာနှင့်အတူ လွန်ခဲ့သော (၃) လအတွင်း ရိုက်ကူးထားသော ရောင်စုံပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ နှင့်အတူအောက်ပါစာရွက်စာတမ်းအထောက်အထားများကိုပြည့်စုံစွာပူးတွဲပေးပို့ရပါမည် –

(က) နဝမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံစာမူရင်း၊

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်/ ရဲစခန်းထောက်ခံစာမူရင်း၊

(ဂ) စိတ်ရောဂါ၊ မူးယစ်စေသောအရက်စွဲ/ ဆေးစွဲလက္ခဏာမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်းသက် ဆိုင်ရာမြို့နယ်ကုသရေးဦးစီးဌာနမှူး၏ဆေးထောက်ခံစာမူရင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၄။ လျှောက်ထားရမည့်တိုင်းဒေသကြီး/ပြည်နယ်သတ်မှတ်ချက်များ–

- နေပြည်တော်ပြည်ထောင်စုနယ်မြေ/ ကယားပြည်နယ်/ မကွေးတိုင်းဒေသကြီး/ရှမ်းပြည်နယ် (တောင်ပိုင်း/အရှေ့ပိုင်း)တို့မှလျှောက်ထားလိုသူများသည် **နေပြည်တော်ပြည်ထောင်စုနယ်မြေ ကုသရေးဦးစီးဌာနရုံးသို့ လည်းကောင်း၊**
- ကရင်ပြည်နယ်/ တနင်္သာရီတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး/ မွန်ပြည်နယ်/ ရခိုင်ပြည်နယ်/ ရန်ကုန်တိုင်း ဒေသကြီး/ဧရာဝတီတိုင်းဒေသကြီးတို့မှ လျှောက်ထားလိုသူများသည် **ရန်ကုန်တိုင်းဒေသကြီးကုသရေး ဦးစီးဌာနရုံးသို့ လည်းကောင်း၊**
- ကချင်ပြည်နယ်/ ချင်းပြည်နယ်/ စစ်ကိုင်းတိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီး/ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှလျှောက်ထားလိုသူများသည် **မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနရုံးသို့ လည်းကောင်း** လိပ်မူ၍လျှောက်ထားရန်ဖြစ်ပါသည်။

လျှောက်လွှာကို ၆-၁၂-၂၀၁၉ ရက်၊ ၁၆:၀၀ နာရီအရောက် သက်ဆိုင်ရာ (နေပြည်တော်/ ရန်ကုန်/ မန္တလေး) ကုသရေးဦးစီးဌာနရုံးများသို့ ပေးပို့ရန်နှင့်နောက်ကျ၍ရောက်ရှိလာသောလျှောက်လွှာများ၊ မပြည့်စုံသည့်လျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည် မဟုတ်ပါ)

၅။ သင်တန်းဝင်ခွင့်ဖြေဆိုရမည့်သူများ၏ အမည်စာရင်းအား ၁၃-၁၂-၂၀၁၉ ရက်၌ သက်ဆိုင်ရာတိုင်းဒေသကြီး ကုသရေးဦးစီးဌာနရုံးများတွင် ကြေငြာထားမည်ဖြစ်ပါသည်။

၆။ သင်တန်းသားစိစစ်ရွေးချယ်ရေးကိုသက်ဆိုင်ရာတိုင်းဒေသကြီးကုသရေးဦးစီးဌာနရုံးများမှအောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် –

(က) သတင်းပေးပို့ရမည့်ရက် – ၂၀- ၁၂ - ၂၀၁၉ ရက်၊ (သောကြာနေ့)

(ခ) ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက် – ၂၁- ၁၂ -၂၀၁၉ ရက်၊ (စနေနေ့)
(ရေးဖြေစာမေးပွဲတွင် (က) အင်္ဂလိပ်စာ (ခ) မြန်မာစာ (ဂ) အထွေထွေဗဟုသုတတို့ပါဝင်သော (၁ နာရီ ၃၀ မိနစ်) မေးခွန်းလွှာကိုဖြေဆိုရမည်ဖြစ်ပါသည်)

(ဂ) ရေးဖြေစာမေးပွဲဖြေဆိုရမည့်အချိန် – ၉:၀၀ နာရီမှ ၁၀:၃၀ နာရီ)

(ဃ) ရေးဖြေစာမေးပွဲဖြေဆိုရမည့်နေရာ –
နေပြည်တော်ပြည်ထောင်စုနယ်မြေ/ ရန်ကုန်တိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီး ဌာနတို့မှ သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၇။ တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးကုသရေးဦးစီးဌာနရုံးများ၌ ဒီဇင်ဘာလကုန်တွင် စုံစမ်းနိုင်ပါသည်။

၈။ အသေးစိတ်သိရှိလိုသည့်အချက်များကိုနေပြည်တော်ကုသရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်–၀၆၇- ၃၅၀၀၇၆၊ ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်–၀၁–၅၅၈၇၀၈၊ မန္တလေးတိုင်းဒေသကြီးကုသရေး ဦးစီးဌာန၊ တယ်လီဖုန်းအမှတ်–၀၂–၆၇၄၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုသရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အကူသူနာပြု(ပြင်ပ) (၉) လသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံ

ကာလာဓာတ်ပုံ

သတိပြုရန်

၁။ လက်ယာဘက်တွင်ကိုယ်တိုင်လက်ရေးဖြင့်ရေးသွင်းရမည်။

၂။ လျှောက်ထားသူသည်မိမိ၏ဓာတ်ပုံတစ်ပုံကို၌ပုံစံတွင်ကပ်ရမည်။

ရက်စွဲ၊

၁။ အမည် ------------------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------
၃။ မွေးဖွားသည့်ခုနှစ်၊လ၊ရက် ------------------------------------
၄။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ------------------------------------
၅။ ပညာအရည်အချင်း ------------------------------------
၆။ အဖအမည် ------------------------------------
၇။ လိပ်စာအပြည့်အစုံ ------------------------------------

၈။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ------------------------------------

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခြင်းခံရပါကသင်တန်းကာလအတွင်းသင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး၊သင်တန်းပြီးဆုံးအောင်တက်ပါမည်၊ သင်တန်းပြီးဆုံးအောင်တက်ရောက်နိုင်ခြင်းမရှိပါက သင်တန်း လျော်ကြေးငွေ ၁၀၀၀၀၀ိ/-(ကျပ်တစ်သိန်း) ပေးလျော်ပါမည်ဟု ကတိပြုလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ်၊ ------------------------
လျှောက်ထားသူအမည်၊ ------------------------
မြို့နယ်၊------------------------

မှတ်ချက်။ လျှောက်လွှာနှင့်အတူနိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နဝမတန်းအောင်မြင်ကြောင်းသက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ထောက်ခံစာ၊ရပ်ကွက်/ ရဲစခန်းထောက်ခံချက်မူရင်း၊ဆေးထောက်ခံစာမူရင်း၊ဓာတ်ပုံ (၃) ပုံတို့နှင့်အတူပူးတွဲတင်ပြရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်–၅၇ဃ/၆၈၉၁၂ အမျိုးအမည် Honda Click 125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ရွှန်းပပအောင်[၅/ဝလန(နိုင်)၁၈၀၆၇၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၁)နဝမတန်း (F)မှ မောင်စောဟိန်းဖြိုး၏ ဖခင် အမည်မှန်မှာ ဦးကျော်မင်းသိန်း[၉/ ကပတ(နိုင်)၁၅၂၈၀၆] ဖြစ်ပါ ကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၂၁/ အေ)၊မြေကွက်အမှတ်(၈/၃၇) ဧရိယာ(၀.၃၁)ဧကအနက်မှ(၀.၂၉)ဧက၊မြေကွက်တည်နေရာအမှတ်(၃၇)၊သခွေပင် ကျေးရွာအုပ်စု၊ကိုးလုံးကွင်းရွာ၊မင်္ဂလာဒုံမြို့နယ်၊မောင်သာအိ၊မရွဲအမည်ပေါက် မြေအမျိုးအစား B'G'၃(ခ)မြေအားရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် –၃၃၂/၂၀၁၇(၁၆.၃.၁၈)စီရင်ချက်နှင့် ဒီကရီအရ Yin Lee Yint (ခ)ဒေါ်လီလီစမ်းမှ တရားလိုပြုလုပ်၍အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အမိန့်ရရှိခဲ့ပြီးတရားမစာရင်းမှုအမှတ်၁၄/၂၀၁၈ (၂၈.၃.၁၈)တို့ကိုတင်ပြ၍တရားပြိုင်များဖြစ်ကြသည့် ဦးတင်ညွန့်၊ဦးသာခံ၊ မောင်သာအိ၊မရွဲကိုယ်စားတရားရုံးဘိလစ်ဒေါ်မေမိုးသီရိ(၁၂/အစန(နိုင်)၂၃၉၁၈၄) မှဘိလစ်ပြောင်းလဲခန့်ထားစာ၊တရားရုံးအမိန့်၊၃(ခ)ဝန်ခံချက်လက်မှတ်တို့ကို တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၂၁/ အေ)၊မြေကွက်အမှတ်(၈၁/ ခ)၊ဧရိယာ (၁.၃၉)ဧကအနက်မှ(၀.၁၃)ဧက၊မြေကွက်တည်နေရာအမှတ်(၈၁)၊သခွေပင်ကျေးရွာ အုပ်စု၊ကိုးလုံးကွင်းရွာ၊မင်္ဂလာဒုံမြို့နယ်၊မောင်သာခံအမည်ပေါက်မြေအမျိုးအစား B'G'၃(ခ)မြေအားရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်– ၃၃၂/၂၀၁၇(၁၆.၃.၁၈)စီရင်ချက်နှင့် ဒီကရီအရ Yin Lee Yint (ခ) ဒေါ်လီလီစမ်းမှတရားလိုပြုလုပ်၍အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီးတရားမစာရင်းမှုအမှတ်၁၄/၂၀၁၈(၂၈.၃.၁၈)တို့ကိုတင်ပြ၍တရားပြိုင် များဖြစ်ကြသည့် ဦးတင်ညွန့်၊ဦးသာခံ၊မောင်သာအိ၊မရွဲတို့ကိုယ်စားတရားရုံး ဘိလစ်ဒေါ်မေမိုးသီရိ(၁၂/အစန(နိုင်)၂၃၉၁၈၄)မှဘိလစ်ပြောင်းလဲခန့်ထားစာ၊ တရားရုံးအမိန့်၊၃(ခ)ဝန်ခံချက်လက်မှတ်တို့ကိုတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၁)နဝမ တန်း(F)မှ မောင်အောင်မင်းခန့် ၏ ဖခင်အမည်မှန်မှာ ဦးဗိုလ် ဆင့်[၅/အရတ(နိုင်)၁၅၄၁၂၃] ဖြစ်ပါကြောင်း။

အမည်မှန်

ဦးကျော်ဆွေဝင်း[၅/ပလန(နိုင်) ၀၅၀၂၅၃]၏သမီး မုံရွာမြို့ အလက (၂)(ထခွဲ)၊ ပထမတန်းမှ မအိမွန် အောင်၏အမည်မှန်မှာ မအိမွန်ကျော် ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင် မြို့နယ်၊ အထက၊ ထန်းသုံးပင် နဝမ တန်းမှ အဖ ဦးအောင်စိုး၏သမီး မယွန်းအိဇင်၏ မွေးသက္ကရာဇ်အမှန် မှာ (၃၁-၅-၂၀၀၄) ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ် ၇/က-၁၊ ၀.၂၂၄ ဧက၊ မြေကွက် တည်နေရာအမှတ်- ၆၈(က)၊ အုတ်ကျင်းဘုတာရုံလမ်း၊ ၁၆- ရပ်ကွက် ဦးကျန်ကျိန်(ခ)ဦးဘစိုး(UCC. No–2322/75)(29–12–75)(HLG–003764) အမည်ပေါက်မြေပိုင်မြေ (၃/ခ ရပြီး)မြေအား အမည်ပေါက်(ဖခင်)ဖြစ်သူ (၂၃-၁-၂၀၁၅) ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ကန်ရှုလု(ခ)ဒေါ်နုသည် (၅-၃-၂၀၁၅) ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန် ခဲ့သဖြင့်ကျန်ရစ်သူသားသမီးများ ဖြစ်ကြ သော အန်ပိုးကြူ(ခ)မနုနုစိုး[၁၂/လမန (နိုင်)၁၁၈၉၉၈]၊ အန့်မအေး(ခ)ဒေါ်အေး အေးမြင့် [၁၂/လမန(ပြု)၀၀၀၂၂၃]၊အီရန်(ခ) မသန်းသန်း[၁၂/လမန(ဧည့်)၀၀၀၃၀၅]၊ ဦးခွေးလေး[၁၂/လမန(နိုင်)၁၁၂၉၁၉]၊ ဦးမောင်မောင်လု[၁၂/လမန(နိုင်)၀၂၆၀၄၉]၊ ဒေါ်စန်းစန်း[၁၂/လမန(နိုင်)၀၃၆၄၅၂]၊ ဦးစိုးလှိုင်[၁၂/လမန(နိုင်)၀၂၄၇၉၉]နှင့် ဒေါ်ယဉ်ယဉ်ထွေး [၁၂/လမန(နိုင်) ၀၂၄၇၉၈]တို့က မိမိတို့(၈)ဦးသာ တရား ဝင် အမွေဆက်ခံခွင့်ရှိကြောင်းနှင့် အခြား သော အမွေဆက်ခံမည့်သူ တစ်ဦးတစ် ယောက်မျှမရှိကြောင်း ၂၅-၇-၂၀၁၉ ရက် စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန် လွှာ ၁-စောင်၊ ထောက်ခံကျမ်းကျိန်လွှာ ၂-စောင်၊သေစာရင်း ၂-စောင်၊ အမည်ပေါက် စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင် ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့ နယ်၊ အမှတ်(၁၉/က)ရပ်ကွက်နေ ဒေါ်မြင့်မြင့်ဝင်း၏သမီး မစုမြတ် ကေသီ(ခ)ဖူးဖူး[၁၂/ဒဂတ(နိုင်) ၀၈၈၄၄၄]သည် မိခင်၏ဆိုဆုံးမ မှုကိုနာခံမှုမရှိဘဲ မိမိ၏သဘော ဆန္ဒအလျောက် ၂၆-၁၀-၂၀၁၉ ရက်တွင် အိမ်မှဆင်း သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးတာဝန်ယူမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
(မိခင်)
ဒေါ်မြင့်မြင့်ဝင်း (ခ) အန်တီချို

မရမ်းကုန်း၊ မ-ဒဂုံ

မ-ဥက္ကလာ၊ တ-ဥက္ကလာ လုံးချင်းအိမ်၊ တိုက်ခန်းများ ဝယ်လို/ငှားလိုပါသည်။

ဖုန်း–၀၉-၄၅၃၃၀၀၁၁၉

ရောင်းမည်

ရွှေတောင်ကြား(၁) တက္ကသိုလ်ရိပ် သာလမ်းမကြီးနီး၊ ဗဟန်းပေ(၂၄x၆၃) ဘိုးဘွားပိုင်အမည်ပေါက် (အရှုပ်အရှင်း ကင်း) သိန်း(၅၀၀၀) 2BN(ညှိနှိုင်း)

Ph:09–456229761,09–776623433
09–798704880

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁)၊မြေကွက်အမှတ်(၁၈၂၉/ခ)၊မြေကွက်တည် နေရာအမှတ်(၁၈၂၉/ခ)၊ယခင်ဒု၃ဘဝ(၉)လမ်း၊ယခုဦးအောင်ဖေယု(၈)လမ်း၊ဘုရင့် နောင်ရပ်ကွက်၊ဒလမြို့နယ်၊ဦးမြမောင်အမည်ပေါက်ပါမစ်မြေအားဦးစိုးသိမ်း(MKE- ၀၀၆၁၃၇)ဝယ်ယူထားသော၁၁-၆-၁၉၉၁ရက်စွဲပါအရောင်းအဝယ်အရပ်ကတိစာ ချုပ်၊ဦးစိုးသိမ်း၏သေစာရင်းသွင်းမိတ္တူမှန်၊ဦးစိုးသိမ်းကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ် ခင်မူ(W/RGN-၀၁၈၉၂၄)၏ကျမ်းကျိန်ကတိသစ္စာပြုလွှာ၊(င)ဒေါ်ခင်မူ(W/RGN- ၀၁၈၉၂၄)ထံမှဒေါ်နှင်းရည်အောင်(၉/ခအစ(နိုင်)၀၀၅၁၃၉)ဝယ်ယူထားသော၂၀- ၅-၂၀၀၀ရက်စွဲပါအရောင်းအဝယ်အရပ်ကတိစာချုပ်တို့တင်ပြ၍ဒေါ်နှင်းရည်အောင် (၉/ခအစ(နိုင်)၀၀၅၁၃၉)မှပါမစ်မူရင်းတင်ပြ၍ရန်သစ်လျှောက်ထားလာမှုအားတရား ဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အ တွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/သမိုင်း)၊ မြေကွက်အမှတ် (၃/စ+၁၀/ထ) (၀.၁၄၇)ဧက မြေကွက်တည်နေရာအမှတ် (၃၃)၊ အောင်သိဒ္ဓိလမ်းသွယ်၊ (၁)၊အမှတ် (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်မြမြဝင်း (AC-၀၃၃၈၈၉)အမည်ပေါက် B (လယ်ယာစိုက်ပျိုးမှုမှအပ အခြားကိစ္စအသုံးပြုရန်)မြေအား အမည်ပေါက် မိခင် ဒေါ်မြမြဝင်းမှာ ၁၉-၁၀-၂၀၁၂ ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစိုးလွင်မှာ ၂၈- ၄-၂၀၁၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ သား/ သမီး (၂)ဦးဖြစ်သည့် ဦးညဏ်လွင် [၁၂/မရက(နိုင်)၀၇၉၆၂၆]နှင့် ဒေါ်တင်အေးလွင် [၁၂/မရက(နိုင်)၀၇၉၁၉၈]တို့မှ ၎င်းတို့(၂)ဦးမှာ ဒေါ်မြမြဝင်းနှင့် ဦးစိုးလွင်တို့၏ သား/ သမီးများတော်စပ်ကြောင်း၊ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ မိမိတို့သာ တရား ဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့(၂)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၂၇-၈-၂၀၁၉ ရက်စွဲဖြင့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်း ကျိန်လွှာ၊ ဒေါ်မြမြဝင်း၏ သေစာရင်း၊ ဦးစိုးလွင် ကွယ်လွန်ခြင်းအတွက် သေဆုံးသည်မှာ မှန်ကန်ကြောင်း အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မရမ်းကုန်းမြို့နယ်၏ ၂၅-၈-၂၀၁၉ ရက်စွဲပါ ထောက်ခံချက်၊ အမည်ပေါက်အရောင်းအဝယ်စာချုပ်အမှတ်-၆၆၀/၁၉၈၃ (၂၅-၈-၁၉၈၃)၊ ဦးစိုးလွင်၏ သေစာရင်းပထမ မိတ္တူမှန်တို့ကိုတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်တွင်နေထိုင်သော ဦးနေလင်း[၁၂/ကမရ(နိုင်)၀၂၆၆၆၂]-ဒေါ်နှင်းနု[၁၂/ကမရ(နိုင်)၀၃၅၈ ၇၇]တို့၏ သမီးကြီးဖြစ်သူ မဇာခြည်လင်း[၁၂/ကမရ(နိုင်)၀၄၈၂၅၁] သည် ဖခင်နှင့်မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ဆောင်ရွက်နေပါသဖြင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ အစပြု၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါ သည်။ နောက်နောင်တွင် မဇာခြည်လင်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စမဆို လုံးဝတာဝန်မယူ မသက်ဆိုင်ပါကြောင်းကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ
ဦးနေလင်း–ဒေါ်နှင်းနု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ စီဂျီ ၊မြေကွက်အမှတ်-(၆၅၇) ဧရိယာ (၂၀ × ၄၀)ပေ ရှိ ဦးမောင်မောင်တုတ် အမည်ပေါက် နှစ် (၆၀) ဝရန် မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်အရှေ့ ရပ်ကွက်၊ ဓားစေတီလမ်း၊ အမှတ်(၇၀)ဟုခေါ် တွင်သော (၆)ထပ်တိုက်၏ တတိယလွှာ (ဒုတိယထပ်) တိုက်ခန်း နှင့် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲ ပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးအောင်အောင် (၁၂/ဗဟန (နိုင်)၀၄၂၁၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်းနိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၄၅၄)
အမှတ်-၁၂၄၊ဒုတိယထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၅၁၄၃၁၇၀ ၊ P.C No.11182

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀) ပုဏ္ဏဝါလမ်း၊ မြေကွက်အမှတ် (၄၁၄) ၊ မြေအကျယ်အဝန်း (၄၀ပေ×၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဇေယျာရှင် (W/RGN_၀၀၀၂၀၀) အမည်ဖြင့် အမည်ပေါက်မှတ်သားထားရှိပြီး၊ အမည်ပေါက်ထံမှ ဦးရိုင်ရီ (၁၃/လလန(နိုင်) ၈၅၀၆၉၄)သည် "နှစ်ဦးသဘောတူ အဆက်ဆက်အထောက်အထားအရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူသူပိုင်ဆိုင်ထားပြီး၊ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာမြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တစ်ရံတစ်ခါ တစ်စိတ် တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မိမိတို့ အထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၅၀၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၀၈၆၃ ၊ ၀၉-၇၉၆၃၀၈၀၂

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

အထူးဂုဏ်ပလူဝမ်းမြောက်ခြင်း

PEACE MYANMAR ELECTRIC HOLDING 25TH ANNIVERSARY အား
(၁-၁၁-၂၀၁၉) သောကြာနေ့တွင် NOVOTEL YANGON MAX HOTEL (YANGON BALLROOM)
တွင် အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းလျှက် ...

- U Aik Htun (Chairman) Shwe Taung Development Co.,Ltd.
- U Mi (Managing Director) Shwe Mi Industrial Co.,Ltd.
- U Aung Thein (Managing Director) Aung Thike Co.,Ltd.
- U Kyaw Aung (Managing Director) Comet Co.,Ltd.
- Dr. Maung Maung Aye (Managing Director) Mon Hlett Kalaw Co.,Ltd.
- U Shi Yos Chen (Managing Director) Golden Circle Co.,Ltd.
- U Ohn Saing (Director) New Golden Gate (1991) Co.,Ltd.
- U Kyin Tun (Managing Director) Newest Garment Manufacturing Co.,Ltd.
- U Maung Maung Gyi (Managing Director) Maung Maung Gyi Construction & Trading Co.,Ltd.
- U Hay Win (Director) Shwe Thazin Investment Co.,Ltd.
- U Tin Latt (Managing Director) Sein Diamond Industrial & Commercial Co.,Ltd.
- U Myint Maung (Managing Director) Htwe Plastic Bag Enterprise
- U Htay Yin (Managing Director) Smile World Co.,Ltd.
- U Andrew Han Thein (Founder & CEO) IQ Vision Eye Care
- U Su Wai (Managing Director) New Strength Co.,Ltd.
- U Tun Lwin (Managing Director) Shwe Mo Co.,Ltd.
- U Zaw Moe Khine (Managing Director) Pacific AA Group
- U Zayar Aung (Managing Director) Super One Co.,Ltd.
- U Soe Paing (Chairman) Paing Family International Co.,Ltd.

SAFETY နဲ့ပတ်သက်ရင်ဘာပဲလိုလိုဖုန်းဆက်လိုက်ပါ။

- Safety ပစ္စည်းတွေကို ဖုန်းဆက်ရုံနဲ့ နမူနာလာပြပေးတယ်
- ပစ္စည်းကြိုက်ရင် လုပ်ငန်းခွင်အရောက်ပို့ဆောင်ပေးတယ်
- ဈေးလေသက်သာတယ်၊ အရည်အသွေးလေကောင်းတယ်
- အရေအတွက်များရင် နယ်ဆိုက်တွေအရောက် ပို့ပေးတယ်

FIRST SAFETY COMPANY

09-426777800
09-426777500

(1)No. 83/A, WaiZanYanTar Rd, NgweKyarYan 5 St,South Okkalapa. 01-2333134, 8564440
(2)No. 86/A, Lay Daunt Kan Rd, Tarmwe. PH:09-426777100, 09-426777200

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးလီယိုဘားနတ်[၁၂/ကတဘ(နိုင်)၀၁၂၄၁]ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မဂ်လာတောင်ညွှန့်မြို့နယ်၊ လမ်း(၁၃၀)၊ အမှတ်(၆၃)၊ (၇)လွှာတိုက်ခန်းကို ဒေါ်လှစိန်[၁၂/မဂတ(နိုင်)၀၈၆၃၀၂]အား အရောင်းအဝယ်ပြုလုပ်ပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မစ၍(၇)ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးလီယိုဘားနတ်
ဖုန်း-၀၉၇၃၃၆၆၀၃၁

အမည်မှန်

မော်လမြိုင်မြို့နယ်၊ ကော့တွန်ကျေးရွာအုပ်စု၊ ဇွယ်ရကျွန်းကျေးရွာနေ ဒေါ်တင်တင်ထွေး(ခ)မိုးယဉ် [၁၀/မလမ(နိုင်)၁၃၇၈၇၇]၏အမည်မှန်မှာ ဒေါ်တင်တင်ထွေးဖြစ်ပါသည်။

ဒေါ်တင်တင်ထွေး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြို့မလမ်းနှင့် အောင်မေတ္တာလမ်းထောင့်၊ အိမ်အမှတ်(၄၈၁)၊ ပေ(၄၀x၆၀)အကျယ် အဝန်းရှိ ဒေါ်ခင်ပြုံးရီနှင့် ဦးဇော်မင်းထွန်း အမည်ပေါက်နှစ်(၆၀)ဂရန်ရှိအိမ်မြေကွက်ဟု ခေါ်တွင်သည့် ရေ၊ မီးစုံလင်စွာပါရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ် ရှိအိမ်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်ပြုံးရီ[၇/ပမန(ဧည့်)၀၀၀၀၈၂]နှင့် ဦးဇော်မင်းထွန်း[၇/ပမန(နိုင်)၀၁၇၆၂၅]တို့ထံမှ ကျွန်ုပ်မှ အပြီးအုပ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည် အဆိုပါဂရန်မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောနည်ရွှေလှိုင် [၁၂/တမန(နိုင်)၀၇၅၃၆၀]
ဖုန်း-၀၉-၂၆၅၂၄၄၇၊ ၀၉-၄၅၂၅၀၄၉၅

ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၅/အလင်းရောင် မြို့ကွက်သစ်(၁)၊ မြေကွက်အမှတ်(က-၇)၊ မြေဧရိယာ(၀.၀၅၅)ကေရှိဦးသန်းလွင် အမည်ပေါက် မြို့မြေကွက်အား ဦးသက်နိုင် (၁၁) ဦးစိုးမြင့် [၉/လဝန(နိုင်)၀၃၆၅၄၅]မှ မြေနေရာချထားမိန့်၊ အရောင်းအဝယ်ကတိစာချုပ် ဝယ်ယူပိုင်ဆိုင်ကြောင်း ကျွမ်းကျိန်လွှာ၊ ကိုယ်တိုင် ကတိဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေဌားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဌားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော် စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုလဲမြို့နယ်၊ ကံကြီးကျေးရွာနေ မောင်သူရအောင် [၅/ပလန(နိုင်)၁၄၁၅၈]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၅၈၇၃

ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ယာကြီးကျေးရွာနေ မောင်ကျော်ဝင်းထွန်း [၅/ကနန(နိုင်)၀၅၀၁၁၀]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၅၈၇၃

ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ရွာမရွာနေ မောင်မင်းထွန်း[၅/ကနန(နိုင်)၀၅၃၃၀၂]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၅၈၇၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၉၇၉/က)၊ မြေကွက်တည်နေရာအမှတ်(၉၇၉/က)၊ ယသဝတီ(၁၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြသောင်း (EMDY-၂၆၄ဖစ၃)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြသောင်း (EMDY-၂၆၄ဖစ၃)သည် ၂၉-၅-၂၀၀၃ ရက်တွင်လည်းကောင်း၊ ဇန်းဒေါ်သန်းရွှေသည် ၃၀-၈-၁၉၉၇ ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်ရီ [၁၂/ဥကတ(နိုင်)၀၆၁၃၈၀]၊ ဒေါ်ခင်စန်းရီ [၁၂/ဥကတ(နိုင်)၀၆၁၅၅၅]၊ ဦးစိန်ဝင်း [၂/၁မဆ(နိုင်)၀၅၉၀၅၃]၊ ဒေါ်ခင်မာကြည် [၁၂/ဥကတ(နိုင်)၀၆၁၄၀၄]၊ ဒေါ်ခင်မာရီ [၁၂/မဂတ(နိုင်)၀၄၀၂၈၁]တို့မှ သား၊ သမီးများ တော်စပ်ကြောင်း မဂ်လာတောင်ညွှန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ်- ၆/ ၁၇၅၀ (၂၈-၆-၁၉)၊ သေဓာရင်းများ အိမ်ထောင်စုစာရင်းများနှင့် ဦးမြသောင်း အမည်ပေါက်ဂရန်မှရရှိတိုတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်း တာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးလီယိုဘားနတ်[၁၂/ကတဘ(နိုင်)၀၁၂၄၁]ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မဂ်လာတောင်ညွှန့်မြို့နယ်၊ လမ်း(၁၃၀)၊ အမှတ်(၆၃)၊ (၇)လွှာတိုက်ခန်းကို ဒေါ်လှစိန်[၁၂/မဂတ(နိုင်)၀၈၆၃၀၂]အား အရောင်းအဝယ်ပြုလုပ်ပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မစ၍(၇)ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးလီယိုဘားနတ်
ဖုန်း-၀၉၇၃၃၆၆၀၃၁

သမီးအဖြစ်မှ အမွေပြတ်ခွဲနှင့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်းမကြီး၊ အမှတ်(၂၉၉)၊ (ဃ)ရပ်ကွက်နေ ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မဝင်းမင်းသန်း[၁၂/ဥကမ(နိုင်)၁၄၈၃၁၅]သည် မိဘများ၏ဆိုဆုံးမမှုကိုမခံယူဘဲ မိဘများစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူနေခြင်းကြောင့် ယနေ့မစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ရင်းနှင့်ပတ်သက်သည့် လူမှုရေးအရှုပ်အရှင်းများအပါအဝင် မည်သည့်ကိစ္စမျိုးကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင် - ဦးသန်းဝင်း[၁၂/ဥကမ(နိုင်)၁၇၅၃၀၇]
မိခင်- ဒေါ်ခင်ဌေးဦး[၁၂/ဥကမ(နိုင်) ၀၁၃၄၅၅]

ပျောက်ဆုံးကြောင်း

ဦးအောင်ထွန်း [၁၂/ဗတထ(နိုင်)၀၀၀၄၁]အမည်ဖြင့် တင်သွင်းလာသော ကားတစ်စီး၏ ID No. 157314 (8-11-2013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးသူရိန်ဝင်း
ဖုန်း-၀၉-၇၉၈၁၂၆၃၁၄

ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ လက်လှုပ်(တ)ရွာနေ မောင်ကျော်သက်[၅/ဒပယ(နိုင်)၁၂၃၀၉၁]၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၅၈၇၃

ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ရွာမရွာနေ မောင်ဇော်ဝင်းအောင်[၅/ကနန(နိုင်)၀၆၃၁၀၂]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၅၈၇၃

ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ရွာမရွာနေ မောင်မင်းထွန်း[၅/ကနန(နိုင်)၀၅၃၃၀၂]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၅၅၈၇၃

မီးသတိပြု

လက်ထပ်မင်္ဂလာဆုမွန်လွှာ

မောင်ပြည့်ဖြိုးအောင်+မဌွန်စာစံ (M.K.T Construction Co.,Ltd)
နှင့်
မောင်ကျော်ခင်+မချစ်မွှေးဝိုင် (M.K.T Construction Co.,Ltd)

တို့၏ ၃.၁၁.၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရွှေလက်တွဲ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ချစ်ခွင်သောအနာဂတ်၊ သာယာသောနေ့ရက်များ ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမျိုးမြင့်(ဥက္ကဋ္ဌ)
M.K.T Construction Co.,Ltd
ဝန်ထမ်းမိသားစု

International Rubber Research & Development Board (IRRDB) International Rubber Conference 2019 နှင့် Annual Meeting 2019 ကို အောင်မြင်စွာ စီစဉ်ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်းပြီး (IRRDB) International Rubber Conference 2019 ကို ၃၀-၉-၂၀၁၉ နှင့် ၁-၁၀-၂၀၁၉ ရက်များတွင် မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်၌လည်းကောင်း၊ ၃-၁၀-၂၀၁၉ နှင့် ၄-၁၀-၂၀၁၉ ရက်များတွင် IRRDB Annual Meetings Lustre Hotel ပုဂံ၌ လည်းကောင်း အောင်မြင်စွာစီစဉ်ကျင်းပနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
- တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြို့နယ်အသင်းများ
- ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြို့နယ်အသင်းများ
- ကချင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြို့နယ်အသင်းများ
- ပဲခူးတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြို့နယ်အသင်းများ
- ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း
- ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း
- ဒေါဒေသ၊ မြိတ်မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း
- Southland Myanmar Rubber Co., Ltd.
- Pho La Min Trading Co., Ltd.
- Shwe Yaung Pya (Max Myanmar Group of Companies)
- ရေစက်တောင်ရော်ဘာခြံ(သံဖြူဇရပ်)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ၊ ရန်ရှင်းလမ်း၊ အမှတ်(၂၃)၊ Space Yankin Condo ရှိ Basement ပါသော RC (၁၂)ထပ်ခွဲတိုက်မှ တိုက်အမှတ်(B)၊ ၅-လွှာ၊ အခန်းအမှတ်(၅၀၅)၊ ဧရိယာ(၁၅၇၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စပ်အောင်မြ (ခ) ဒေါ်နန်းအမရာ[၁၂/အလန(နိုင်)၀၃၃၀၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ဖြိုးသိမ်း[၁၀/မလမ(နိုင်)၁၇၆၆၂၂]၊ ဒေါ်သက်ဟေမာန်ဇော်[၁၃/တကန(နိုင်)၁၉၅၅၁၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ဖြိုးသိမ်းနှင့် ဒေါ်သက်ဟေမာန်ဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)	တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)
Ph-09-450023651	Ph-09-254508917	Ph-09-421157856

Level(၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Tower ၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ဦးပိုင်အမှတ်(၁၈)၊ ကွင်းအမှတ်(၇၂၅)၊ ဧရိယာ(၀.၀၃၆၂) ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ခင်[၉/မရမ(နိုင်)၀၂၁၁၁၉](EMLY- ၂၆၀၉၈၁)၊ ဒေါ်ခင်ဝင်း[၉/မရမ(နိုင်)၀၂၁၁၂၀] (DL-၀၀၈၁၉၄)၊ ဦးကျော်မျိုးအောင်[၉/မရမ(နိုင်) ၀၈၂၆၁၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်သင်းဦး[၉/မရတ(နိုင်)၁၀၃၄၇၁]၊ ဒေါ်မြင့်မြင့်အေး [၉/မနမ(နိုင်)၀၃၀၂၅၇]၊ ဦးကျော်မင်းနိုင်[၉/မကန(နိုင်)၁၃၄၅၅၂]၊ ဒေါ်နီနီမာယာ[၉/မကန(နိုင်) ၀၉၉၄၆၆]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်သင်းဦး၊ ဒေါ်မြင့်မြင့်အေးနှင့် ဦးကျော်မင်းနိုင်၊ ဒေါ်နီနီမာယာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉) ရပ်ကွက်၊ အောင်တံခွန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၅)၊ မြေကွက်အမှတ် (၉၆၂/ခ)၊ မြေအမျိုးအစားပါမစ်၊ မြေအမည်ပေါက် ဒေါ်ကြည်၊ အကျယ်အဝန်း (၂၀x၆၀)ပေ မြေကွက် (ယခင်) ဒေါ်တင့်ခဲ့သည့် အမှတ် (၉၆၂/ခ) အောင်သုခလမ်း၊ (၅/၁၄) ရပ်ကွက်ရှိ မြေကွက်အား အကျိုးခံစားခွင့်ရှိသူ ဒေါ်ကလိုပီ (ခ) ဒေါ်အေး(KKK-၁၃၈၈၆၁)က တရားဝင် ဝယ်ယူခဲ့သူဖြစ်၍ ရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ မအေးအေးခိုင် [၈/ပဖန (နိုင်) ၁၄၀၇၇၈]မှ ရောင်းဖိုးငွေ အပြေအကျေပေးချေခဲ့ပြီး ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြဆွေး (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၄၁)
ဖုန်း-၀၉-၇၉၀၆၉၉၂၆၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အခြေခံကျောင်းသုံးစာအုပ်များ ခရိုင်အသီးသီးသို့ ပို့ဆောင်နိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ရိုက်နှိပ်သော အခြေခံကျောင်းသုံးပြဌာန်းစာအုပ်များအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပုံနှိပ်စက်ရုံများမှ မြန်မာပြည်အနှံ့အပြားရှိ ခရိုင်စုစုပေါင်း (၆၄)ခရိုင်သို့ ပို့ဆောင်နိုင်ရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၁၁-၂၀၁၉ရက်နေ့မှ ၁၉-၁၁-၂၀၁၉ရက်နေ့အထိ နေ့စဉ် (ရုံးပိတ်ရက်အပါ) (၉:၃၀) နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁၁-၂၀၁၉ရက်နေ့ (၉:၃၀)နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန	ကျောင်းသုံးပြဌာန်းစာအုပ်
ပြန်ကြားရေးဝန်ကြီးဌာန	တင်ဒါလက်ခံရေးနှင့်
ရုံးအမှတ်(၇)၊ နေပြည်တော်	စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	ပြန်ကြားရေးဝန်ကြီးဌာန
	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စက်ရုံ	ပမာဏ (တန်)	တင်ဒါဖွင့်မည့် နေ့	တင်ဒါဖွင့်မည့် နာရီ	တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် နေ့	တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် နာရီ
အမှတ်(၄)ဓာတ်မြေသြဇာ	၂,၅၀၀	၁၀-၁၂-၂၀၁၉	၁၄:၀၀	၁၀-၁၂-၂၀၁၉	၁၂:၀၀
စက်ရုံ(မြောင်းတကာ)	၂,၅၀၀	၁၇-၁၂-၂၀၁၉	၁၄:၀၀	၁၇-၁၂-၂၀၁၉	၁၂:၀၀
အမှတ်(၅)ဓာတ်မြေသြဇာ	၂,၅၀၀	၁၀-၁၂-၂၀၁၉	၁၄:၀၀	၁၀-၁၂-၂၀၁၉	၁၂:၀၀
စက်ရုံ(ကန်ကြီးထောင့်)	၂,၅၀၀	၁၇-၁၂-၂၀၁၉	၁၄:၀၀	၁၇-၁၂-၂၀၁၉	၁၂:၀၀

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၉၉/ခ၊ မြေကွက်တည်နေရာအမှတ် ၉၉(ခ)၊ ၇ ရပ်ကွက်၊ ဟားခါး(၁) လမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (ဦးအောင်ကျော်) အေအေ-၁၀၂၇၃၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကျော် (အေအေ-၁၀၂၇၃၈) ထံမှ ပိုင်ဆိုင်စာချုပ် ၆၃၉၈၊ ၂၈-၆-၂၀၁၉ ဖြင့် ရရှိသူ ဒေါ်ကြည်ကြည်အုန်း [၁၂/မရက(နိုင်)၀၆၉၈၄၄]၊ ဒေါ်ရီရီဝင်း [၁၂/မရက(နိုင်)၀၇၁၃၉၅]၊ ဦးတင်အောင်လှိုင် [၁၂/ဒဂရ(နိုင်) ၀၁၂၄၉၁] တို့ထံမှ နှစ် (၆၀) မြေငှားဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်နှင့် နှစ်(၆၀) ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်တိုက် (၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ ဒေါ်ကြည်ကြည်အုန်း၊ ဒေါ်ရီရီဝင်း၊ ဦးတင်အောင်လှိုင်တို့မှ ဂရန်မိတ္တူတင်ပြ၍ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် [illegible] (ISN-119152) [illegible] ကန့်ကွက်နိုင်ကြောင်း [illegible] အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် [illegible] ကန့်ကွက်နိုင်ကြောင်း [illegible] အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ASIA LAND 09-5041674,09-43089567,09420095089

ဒဂုံဆိပ်ကမ်း၊ ရတနာအိမ်ရာ	100'x100' မြေ ပါမစ်	2800သိန်း
တ-ဥ၊ သစ္စာလမ်းမ	40'x60' မြေ ဂရန်	7500သိန်း
အောင်မြေသာစည်အိမ်ရာ	65'x80 RC2	8500သိန်း
အလုံမြို့နယ်	70'x60' မြေ ဂရန်	10500သိန်း
သဃ်န်းကျွန်း၊ ရတနာလမ်းမ	40'x90' မြေ ဂရန်	12800သိန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဓာတ်အားခွဲရုံ/လိုင်းပစ္စည်းများဝယ်ယူခြင်း၊ ဓာတ်အားခွဲရုံ/လိုင်းများတည်ဆောက်ခြင်း (Turnkey)နှင့် လမ်းမီးများ တည်ဆောက်ခြင်း (Turnkey) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဓာတ်အားခွဲရုံ/လိုင်းပစ္စည်းများဝယ်ယူခြင်းအတွက်
- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၉ရက်(သောကြာနေ့)
- တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် - ၂၅-၁၁-၂၀၁၉ ရက်(တနင်္လာနေ့)
- တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၁၂-၂၀၁၉ ရက်(တနင်္လာနေ့) (၁၅:၀၀)နာရီ

(ခ) ဓာတ်အားခွဲရုံ/လိုင်းများတည်ဆောက်ခြင်းလုပ်ငန်းများအတွက် (Turnkey)
- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၉ရက်(သောကြာနေ့)
- တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် - ၂၅-၁၁-၂၀၁၉ ရက်(တနင်္လာနေ့)
- တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၁၂-၂၀၁၉ ရက်(တနင်္လာနေ့) (၁၅:၀၀)နာရီ

(ဂ) လမ်းမီးများတည်ဆောက်ခြင်းလုပ်ငန်းများအတွက် (Turnkey)
- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၉ရက်(သောကြာနေ့)
- တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် - ၂၅-၁၁-၂၀၁၉ ရက်(တနင်္လာနေ့)
- တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၁၂-၂၀၁၉ ရက်(တနင်္လာနေ့) (၁၅:၀၀)နာရီ

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ **(၂၁-၁၀-၂၀၁၉)ရက်ထုတ် မြန်မာ့အလင်း/ကြေးမုံသတင်းစာပါ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ဤကြေညာစာဖြင့် အစားထိုးလိုက်သည်။**

၄။ အသေးစိတ်အချက်အလက်များစုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ယူခြင်းများကို ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး(ပဲခူးမြို့) အင်ဂျင်နီယာဌာန၊ ဖုန်း-၀၅၂-၂၂၂၂၂၈၇ သို့ ရုံးချိန်အတွင်းဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းသက်ဆိုင်သူနှင့် အများသိစေရန်

